ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 July 2021 ၁၀၄၂၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စိစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၃

၂၀၂၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်ခင်မေရီ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

ပန်ဒိုရာသေတ္တာပွင့်ခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက် စာမျက်နှာ » ၆

အောင်မြင်သော ခရီးစဉ်တစ်ခု စာမျက်နှာ » ၁၀

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့ကို နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ စာမျက်နှာ » ၁၁

ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသပေါင်း ၉၈ ခုသို့ ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက် ပြန့်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ သတိပေး စာမျက်နှာ » ၁၂

ကြေးမုံ

# အဖျက်အမှောင့်ကင်းဝေးမှ ငြိမ်းချမ်းသာယာ

နိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲဖြစ်ခဲ့သည်ကို အကြောင်းပြု၍ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ ဖြစ်ပေါ်လာပြီးနောက် များမကြာမီတွင် ဆူပူဆန္ဒပြမှု၊ အကြမ်းဖက် ဆန္ဒပြမှု၊ ထိုမှအကြမ်းဖက်တိုက်ခိုက်မှုများ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာသည်။ ထိုသို့ဖြစ်ပေါ်ရာတွင် ပြည်သူလူထုအတွင်း၌ နိုင်ငံရေးအရ မတူကွဲပြားမှုနှစ်ဖက်နှင့် အေးချမ်းစွာနေထိုင်လိုကြသူများနှင့် အခွင့်အဖျက်သမားများဟူ၍ အုပ်စုကွဲများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းတို့တွင် အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများမှာ အများစုဖြစ်သည်။

ထိုကွဲပြားခြားနားသောအုပ်စုများတွင် နိုင်ငံရေးကိုအကြောင်းပြု၍ အစွန်းရောက်နိုင်ငံရေးသမားများ၊ အဖျက်သမားများပေါ်ပေါက်လာသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူလူထုတို့ကို အကြောက်တရားများ လွှမ်းမိုးလာစေရန်နှင့် မိမိတို့ဝါဒလုပ်ရပ်များနှင့်မတူသူများအား ရန်သူဟူ၍ သတ်မှတ်ပြီး အစွန်းရောက်လက်နက်ကိုင်အကြမ်းဖက်သမားများက သေနတ်၊ ဗုံး၊ တုတ်၊ ဓားလက်နက်များအသုံးပြုကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်သမားအုပ်စုများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

ဆူပူအကြမ်းဖက်သမားများနှင့် အစွန်းရောက်ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံအားပေးသူများအနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရအုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအပါအဝင် အစိုးရပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို အဆက်မပြတ်လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူပြီး အကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မတ်လ ၅ ရက်နေ့မှစ၍ ဇွန်လ ၂၄ ရက်နေ့အတွင်း နိုင်ငံအတွင်းရှိ မြို့နယ်အချို့မှ အသိအမြင်လွဲမှားပြီး စိတ်ခံစားချက်ပြင်းပြသူများ၊ နိုင်ငံရေးအရ စည်းရုံးသိမ်းသွင်းခံရသူအချို့သည် နယ်စပ်ဒေသမှ လက်နက်ကိုင်အဖွဲ့အချို့ထံသို့ သွားရောက်ကာ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ပြီး ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ကာ ဗုံးဖောက်ခွဲဖျက်ဆီးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ယင်းတို့အနက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ပြီး ပြန်လည်ဝင်ရောက်လာသူအဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့များက လက်ဦးမှုယူ၍ ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ထိုသို့ဖမ်းဆီးရမှုများတွင် အကြမ်းဖက်ဖျက်ဆီးသူများ သယ်ဆောင်လာသည့် လက်နက်ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများအား အဆိုပါကာလအတွင်း အမြောက်အမြား ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ ပြည်သူများနှင့်အဆောက်အအုံများအား ဖျက်ဆီးမှုမရှိစေရေးအတွက် အကြမ်းဖက်အဖျက်သမားများအား စွန့်စွန့်စားစား ရှာဖွေဖော်ထုတ် ဖမ်းဆီးရမိသောကြောင့် အများပြည်သူများ ထိခိုက်ပျက်စီးစေမည့် ကြံစည်လုပ်ဆောင်မှုများကို အချိန်မီတားဆီးနိုင်ခဲ့ပေသည်။

ပြည်သူများနှင့်မြို့ရွာများ ထိခိုက်နစ်နာစေမည့်ဖြစ်စဉ်များကို NLD ပါတီမှ အမာခံများ၊ အစွန်းရောက်များ၊ အစွန်းရောက်ဝန်းရံသူများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် CRPH အဖွဲ့၊ NUG အဖွဲ့နှင့် ၎င်းတို့လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် KNU နယ်မြေအတွင်း ဖောက်ခွဲရေးသင်တန်းများဖွင့်လှစ်နေသော အမာခံနှင့် ပါဝင်ဆက်နွှယ်နေသူများကို ဖော်ထုတ်ရရှိခဲ့သည်။ ဖော်ပြပါအဖျက်လုပ်ရပ်ဖြစ်စဉ်များတွင် အဓိကအဖျက်သမားအမာခံများနှင့် အကြမ်းဖက်လုပ်ရပ်တွင် ပါဝင်ပတ်သက်သူ တရားခံ ၁၇၃ ဦးကို လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ အာပီဂျီဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်ရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမနား စွန့်စွန့်စားစားဖြင့် အကြမ်းဖက်အဖျက်သမားများအန္တရာယ်မှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာ မြို့ရွာများ အေးချမ်းသာယာပြီး ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စိတ်ချလက်ချ သွားလာလုပ်ကိုင်နေထိုင်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ မသင်္ကာဖွယ်ရာ အဖျက်လုပ်ရပ်များ တွေ့ရှိပါက မြို့ရွာများရှိ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့များအား သတင်းပေးပို့ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ္တခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်တတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ) ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် မိုးရာသီကာလ သစ်ပင်စိုက်ပွဲကျင်းပ

**မုံရွာ ဇူလိုင် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ) ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်း(ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ပင်လည်ဘူး)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ကသာ) စုစုပေါင်း သင်တန်းကျောင်း ၁၅ ကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ



အခမ်းအနားများကို သက်ဆိုင်ရာကျောင်းအလိုက် ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ၅၃၅ ပင်၊ အရိပ်ရ လေကာပင် ၁၃၀ နှင့် နှစ်ရှည်ပင် ၂၀၅ ပင် စုစုပေါင်းအပင် ၈၇၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော် ငလိုက်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ သဘာဝ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း နှစ်လက်မအရွယ်



ငါးသားပေါက်ကောင်ရေ သိန်း ၄၀ ကို ဒေသတွင်းငါးရိက္ခာများ ပိုမိုထုတ်လုပ်စားသုံးနိုင်ရေးအတွက် မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေးနှင့် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် အဖွဲ့ဝင်များ၊ ဥတ္တရခရိုင်ဦးစီးဌာနမှူး ဦးဇော်သန်း(လက်ထောက်ညွှန်ကြားရေးမှူး)၊ ရေဆင်းငါးစခန်းတာဝန်ခံ ဦးစိုးပိုင် (လက်ထောက်ညွှန်ကြားရေးမှူး)၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငလိုက်ဆည်မှတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဒေသခံများစုပေါင်း၍ ဥတ္တရခရိုင် ငလိုက်ရေလှောင်တမံအတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၈၀၀၀၀ အား ယနေ့နံနက်ပိုင်းတွင် ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်း |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား

**အားလုံးမင်္ဂလာပါ –**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၁ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် နေ့ထူးနေ့မြတ်ဖြစ်တဲ့ **မြန်မာအမျိုးသမီးများနေ့မှာ မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်း** ပြောကြားလိုပါတယ်။

အမျိုးသမီးများနေ့နဲ့ပတ်သက်လို့ မကြာသေးမီက မတ်လ (၈)ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို မြန်မာနိုင်ငံမှာလည်း အခြားနိုင်ငံများနည်းတူ ကျင်းပခဲ့ပါတယ်။ ဒါကတော့ ၂၀ ရာစုအစောပိုင်းမှာ အမျိုးသမီးများရဲ့ အခွင့်အရေးများကို တောင်းဆိုခဲ့ကြရာမှအစပြုပြီး ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာနေ့တစ်နေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင် အသိအမှတ်ပြုပြီး ကျင်းပပေးခြင်းဖြစ်ပါတယ်။

မြန်မာအမျိုးသမီးများနေ့ကတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်လည်ကြည့်မယ်ဆိုရင် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခဲ့တဲ့ အစဉ်အလာကောင်းများရှိခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံးမှာလည်း လွတ်လပ်ရေးအတွက် အမျိုးသားများနဲ့ တန်းတူလက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသားရေးလှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးခေါင်းဆောင်တွေဟာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဂုဏ်ယူမဆုံးဖြစ်ရတဲ့ သမိုင်းမှတ်ကျောက်တွေပဲဖြစ်ပါတယ်။

လက်ရှိမျက်မှောက်ကာလမှာလည်း မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်အသီးသီးမှာ ခေတ်အဆက်ဆက် ကြီးမားလေးနက်တဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ အမျိုးသမီးတွေဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွေမှာ ဦးဆောင်နေကြတာ တွေ့ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ကဏ္ဍအသီးသီးအတွက် ဖွဲ့စည်းထားတဲ့ ကော်မရှင်နဲ့ ကော်မတီများမှာ အမျိုးသမီးများပါဝင်နေတာကို တွေ့ရှိရမှာဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးကဏ္ဍမှာလည်း အမျိုးသမီးတွေပါ ပါဝင်ထမ်းရွက်နေကြပြီဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာ၊ ကာကွယ်ရေး၊ လုံခြုံရေးစတဲ့ နယ်ပယ်အသီးသီးမှာ ပေါ်ထွက်ခဲ့တဲ့ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့အတူ မြန်မာအမျိုးသမီးထုအားလုံးကို အသိအမှတ်ပြုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး အခုလို နိုင်ငံတော်အခမ်းအနားအဖြစ် ကျင်းပဂုဏ်ပြုရခြင်းဖြစ်ပါတယ်။



မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံပြီး ခန့်မှန်းတွက်ချက်ထားမှုအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့ရှိ ခန့်မှန်းလူဦးရေ စုစုပေါင်း (၅၅.၁) သန်းခန့်ဟု သိရပါတယ်။ အမျိုးသားဦးရေ (၂၆.၄) သန်းခန့်နှင့် အမျိုးသမီးဦးရေ (၂၈.၇) သန်းခန့်ကို ခန့်မှန်းခဲ့တာကြောင့် အမျိုးသမီးပါဝင်မှု လူဦးရေမှာ (၅၂.၁၃) ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး ဦးတည်ချက်များ အကောင်အထည်ဖော်ဖို့၊ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့၊ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့ စတဲ့လုပ်ငန်းရပ်တွေ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ဆိုရင် အမျိုးသမီးတွေရဲ့စွမ်းအားနဲ့ စွမ်းဆောင်မှုတွေဟာ အလွန်အရေးကြီးကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ကဏ္ဍပေါင်းစုံမှ အမျိုးသမီးတွေ ပါဝင်နိုင်ဖို့ အခွင့်အလမ်းပေါင်းစုံနဲ့ တန်းတူညီမျှ လုပ်ဆောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတော်ရဲ့ အဓိကစွမ်းအားစုကြီးဖြစ်တဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်စေဖို့၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ တန်းတူညီမျှရရှိစေဖို့အတွက် ၁၉၉၅ ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံက အတည်ပြုချမှတ်ခဲ့တဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း (Beijing Declaration)နဲ့ ဘေဂျင်းလုပ်ငန်းစီမံချက်၊ ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All forms of Discrimination Against Women–CEDAW)၊ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals–SDGs) စတဲ့ နိုင်ငံတကာအဆင့် ကတိကဝတ်ပြုထားမှုတွေကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်လျက်ရှိပါတယ်။

အဲ့ဒီလို အကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားရေးနဲ့ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ **နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားဖြစ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီ** အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

နယ်ပယ်ရပ်အားလုံးမှာ အမျိုးသမီးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) ကို ဦးစားပေးလုပ်ငန်းနယ်ပယ် (၁၂)ရပ်ကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)**နဲ့လည်း ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိပါတယ်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နဲ့ စောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)** ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့အနေနဲ့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှေ့ပိုင်းမှာ ပြောကြားခဲ့တဲ့ ပုံမှန်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသလို လက်ရှိအချိန်ကာလလို ကမ္ဘာ့ကပ်ရောဂါ COVID– 19 ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများကနေ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာမှာလည်း အမျိုးသမီးများနဲ့ သက်ဆိုင်တဲ့အခန်းကဏ္ဍကို နောက်ကျန်မနေစေဖို့ **COVID–19 ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်** (COVID–19 Economic Relief Plan–CERP) ကို ရေးဆွဲအကောင်အထည်ဖော်မှုတွေမှာလည်း ကျား၊ မ တန်းတူညီမျှမှုရရှိရေးနဲ့ ငယ်ရွယ်သူများအပါအဝင် အမျိုးသမီးများအားလုံး စွမ်းပကား တိုးမြှင့်စေရေး ဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားထားကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

ဒါ့ကြောင့် ကျား၊ မ ရေးရာတန်းတူညီမျှမှုနဲ့ ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ကာ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားလာနိုင်စေမယ့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ လူမှုရေးရာဝန်ဆောင်မှုများနဲ့ လုပ်ထုံးလုပ်နည်းများကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့

- အမျိုးသမီးများရဲ့ လူမှုဘဝဖွံ့ဖြိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ သက်ဆိုင်တဲ့လုပ်ငန်း အစီအစဉ်များ၊ စီမံကိန်းများ၊ စီမံချက်များ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ပေးကြပါ။
- ဒီလို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်ကြစေဖို့ နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူများနဲ့ အမျိုးသမီးထုကြီးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ။
- မြန်မာအမျိုးသမီးများသည် အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး ကဏ္ဍစုံမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ဗဟုသုတ လေ့လာပြည့်စုံစေရေး၊ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝရေးကို ကြိုးပမ်းအားထုတ်ကြပါ။
- ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြတဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုတွေကို လေးစားဂုဏ်ယူအားကျအတုယူပြီး မျိုးဆက်သစ် မြန်မာအမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုနဲ့ စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်းအားထုတ်ပေးကြပါလို့ အလေးအနက်တိုက်တွန်းမှာကြား အပ်ပါတယ်။

စွမ်းဆောင်ရည်ပြည့်ဝတဲ့ မြန်မာအမျိုးသမီးများ တိုးပွားသည်ထက် တိုးပွားပြီး နိုင်ငံနဲ့လူမျိုးအကျိုးကို မြင့်မားသည်ထက် မြင့်မားရလေအောင် ဆောင်ရွက်နိုင်ကြပါစေ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ၂၀၂၀ ပြည့်နှစ် ထူးချွန်အမျိုးသမီးအရာရှိ ဆုရရှိသူ အမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇)မှ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်ပေရယ်ချို (ရေ-၅၆၁၂)အား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ၂၀၂၀ ပြည့်နှစ် ထူးချွန်အမျိုးသမီး ရဲမေဆုရ ဒုတိယရဲမှူးကြီး ဝင်းနီလာအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ရွှေ့ဖုံးမှ**

ဒေါက်တာမာလာအောင်နှင့် ဒေါ်နန်းစန္ဒာစမ်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်းနှင့် ဦးအောင်ထွန်းခိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဇနီး၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကား**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က video message ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဆင့် ကတိကဝတ်ပြုမှုများ၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပဆောင်ရွက်နေမှု၊ လုပ်ငန်းယန္တရားဖွဲ့စည်းဆောင်ရွက်မှု၊ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂) ဆောင်ရွက်မှု၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာဆောင်ရွက်မှုများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ Helpline Service ဖွင့်လှစ်ဆောင်ရွက်ထားမှု၊ ကျား/မရေးရာ အခြေပြုအကြမ်းဖက်ဖြစ်ရပ်များအား တုံ့ပြန်ဆောင်ရွက်နေမှု၊ အကြမ်းဖက်ခံရသူများအား ငွေကြေးထောက်ပံ့ပေးမှု အခြေအနေ၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သောစင်တာများ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုအခြေအနေ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ပန်းတိုင်-၅ (SDG-Goal 5) အကောင်အထည်ဖော်မှု၊ အာဆီယံအမျိုးသမီးကော်မတီ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ထူးချွန်ကြက်ခြေနီ အမျိုးသမီးဆုရရှိသူ ကြက်ခြေနီ မြို့နယ်တပ်ဖွဲ့မှူး ဒေါ်စမ်းစမ်းမော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များအား Video Clip ဖြင့်ပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုများပေးအပ်ချီးမြှင့်ရာ ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ၂၀၂၀ ပြည့်နှစ် ထူးချွန်အမျိုးသမီး အရာရှိဆုရရှိသူ အမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇)မှ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်ပေရယ်ချို(ရေ-၅၆၁၂)ကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ၂၀၂၀ ပြည့်နှစ် ထူးချွန်အမျိုးသမီးရဲမေဆုရ ဒုတိယရဲမှူးကြီး ဝင်းနီလာကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ထူးချွန်ကြက်ခြေနီ အမျိုးသမီးဆုရရှိသူ ကြက်ခြေနီ မြို့နယ်တပ်ဖွဲ့မှူး ဒေါ်စမ်းစမ်းမော်တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အင်းတော်မြို့၌ တောင်သူနည်းပညာပေးသင်တန်းဖွင့်

**ကသာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင် အင်းတော်မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက် ၉ နာရီခွဲက ၂၀၂၀ - ၂၀၂၁ ခုနှစ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မြို့နယ်အတွင်းရှိ တောင်သူများအား မိုးစပါး တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေး၊ နွေစပါး တစ်ဧက တင်း ၁၀၀ မှ ၁၁၀ ထွက်ရှိရေး၊ မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်ရေးနှင့် Home Garden စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ထိရောက်အောင်မြင်ရေးအတွက် ရည်ရွယ်၍ တောင်သူနည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကသာခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မြေအသုံးချတာဝန်ခံနှင့် သီးနှံကာကွယ်ရေးတာဝန်ခံများက မြေဆီလွှာတိုးတက်ရေး၊ ဖောင်မြှောင်တောင်နှင့် ရွှေခရုကာကွယ်ရေးလုပ်ငန်းများအား ဟောပြောပို့ချသည်။ တောင်သူနည်းပညာပေးသင်တန်းတွင် အင်းတော်မြို့နယ်အတွင်းရှိ အကျိုးဆောင်တောင်သူများ၊ မျိုးစေ့ထုတ်တောင်သူများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**



## ပြည်သူ့လုံခြုံရေးစနစ်

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင် သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH၊ NUG၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများလုံခြုံရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇူလိုင် ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၁) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

နံနက် ၇နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၃)၌ အုပ်စု(ဃ)၏ နောက်ဆုံးပွဲစဉ်ဖြစ်သော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်း(၁)နှင့် ကွင်း(၃) တို့၌ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်ဖြစ်သော မွန်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်ပွဲစဉ်သို့ မွန်ပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းတို့ တက်ရောက်သွားကြောင်း သိရှိရသည်။

ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၄ ရက်တွင် ရပ်နားပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၅ရက် နံနက် ၇နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့တွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်း(၁)နှင့် (၃)တို့၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် (၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

၂၀၂၁ ခုနှစ် (၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဗဟိုသမဝါယမအသင်းလီမိတက်မှ နာယကနှင့်ဥက္ကဋ္ဌ၊ သမဝါယမတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် အသင်းစုချုပ်ဥက္ကဋ္ဌများက Video Conferencing ဖြင့်ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်၌ ပါဝင်သည့်“ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဆိုသည့် ဦးတည်ချက်နှင့်အညီ သမဝါယမအသင်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်းများအနေဖြင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ဝယ်လိုအားတစ်ရပ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သမဝါယမအသင်းများ၏ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းအတွက်လည်း ပံ့ပိုးငွေ ငွေကျပ်သန်း ၂၆၃၃၀ ဒသမ ၅၇၃ ဖြင့် လယ်မြေဧက ၈၉၆၃၃ ဒသမ ၆၀ ဧကကို စိုက်ပျိုးရာသီအချိန်မီ ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ သွင်းအားစုပံ့ပိုးခြင်း အနေဖြင့်လည်း မြေသြဇာ ၁၄၃၆၈၅ အိတ်၊ မျိုး ၅၆၅ အိတ်၊ ပိုးသတ်ဆေး ၂၉၅၁၂ အိတ်၊ တန်ဖိုးအားဖြင့် ၄၇၀၈ ဒသမ ၆၀၃ သန်းကို ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း၊ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း ၁၆၂ သင်းမှလည်း ရိတ်သိမ်း ခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီး၊ အခြားစက် ကိရိယာ ၆၄ စီးတို့ဖြင့် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများအတွက် လယ်ယာဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါကြောင်း။

**ပြောကြား**

အသင်းသားပြည်သူ ၄ ဒသမ၂ သန်းဖြင့် ဖွဲ့စည်းထားသည့် သမဝါယမအသင်းပေါင်း သုံးသောင်းကိုးထောင်ကျော်၏ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် သမဝါယမအသင်းများ၊ အသင်းသားများအနေဖြင့် ခေတ်စနစ်နှင့် လျော်ညီသည့်အတွေးသစ်၊ အမြင်သစ်များနှင့် တီထွင်ကြံဆကာ ပိုမိုတိုးတက်ကောင်းမွန်သည့် အသင်းများဖြစ်လာအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဖြူက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှပေးပို့သည့် သဝဏ်လွှာကို ဗဟိုသမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုမှတ်တမ်းတင် Video Clip ကို ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# ပန်ဒိုရာသေတ္တာပွင့်ခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက်

**မဲမသမာမှုကနေ စတင်ခဲ့သည့် နိုင်ငံနှင့် နိုင်ငံသားတွေအပေါ် မရိုးဖြောင့်မှု၏ နောက်ဆက်တွဲအဖြစ် ယနေ့တိုင် အများပြည်သူများသည် အကြမ်းဖက်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ခံရခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခြင်းနှင့် လူငယ်များ အတွေးအခေါ် အယူအဆအမှားများဖြင့် လမ်းမှားသို့ ရောက်မှန်းမသိရောက်ရှိခြင်း စသည့်အနာဂတ်ထိခိုက်စရာများအထိ ဖြစ်ပေါ်လျက်ရှိပါသည်။**

**နိုင်ငံတွင် ပြည်သူသန်း ၅၀ ကျော်ရှိရာ ယင်းကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများပျက်ယွင်းအောင် နည်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်လုပ်ရပ်များကို လက်သင့်မခံဘဲ အစိုးရနှင့်ပူးပေါင်း၍ အမြန်အဆုံးသတ်စေဖို့ ကြိုးပမ်းရမည့်အချိန်ဖြစ်ပါသည်။**

## သော်တာပပလင်း

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြင့် စည်းနှောင်ထိန်းချုပ်ထားသည်။ နိုင်ငံအုပ်ချုပ်သူများ၏ ဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် မတရားမှု၊ မသမာမှုများအတွက် အမှန်ကို တည့်မတ်ပေးရန်၊ တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ထွန်းလာခဲ့ရခြင်းဖြစ်ပါသည်။ တာဝန်ယူပြီးချိန်မှ ငါးလတာအတွင်း ပြီးခဲ့သည့်ရွေးကောက်ပွဲ၏ မတရားမှုများ ဖော်ထုတ်ခြင်းကို အချိန်မဆိုင်း ဆောင်ရွက်သကဲ့သို့ ဆက်စပ်၍ဖော်ထုတ်ခဲ့ရသည့် မတရားမှု၊ ဥပဒေမဲ့မှုဖြစ်စဉ်များအပေါ်လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်တွင် နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်သောဆန္ဒပြမှု၊ ဆူပူသောင်းကျန်းမှု၊ လက်နက်ကိုင်အကြမ်းဖက်မှု စသည့်ဖြစ်စဉ်များကိုလည်း နိုင်ငံတကာ အကြမ်းဖက်မှုဖြိုခွင်းရသည့် နည်းစဉ်များအတိုင်း အဆင့်လိုက် ဆောင်ရွက်ထိန်းချုပ်ပေးလျက်ရှိပါသည်။ ကိုဗစ်-၁၉ ရောဂါ၏ အန္တရာယ်အတွက် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်းများ မပြတ်တမ်း ဆောင်ရွက်ရသကဲ့သို့ တိုင်းပြည်စီးပွားရေး၊ လူမှုဘဝမြင့်မားရေး၊ ပညာရေး စသည့်ကဏ္ဍတိုင်း စဉ်ဆက်မပြတ်တိုးတက်အောင် ကြံဆောင်ပေးနေရသည်ကို အေးချမ်းစွာနေလိုသည့် နိုင်ငံသားတိုင်း ခံစားသိမြင်နိုင်မည်ဖြစ်ပါသည်။

### ပြည်တွင်းစစ်ဖြစ်စေဖို့

ယင်းသို့ဆောင်ရွက်ပေးနေမှုကို လျစ်လျူရှုကာ တိုင်းပြည်အနာဂတ်ကို ဖျက်ဆီးမည့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော PDF၊ CRPH နှင့် NUG အဖွဲ့များသည် ငါးလတာအတွင်း ကြိုတင်ကြံစည်မှုများအပြည့်ဖြင့် ပေါ်ထွက်လာခဲ့ပါသည်။ တပ်မတော်က အာဏာထိန်းသိမ်းမှုဖြစ်စဉ်ပေါ်ပေါက်လာပြီးနောက် NLD ဗဟိုကော်မတီဝင်အချို့က CRPH ကဲ့သို့၊ NUG စသည်တို့ကို ဦးဆောင်တည်ထောင်ပြီး လေလှိုင်းပေါ်မှတစ်ဆင့် ဆန္ဒပြမှုများကို နိုင်ငံတကာအထောက်အပံ့၊ NLD အမာခံများ၏ အထောက်အပံ့ဖြင့် စတင်ခဲ့ခြင်းဖြစ်ပါသည်။ မြို့ပေါ်ဆန္ဒပြပွဲများ အရှိန်ကျလာသောအခါ စစ်ပညာသင်ကြားရန်အတွက် ဆန္ဒပြပွဲများတွင် တက်တက်ကြွကြွဦးဆောင်ခဲ့ကြသည့် လူငယ်များကိုစည်းရုံးကာ NDF ဆီ ပို့ဆောင်ပေးခဲ့ပါသည်။ ထို့ကြောင့်ပင် NLD၊ CRPH၊ NUG အစရှိသူတို့၏ မူလရည်ရွယ်ချက် ရုပ်လုံးပေါ်လာခဲ့ပြီး သူတို့ရည်ရွယ်ချက်များ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ကာ ပြည်တွင်းစစ်ဖြစ်စေဖို့ ပြင်ဆင်နေခဲ့ခြင်းပင်ဖြစ်ပါသည်။

ဆန္ဒပြပွဲများတွင် သွေးဆူလွယ်သည့် လူငယ်များသည် မြောက်ပင့်သွေးဆောင်ရာသို့ လိုက်ပါမှန်းမသိ ပါဝင်သွားကြပြီး NDF အပြင် KIA၊ KNU စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်း၊ စစ်ပညာများသင်ကြားစေခြင်းတို့ကို ပြုလုပ်လာကြသည်။ မြို့ပြပြောက်ကျားသင်တန်းများပေးပြီး မြို့ပေါ်ပြန်ဝင်လာကြသည့်လူငယ်များကို မြို့ကြီးများပေါ်တွင် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာရန် သွေးထိုးခြယ်လှယ်ခဲ့ကြသည်။ အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအပါအဝင် အစိုးရပိုင် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသကဲ့သို့ လုံခြုံရေးတာဝန်ရှိသူများကလည်း ဖော်ထုတ်ဖမ်းဆီးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

NUG ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အုပ်ချုပ်မှုယန္တရားပျက်ပြားအောင်၊ ပြည်သူများ အတိဒုက္ခရောက်စေမည့် ပြည်တွင်းစစ်ဖြစ်ပွားအောင် ရည်ရွယ်ထားခြင်းဖြစ်ပြီး အကြမ်းဖက်သင်တန်းဆင်းအဖွဲ့များ နေရပ်သို့ ပြန်လည်ရောက်ရှိပါက စက်ရုံ/ အလုပ်ရုံများအား မီးရှို့/ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် အုပ်ချုပ်ရေးမှူးများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ ဒေသအလိုက် PDF အဖွဲ့များသည် EAOs အဖွဲ့များနှင့်ပူးပေါင်း၍ တပ်ဌာနချုပ်များအား စီးနင်းတိုက်ခိုက်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် လက်နက်များလက်ခံရယူ၍ အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ကြရန် ရည်ရွယ်ကြခြင်းဖြစ်ပါသည်။

### ဆက်တိုက်ကြားသိရ

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုဖြင့် မတ်လ ၅ ရက်မှ ဇွန်လအတွင်း ဖောက်ခွဲဖျက်ဆီးရေး၊ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် နောက်ကွယ်ကကြိုးကိုင်သူများ၊ အကြမ်းဖက်သင်တန်းဆင်းများ၊ အများပြည်သူတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးရန် မြို့ပြပြောက်ကျားတိုက်ပွဲဆင်နွှဲလိုသူ လူငယ်များအား ဖမ်းဆီးရမိခဲ့သည့် သတင်းများကို ဆက်တိုက်ကြားသိရသည်။ ထိုဖြစ်စဉ်များတွင် ခင်ကျော်(UNRA) နှင့် ကိုကိုနိုင်(ခ) ဒေါ်နအပါအဝင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်သူ တရားခံ ၁၇၃ ဦးအား လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

တရားခံခင်ကျော်နှင့် ကိုကိုနိုင်(ခ)ဒေါ်နတို့ကို ဖော်ထုတ်ချက်များအရ စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခြင်း၊ လက်နက်၊ ခဲယမ်းဝယ်ယူခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်၏ စေခိုင်းမှုများကြောင့် ဂျပန်နိုင်ငံတွင်နေထိုင်သူ ထွန်းအောင်ကျော် (ABSDFဥက္ကဋ္ဌဟောင်း)၊ အမေရိကန်နိုင်ငံတွင်နေထိုင်သူ အေးမင်းတို့က နိုင်ငံတကာနှင့် ပြည်တွင်းရှိ NLD ပါတီဝင်များ၊ ၎င်းပါတီအား ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာခြင်းဖြစ်သည်ကိုလည်း သိရှိခဲ့ရပါသည်။ ဖမ်းဆီးရမိ တရားခံများ၏ ဖော်ထုတ်ချက်များအရ အကြမ်းဖက်လုပ်ငန်းများအား CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်က ဦးဆောင်၍ ပြည်တွင်းရှိ NLD ပါတီဝင်ကိုးဦးက ဦးဆောင်လှုပ်ရှားခဲ့ခြင်းကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

### အကြမ်းဖက်လုပ်ရပ်များကြောင့်

တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့ဝင် ရည်မွန်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယနေ့အထိ နိုင်ငံအတွင်း အပြစ်မဲ့ ပြည်သူ ၁၈၉ ဦးသေဆုံးကာ မီးလောင်၊ မီးရှို့ခံရသော စာသင်ကျောင်း ၆၀၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း/ရဲစခန်း ၃၅ ခုတို့ရှိပြီး စာသင်ကျောင်းများတွင် ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံးများတွင် ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း/ရဲစခန်းများတွင် ဗုံးပေါက်ကွဲမှု ၆၆ ကြိမ် စုစုပေါင်း ဗုံးပေါက်ကွဲမှုအကြိမ် ၄၈၀ ရှိခဲ့ရပြီဖြစ်ပါသည်။

တရားခံ ခင်ကျော်သည် ၁၉၈၈ ခုနှစ်တွင် ABSDF သို့ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ABSDF မှ ခွဲထွက်၍ အဖွဲ့ဝင် ခုနစ်ဦးဖြင့် UNRA အား ဖာပွန်မြို့နယ် လဲဝါကျေးရွာ၌ ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ဖောက်ခွဲရေးသင်တန်းများအား ဖွင့်လှစ်ခဲ့ပြီး တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG မှ ခေါင်းဆောင်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသူဖြစ်ပြီး NDF အဖွဲ့၏ နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ ကိုကိုနိုင်(ခ)ဒေါ်နသည် PDF သင်တန်းအတွက် လိုအပ်သော စစ်အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးအတွက် NUG မှ ရည်မွန်၊ ဂျပန်နိုင်ငံမှ ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)၊ ပြည်ပရောက် NLD ပါတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးသူဖြစ်ကာ ထွန်းအောင်ကျော်(ABSDF ဥက္ကဋ္ဌဟောင်း) သည် NDF (National Defence Force)အား ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ပြည်ပရောက် NLD အဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများရရှိရေးနှင့် NUG အဖွဲ့ဝင်များနှင့် ချိတ်ဆက်ကာ ပြည်တွင်း၌ အကြမ်းဖက်လှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရသည်။

လူငယ်များကို သွေးဆောင်မြှောက်ပင့်ကာ အကြမ်းဖက်သင်တန်းများ တက်ရောက်စေခြင်းကြောင့် တောတွင်း အတိဒုက္ခရောက်ကြသည့် လူငယ်များ၊ အချင်းချင်း ပြန်လည်သတ်ဖြတ်ခြင်းခံရသည့် လူငယ်များ၏ သတင်းဆိုးများကို ကြားသိရသည့်အခါ အပြစ်မဲ့သည့် နိုင်ငံ့အနာဂတ်လူငယ်များ ထိခိုက်ဆုံးရှုံးမှုအတွက် မြှောက်ပင့်သွေးဆောင်သူများအား ရွံရှာစက်ဆုပ်မိပါသည်။

ထို့အတူ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် PDF၊ CRPH နှင့် NUG အဖွဲ့တို့ နှင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ဆက်သွယ်အားပေးထောက်ခံခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၃ နှင့်ငြိစွန်း၍ ပြစ်မှုမြောက်သဖြင့် ထောင်ဒဏ် နှစ် ၂၀ အထိ ပြစ်ဒဏ်ကျခံရနိုင်သည်ကိုလည်း လူငယ်လူရွယ်များ သိရှိစေလိုလှပါသည်။

### မတွေးဝံ့စရာ

ပြီးခဲ့သည့်ဇွန်လအတွင်းက လူမှုကွန်ရက်များတွင် ပျံ့နှံ့ခဲ့သည့် ဇွန်လ ၃၀ ရက် / ဇူလိုင်လ ၁ ရက်နေ့ D Day ဟူသော စကားသံများကို ပြန်လည်ကြားယောင်မိပါသည်။ အကယ်၍များ အကြမ်းဖက်သမားများနှင့် ဆက်စပ်တရားခံများကို နိုင်ငံတော်လုံခြုံရေးတာဝန်ရှိသူများက အားသွန်ကြိုးပမ်း၍ မဖမ်းဆီးနိုင်ခဲ့လျှင် တိုင်းပြည်မည်မျှထိခိုက်သွားမလဲ မတွေးဝံ့စရာပင်ဖြစ်ပါသည်။ ယခုမူ အဓိကတရားခံအချို့ကို ဖမ်းဆီးရမိခဲ့၍သာ အေးအေးချမ်းချမ်းဖြင့် မိမိတို့ပြည်သူများ နေထိုင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း ဆက်စပ်တရားခံများကို အမြန်ဆုံးရမိစေရေးအတွက် ပြည်သူတို့က ထူးခြားမှုတစ်စုံတစ်ရာ ကြုံလာသည်နှင့် သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေး တိုင်ကြားခြင်းဖြင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပူးပေါင်းပါဝင်ကြဖို့ လိုအပ်နေပြီဖြစ်ပါသည်။

ဂရိဒဏ္ဍာရီတွင် ပန်ဒိုရာအမည်ရှိ အမျိုးသမီးအတွက် နတ်ဘုရားများက သေတ္တာတစ်လုံးကို ပေးအပ်ခဲ့ဖူးသည်။ ထိုသေတ္တာကို မဖွင့်ရန်လည်း အထပ်ထပ်တားမြစ်ခဲ့ဖူးသည်။ သို့သော် ပန်ဒိုရာသည် နတ်ဘုရားများပေးအပ်ခဲ့သည့် သေတ္တာအား ဖွင့်ခဲ့ရာ မကောင်းမှုဒုစရိုက်များသည် ကမ္ဘာမြေပေါ်သို့ ပြန့်ကျဲထွက်ကျလာခဲ့သည်။ သေတ္တာအဖုံးကို အလျင်အမြန် ပြန်ပိတ်လိုက်နိုင်သော်လည်း မကောင်းမှုတို့ကိုကား မတားဆီးနိုင်တော့။ သေတ္တာအတွင်း မျှော်လင့်ခြင်းဟူသည့် အရာတစ်ခုသာ ကျန်ရစ်ခဲ့သည်ဟု ဆိုကြသည်။

မိမိတို့နိုင်ငံတွင်လည်း ပန်ဒိုရာသေတ္တာကို မဖွင့်ရန် အကြိမ်ကြိမ်တားမြစ်နေသည့်ကြားမှ ဖွင့်သူက ဖွင့်ခဲ့ပြီ။ မကောင်းမှုတို့သည်လည်း ပြန့်ကျဲထွက်ပေါ်လာလျက်ရှိသည်။ မကောင်းမှုအကုသိုလ် ဒုစရိုက်များကို ဖယ်ရှားရန်အတွက် မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံအပွန်းအပဲ့ အထိခိုက်မခံလိုသည့် နိုင်ငံချစ်စိတ်၊ တည်ငြိမ်အေးချမ်းလိုစိတ်ဖြင့် တွန်းလှန်ဖယ်ရှားကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။

**ပြီးခဲ့သည့်ဇွန်လအတွင်းက လူမှုကွန်ရက်များတွင် ပျံ့နှံ့ခဲ့သည့် ဇွန်လ ၃၀ ရက် / ဇူလိုင်လ ၁ ရက်နေ့ D Day ဟူသော စကားသံများကို ပြန်လည်ကြားယောင်မိပါသည်။ အကယ်၍များ အကြမ်းဖက်သမားများနှင့် ဆက်စပ်တရားခံများကို နိုင်ငံတော်လုံခြုံရေးတာဝန်ရှိသူများက အားသွန်ကြိုးပမ်း၍ မဖမ်းဆီးနိုင်ခဲ့လျှင် တိုင်းပြည်မည်မျှထိခိုက်သွားမလဲ မတွေးဝံ့စရာပင်ဖြစ်ပါသည်။ ယခုမူ အဓိကတရားခံအချို့ကို ဖမ်းဆီးရမိခဲ့၍သာ အေးအေးချမ်းချမ်းဖြင့် မိမိတို့ပြည်သူများ နေထိုင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း ဆက်စပ်တရားခံများကို အမြန်ဆုံးရမိစေရေးအတွက် ပြည်သူတို့က ထူးခြားမှုတစ်စုံတစ်ရာ ကြုံလာသည်နှင့် သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေးတိုင်ကြားခြင်းဖြင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပူးပေါင်းပါဝင်ကြဖို့ လိုအပ်နေပြီဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြစ်ကြီးနားနှင့် ပိုင်းမော်မြို့နယ်တို့မှ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ပိုင်းမော်မြို့နယ်တို့မှ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများနှင့် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ အများအပြားရှိနေသည့်အတွက် ယခုပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မှတ်ပုံတင် ဓာတ်ပုံရိုက်ကူးခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်း ကုန်ကျစရိတ်တို့ကိုလည်း နိုင်ငံတော်မှ ကျခံဆောင်ရွက်ပေးထားခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရသည့်အတွက် အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်း ပျက်စီး/ ပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် မြစ်ကြီးနားနှင့် ပိုင်းမော်မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားနှင့် ပိုင်းမော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ၁၀၅ စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၃၆၃ ကတ်ကို ပေးအပ်ကြရာ ကာယကံရှင် ပြည်သူများနှင့် ရပ်မိရပ်ဖကိုယ်စားလှယ်များက လက်ခံရယူပြီး ဒေသခံပြည်သူများကိုယ်စား ဦးရဲဇာရဲက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပန်းခင်းစီမံချက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ အလုပ်သမားရေးရာဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများရှိ အရာထမ်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ တွေ့ဆုံမှာကြား



**နေပြည်တော် ဇူလိုင် ၃**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယမန်နေ့က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများရှိ အရာထမ်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ တွေ့ဆုံမှာကြားသည်။

**မှာကြား**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်မကူးစက်စေရေးအတွက် တာဝန်ခရီးမှလွဲ၍ ခရီးထွက်ခွာခြင်းမပြုရန်၊ မိသားစုကိစ္စရပ်များရှိပါက ခွင့်ပြုမိန့် ရမှသာထွက်ခွာရန်၊ ဖြစ်နိုင်ပါက အစည်းအဝေးများအား Online Platform များဖြင့် ကျင်းပရန်၊ လူကိုယ်တိုင်တက်ရောက်ရမည့် အစည်းအဝေးများအား မဖြစ်မနေကျင်းပရမည်ဆိုပါက နေရာအကျယ်အဝန်းသည် လူတစ်ဦးလျှင် ၃၆ စတုရန်းပေအကျယ်အဝန်းဖြင့် တွက်ချက်၍ အများဆုံး လူဦးရေ ၅၀ ထက်မပိုစေဘဲကျင်းပရန်၊ တစ်ဦးနှင့်တစ်ဦး ၆ ပေအကွာ ခပ်ခွာခွာနေထိုင်ရန် (Physical Distancing)၊ သန့်ရှင်းရေး ပုံမှန်ပြုလုပ်ရန်နှင့် ပိုးသတ်သန့်စင်ရန်၊ ရုံး ကြို/ပို့ ယာဉ်များပေါ်တွင် တစ်ဦးနှင့်တစ်ဦး တစ်ခုံခြားနှင့် Zig-zag ထိုင်ရန်၊ Mask တပ်ဆင်ရန်နှင့် လက်ကို မကြာခဏ ဆေးကြောရန်တို့ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ငြိမ်းချမ်းသာယာရေးဖြစ်ပါကြောင်း၊ တိုင်းသူပြည်သားအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် (Version 3.0)၏ QR-code ကို မိမိတို့၏ မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ Scan ဖတ်၍ ရယူသိမ်းဆည်းထားသင့်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်မကူးစက်စေရေးအတွက် ပြုမူနေထိုင်ကြရန်လိုအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ခေတ်နှင့်အညီ အပန်းဖြေနိုင်သော Yangon Waterboom အပန်းဖြေစခန်းကို ပြီးခဲ့သော ၂၀၂၀ ခုနှစ် မတ်လနောက်ဆုံးပတ်မှ စတင်ကာ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေတစ်ရပ်ကြောင့် ယာယီပိတ်သိမ်း ရပ်နားခဲ့ရာမှ ယခုပြန်လည်ဖွင့်လှစ်ချိန်တွင် တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရာတွင် ယခင်ကဲ့သို့ နေ့စဉ်မဟုတ်ဘဲ တစ်ပတ်လျှင် ပြည်သူအများ အပန်းဖြေနိုင်စေရန် စနေနေ့နှင့် တနင်္ဂနွေ နှစ်ရက်တည်းသာ ဖွင့်လှစ်ထားပြီး အချိန်အားဖြင့်လည်း မူလအချိန်ကဲ့သို့မဟုတ်ဘဲ ပြောင်းလဲကာ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ပြန်လည်ဖွင့်ခွင့်ပြု**

"Yangon Waterboom ကို နိုင်ငံတော်က သတ်မှတ်ထားတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်တွေနဲ့အညီ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ အတိအကျပြောရရင် ပြီးခဲ့တဲ့ ဇွန်လနောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်ခဲ့တာပါ။ အခုလို ဖွင့်ဖြစ်တာကလည်း ဒီလုပ်ငန်းရေရှည်ပိတ်ထားရတာ အဆင်မပြေဖြစ်နေတော့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီကို ကျွန်တော်အနေနဲ့ ပြန်လည်ဖွင့်လှစ်ဖို့ စာတင်ခဲ့တယ်။ သက်ဆိုင်ရာလူကြီးတွေကလည်း သူတို့ကိုယ်တိုင်လာကြည့်ပြီး နေ့စဉ်မဖွင့်နိုင်ရင်တောင် အဆင်သင့်တဲ့ ရက်လေးတွေကို ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်တွေနဲ့အညီ ပြန်လည်ဖွင့်ခွင့်ပြုခဲ့လို့ အခုလို စနေ၊ တနင်္ဂနွေ နှစ်ရက်ကို ရွေးချယ်ကာ ဖွင့်လှစ်ပေးသွားဖို့ စီစဉ်ခဲ့တာပါ" ဟု Yangon Waterboom အပန်းဖြေစခန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ Yangon Waterboom အပန်းဖြေစခန်းကို ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်လည်ပတ် အပန်းဖြေသည့် လူဦးရေကို တစ်နေ့ ၅၀ မှ ၈၀ အတွင်း ကန့်သတ်ထားသည်။ ဝင်ကြေးအနေဖြင့်လည်း လူကြီးတစ်ဦး ငွေကျပ် ၂၀၀၀၀ (နေ့လယ်ခင်းစာပါ) နှင့် အရပ်လေးပေအောက် ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း သိရသည်။

**၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့**

Yangon Waterboom အပန်းဖြေစခန်းကို ရန်ကုန်မြို့ ဒေါပုံမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ ရှုခင်းသာပန်းခြံအတွင်း၌ ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဖွင့်လှစ်ရာတွင် နိုင်ငံတော်အစိုးရထံမှ (UMG Group of Companies)မှ နှစ်ရှည်ငှားရမ်းကာ Media one က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခင် ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီက Yangon Waterboom အပန်းဖြေစခန်းကို လာရောက်လည်ပတ်အပန်းဖြေသူမှာ တစ်နေ့ပျမ်းမျှ ၂၀၀ ကျော် ၃၀၀ ဝန်းကျင်ရှိပြီး ယင်းအထဲတွင် ပြည်ပနိုင်ငံခြားသားများလည်း လာရောက်အပန်းဖြေလည်ပတ်မှုများ ရှိခဲ့ကြောင်း သိရသည်။ **သတင်း- မြင့်မိုရ်**

**ဓာတ်ပုံ- မိုးမခ**

# စာပေဂုဏ်ဆောင် ဆရာကြီးဌေးမောင်

**နုနုယဉ် (စာပေဗိမာန်)**

**(ယမန်နေ့မှအဆက်)**

**ကလေးလူငယ်စာပေနှင့် စာနယ်ဇင်းများစာတမ်း**

၁၉၇၅ ခုနှစ် စာနယ်ဇင်းသမိုင်းဟောပြောပွဲတွင် ဆရာဌေးမောင်က "ကလေးလူငယ်စာပေနှင့် စာနယ်ဇင်းများ" စာတမ်းကို တင်သွင်းခဲ့သည်။

"ယနေ့ကလေးလူငယ်တို့သည် နောင်တစ်ချိန်၌ လူ့ဘောင်ကြီးကို ဦးဆောင်ပဲ့ကိုင်မောင်းနှင်ကြမည့်လူကြီးများ ဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် ကလေးလူငယ်တို့ကို ပေါ့ပေါ့သဘောထား၍မဖြစ်ပါ။ လျစ်လျူရှုထား၍မဖြစ်ပါ။ သူတို့ လူတော်လူကောင်းကလေးတွေဖြစ်လာအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ခေတ်ပညာပြည့်စုံအောင်၊ အကျင့်စာရိတ္တကောင်းအောင်၊ အများအကျိုးဆောင်ရွက်တတ်အောင်၊ မျိုးချစ်စိတ်ထက်သန်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ကြအောင် ငယ်စဉ်ကတည်းက မြေတောင်မြှောက်ပေးထားမှ၊ လေ့ကျင့်ပေးထားမှ နိုင်ငံ၏အနာဂတ်အရေးအတွက် စိတ်အေးကြရမည်ဖြစ်သည်။

"ဤသို့မဟုတ်မူဘဲ ကလေးသူငယ်တို့ကို လောလောဆယ်လျစ်လျူရှုထားလျှင် သို့မဟုတ် လုံလောက်အောင် ထိန်းကျောင်းပြုပြင်ပျိုးထောင်ပေးခြင်းကို မဆောင်ရွက်နိုင်လျှင် ကလေးလူငယ်တို့ လူညံ့လူဆိုးကလေးတွေ၊ အကျင့်ပျက်ကလေးတွေ၊ တာဝန်မဲ့ကလေးတွေ ဖြစ်ကုန်ကြကာ ယခုလူငယ်ပြဿနာသောင်းပြောင်းထွေလာ ပေါပေါက်နေသလို နောင်အနာဂတ်တွင်လည်း ယခုထက် ပိုမိုဆိုးရွားသောအခြေအနေ နိုင်ငံအတွင်း၌ ပေါ်ပေါက်နိုင်စရာရှိပေသည်" ဟု စာတမ်းတွင် ရေးသားဖော်ပြထားရာ တိုင်းပြည်၏အနာဂတ်အရေးအတွက် ဆရာကြီး၏ အမြော်အမြင်ကြီးမှု၊ ကြိုတင်တွက်ဆမျှော်မှန်းမှု၊ စေတနာထားမှု၊ မေတ္တာထားမှုတို့ကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရလေသည်။

ထို့ပြင် ၁၉၅၉ ခုနှစ် ဇန်နဝါရီလထုတ် သိမ်းမဂ္ဂဇင်းတွင် ရေးသားခဲ့သော "ကလေးစာအုပ်ကာတွန်းများ" ဆောင်းပါးတွင် ဆရာကြီးဌေးမောင်က-

"ကလေးစာအုပ်၊ လူကြီးစာအုပ်ဟု ခွဲခြားလိုက်ပြီးလျှင် ဘယ်စာအုပ်က အရေးကြီးပါသနည်းဟု ဆန်းစစ်ကြည့်ခဲ့သော် လေးလေးနက်နက်တွေးဆသူတိုင်းက ကလေးစာအုပ်များက ပိုမိုအရေးကြီးကြောင်း အဖြေပေးကြပေလိမ့်မည်။

"အဘယ်ကြောင့်နည်းဆိုလျှင် လူကြီးစာအုပ်များ၌ မတော်သည့်အကြောင်း သို့မဟုတ် အမှားအယွင်းပါခဲ့သော် ဖတ်ရှုသူလူကြီးကိုယ်တိုင်က အသိဉာဏ် အတော်လုံလောက်ပြီးသားဖြစ်နေ၍ မတော်တာကို ပယ်လိမ့်မည်။ မှားယွင်းတာကို ပြုပြင်လိမ့်မည်။ ကလေးများကား ဤသို့မဟုတ်၊ သူတို့ကိုယ်တိုင်၌ အသိဉာဏ်နုနယ်လှသေးသဖြင့် စာအုပ်ပါသမျှကို အမှန်တွေချည်း၊ အကောင်းတွေချည်းဟု ယုံကြည်လက်ခံကာ အတုယူတတ်ကြသည်။

"ထို့ကြောင့် ကလေးများအတွက် စာအုပ်တွေမကောင်းခဲ့လျှင် ကလေးတွေပျက်စီးမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ကလေးတို့၏နောင်ရေးကို စိတ်ဝင်စားသောသူတိုင်းသည် ယနေ့ ပလူပျံအောင်ဖြစ်ပေါ်လျက်ရှိသည့် "ကလေးများအတွက်ဟု ဆိုသော ကာတွန်းစာအုပ်များ" အကြောင်းကို ဆန်းစစ်သုံးသပ်ကြပါ" ဟု လမ်းညွှန်ခဲ့သည်မှာ ယနေ့ကလေးစာပေ ရေးသားထုတ်ဝေဖြန့်ချိနေသူများအတွက် တန်ဖိုးမဖြတ်နိုင်သော သတိမူစရာ၊ သင်ခန်းစာယူစရာ၊ အတုယူစရာ အကြံကောင်း၊ ဉာဏ်ကောင်းများပင် ဖြစ်ပေသည်။

**နုမှသည် တိုက်ပွဲခေါ်သံစာအုပ်**

ဆရာဌေးမောင်သည် ရန်ကုန်၌ အခြေချကာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၅၂ ခုနှစ် ဇူလိုင်လ ၂၅ ရက် (သောကြာနေ့)တွင် ချောက်မြို့ဇာတိမြေမှ မင်းတုန်းသင်္ဘောဖြင့် စုန်ဆင်းခဲ့သည်။ မင်းတုန်းသင်္ဘောမှာ ချောက်မြို့ ဘီအိုစီကုမ္ပဏီမှ ဓာတ်ဆီများကို ရန်ကုန်သို့ပို့ဆောင်သောသင်္ဘောဖြစ်သည်။ ဆရာဌေးမောင်သည် နုအမည်ရှိ ဝတ္ထုရှည်တစ်ပုဒ်ကို စာပဒေသာတိုက်သို့ ပို့ထားသည်။ နုဝတ္ထုမှာ စစ်အတွင်း အမြင်အတွေ့များအပေါ် မူတည်ရေးသားသောဝတ္ထုဖြစ်၍ ဆင်းရဲသူမိန်းကလေးတစ်ယောက်သည် ရိုးသားစွာအသက်မွေးရန် ကြိုးစားအားထုတ်ရင်း ခေတ်နှင့်စားဝတ်နေရေး အကျပ်အတည်းကြောင့် အဆုံးတွင် ပြည့်တန်ဆာဖြစ်ရပုံကို ဖော်ပြထားသည်။

၁၉၄၈ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းတွင် နုဝတ္ထုရှည်ပါလာ၏။ ထိုဝတ္ထုကမှစတင်၍ ဌေးမောင်ကလောင်အမည်ကို အသုံးပြု၏။ တစ်နည်းအားဖြင့် နုဝတ္ထုသည် ဆရာကြီးဌေးမောင်၏ ပထမဆုံးမှတ်တိုင်ဟု ဆိုနိုင်လေသည်။

'နုမှသည် တိုက်ပွဲခေါ်သံ' စာအုပ်၏ နိဂုံးချုပ်အမှာတွင် "စာပေနှင့် ဘဝအတွေ့အကြုံ တစ်စိတ်တစ်ဒေသကို ရိုးသားစွာ ဖော်ပြလိုရင်းသဘောဖြင့် ဤစာအုပ်ကို ရေးသားခြင်းဖြစ်သည်။ တိမ်းပါးချွတ်ချော်မှုပါရှိလျှင် မေတ္တာထား၍ ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်" ဟု ရေးသားထားသည်မှာ ဆရာဌေးမောင်၏ မိမိကိုယ်ကို နှိမ့်ချသော ရိုးဂုဏ်ပင်ဖြစ်ပေသည်။

**အယ်ဒီတာမှ စာပြင်ဆရာသို့**

"ကျွန်တော် စာပြင်ဆရာအလုပ်တစ်ခုတည်းပဲ လုပ်ပါမယ်"



၂၀၀၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စည်သူ ဦးဌေးမောင်(ဌေးမောင်)

သွေးသောက်မဂ္ဂဇင်းတွင် ဆရာဌေးမောင် တိုက်ထိုင်စာတည်းလုပ်နေစဉ် မဂ္ဂဇင်း၌ စာအမှားအယွင်း များပြားနေမှုနှင့်ပတ်သက်၍ ဦးကျော်ရိုး (ဆရာပြည့်စုံ) က "ဒီလိုချည်းဆိုရင်တော့ မဖြစ်ဘူး"ဟုဆိုရာ ဆရာဌေးမောင်က အထက်ပါအတိုင်း ပြောလိုက်ခြင်း ဖြစ်ပါသည်။

ဆရာဌေးမောင်၏စကားကို ကြားရသော ဆရာပြည့်စုံက ရုတ်တရက် အံ့အားသင့်သွားသည်။

"စာတည်းအလုပ်တွေ မလုပ်ရဘဲ စာပြင်အလုပ်တစ်ခုတည်းပဲ ဖိဖိစီးစီးလုပ်ရရင် ခုလိုအခြေအနေဆိုးမှာ မဟုတ်ပါဘူး"ဟု ဆရာဌေးမောင်က ဆက်ရှင်းပြရာ-

"စာပြင်ဆရာအလုပ်ပဲလုပ်ရင် အယ်ဒီတာလခရမှာမဟုတ်ဘူး"ဟု ဆရာပြည့်စုံက ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ စာပြင်လခပဲပေါ့"

ထိုစဉ်က သွေးသောက်မဂ္ဂဇင်းကို ခဲစာလုံးစာစီပြီး ထုတ်ဝေရာ မဂ္ဂဇင်းတိုက်တွင် စာပြင်ဆရာ (ပရုရီဒါ) တစ်ယောက်ရှိ၏။ စာပြင်ဆရာမှာ အသက်ကြီးကြီး၊ မျက်စိမှုန်မှုန်နှင့် လူပြန်တော်တစ်ယောက်ဖြစ်သဖြင့် ပါဠိပါဠ်သားဘက်၌ ကျွမ်းကျင်သော်လည်း ခေတ်ပေါ်ဝေါဟာရများ၊ နိုင်ငံရပ်ခြားအကြောင်းအရာများ၊ နိုင်ငံခြားစကားလုံးများ၊ အစဉ်တိုးတက်နေသည့် သိပ္ပံပညာရပ်ဆိုင်ရာ ထွေပြားလှသည့် စကားလုံးများနှင့်မူ အတော် 'စိမ်း' နေလေသည်။ ထိုအချက်များနှင့် မျက်စိမှုန်ခြင်း၊ မျက်စိလျှမ်းတတ်ခြင်းတို့ ပေါင်းစပ်လိုက်သောအခါတွင် စာပြင်ဆရာပြင်ထားသောစာများ၌ အမှားအယွင်းများစွာ ကျန်နေတတ်တော့၏။

ထို့ကြောင့် ကော်လံလိုက် စာရှည်ကြီးစီထားသည့် ဂယ်လီပရူ၊ စာမျက်နှာဖွဲ့ပြီးသော မျက်နှာပရူ၊ နောက်ဆုံး စက်ပေါ်တင်၍ ပုံမနှိပ်မီ စက်ပရူ စသည်ဖြင့် အဆင့်ဆင့်စစ်ဆေးရာ စက်ပရူတွင် အမှားများနေလျှင် ပြင်ရခက်၏။ စာကျ၊ စာပိုတွေ့ရလျှင်ကား ပို၍ခက်ခဲကြန့်ကြာသည်။ စာအုပ်အချိန်မီထွက်နိုင်အောင် အချိန်လု၍ လုပ်ကိုင်နေရချိန်တွင် အလုပ်ရှင်အတွက် သည်းမခံနိုင်စရာ ဖြစ်နေပေတော့သည်။

ဆရာဌေးမောင်သည် ထိုအမှုကိစ္စအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို သိသော်လည်း မဂ္ဂဇင်းအချိန်မီထွက်ရှိရေး၊ ပုံနှိပ်ပြီးထွက်လာသော မဂ္ဂဇင်းတွင် အမှားအယွင်း အကျအပေါက် ကင်းစင်ရေး၊ အလုပ်ရှင် ဆရာပြည့်စုံ စိတ်အနှောင့်အယှက်မဖြစ်စေရေးတို့အတွက် တိုက်ထိုင်အယ်ဒီတာအဆင့်မှ စာပြင်ဆရာအဆင့်သို့ ဆင်း၍ စာပြင်အလုပ်တစ်ခုတည်းကိုပဲ ဖိဖိစီးစီး ဇောက်ချလုပ်ပါမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆရာဌေးမောင်သည် အယ်ဒီတာလခ ၁၈၀/- ကို မယူတော့ဘဲ စာပြင်လခ ၁၂၀/-သာ ယူပြီး တစ်လဝတ္ထုတိုတစ်ပုဒ်ရေးပါက ရမည့် ၃၀/- နှင့် ပေါင်း၍ တစ်လဝင်ငွေ ၁၅၀/- ရှိပါက ဖူလုံသည်။ မှန်မှန်စား၊ မှန်မှန်ဝတ်ရလျှင် ပြီးသည်ဟု သဘောထားကာ ဤသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆရာကြီးတွင် "ဘယ်လိုကြီးပွားအောင်လုပ်လိုက်မည်" ဆိုသည့် လောဘ၊ အတ္တမျိုးမရှိဘဲ အလုပ်အပေါ်တွင်ထားသော စေတနာ၊ မေတ္တာသာ ကြီးမားပုံကို အထင်အရှားတွေ့မြင်နိုင်ပါသည်။

**ဆရာကြီးဌေးမောင်နှင့် ရုပ်ရှင်ဝါသနာ**

ဆရာကြီးဌေးမောင်သည် ရုပ်ရှင်ဝါသနာပါသူတစ်ဦးလည်း ဖြစ်သည်။ ရုပ်ရှင်အသံတိတ်ခေတ်တွင် ဆရာဌေးမောင်၏ ဇာတ်ညွှန်းကို "သူပုန့်အချစ်" အမည်ဖြင့် အောင်ဇေယျရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးခဲ့သည်။ ရုပ်ရှင်သည် အသံတိတ်ခေတ်မှ အသံထွက်ခေတ်သို့ ကူးပြောင်းလာသောအခါ ယခင်တုန်းက ဒါရိုက်တာများသည် ဇာတ်လမ်းကို အလျဉ်းသင့်သလို စီစဉ်ရိုက်ကူးနေရာမှ စာရေးဆရာများ၏ ဝတ္ထုတို့ကို ဝယ်ယူ၍ ရုပ်ရှင်ရိုက်ကူးလာကြသည်။


စာနယ်ဇင်းလောကမှရသော စာမူခထက် ရုပ်ရှင်အတွက်ရသောငွေက အတော်အသင့်ပိုများသဖြင့် စာရေးဆရာအတော်များများသည် ရုပ်ရှင်ဘက်ကို စိတ်ဝင်စားလာကြသည်။

**စာမျက်နှာ ၉ သို့ ***









✻ စာမျက်နှာ ၈ မှ

ဆရာဋ္ဌေးမောင်လည်း ဇနီးဖြစ်သူ၏ တိုက်တွန်းချက်ကြောင့် "မြိုင်မာလာ" ဝတ္ထုကို ရေးသားခဲ့သည်။ ထိုဝတ္ထုကို မင်းသားမောင်သင်၊ မင်းသမီးတင်တင်အေး၊ မင်းသမီး ခင်သန်းနုတို့နှင့် ရိုက်ကူးခဲ့သည်။

ဆရာကြီးသည် ချစ်သွေးနီနီ၊ အသက်ဆံဖျား (အတုံ့အလှဲ့)၊ ဆန္ဒ စသည့်ဝတ္ထုများကို ရေးသားပြီး ရုပ်ရှင်ရိုက်ရန် ရောင်းခဲ့သည်။ ဆရာဋ္ဌေးမောင်မှာ ရုပ်ရှင်အတွက် ဝတ္ထုရောင်းရသည်ဆိုသော်လည်း အားနာတတ်ခြင်း၊ အပိုဝင်ငွေဟု သဘောထားခြင်း၊ လောဘနည်းခြင်းတို့ကြောင့် ငွေကား များများ စားစားရခဲ့သည်မဟုတ်ပေ။

ရုပ်ရှင်ဝါသနာပါသော ဆရာဋ္ဌေးမောင်သည် ရုပ်ရှင်အတွေ့အကြုံကို စမ်းသပ်ကြည့်သည့် အနေဖြင့် ကိုယ်တိုင်ရုပ်ရှင်ထုတ်လုပ်ရန် ကြံစည်ခဲ့ဖူးသည်။ "မြိုင်မာလာ" ဇာတ်ကားတွင် မင်းသားမောင်သင်နှင့်တွဲလျက်တစ်ကွက်၊ မင်းသားမြတ်လေး အကယ်ဒမီရသော "အမုန်း၏နောက်ဝယ်" ဇာတ်ကားတွင် မြတ်လေးနှင့်တွဲလျက်တစ်ကွက် ပါဝင်ခဲ့ဖူးသည်။

ထိုသို့ ကိုယ်တိုင်ကိုယ်ကျ ရုပ်ရှင်ကို ထိတွေ့ခြင်းမှာ ဝင်ငွေများရန်၊ နာမည်ကြီးရန်အတွက် မဟုတ်ဘဲ ရုပ်ရှင်ကြည့်ပရိသတ်မှာ စာဖတ်ပရိသတ်ထက် အဆပေါင်းများစွာ ပို၍များသောကြောင့် မိမိ၏အနုပညာကို လူအများ ထိတွေ့ခံစားစေလိုရင်း စေတနာဆန္ဒကြောင့်ဖြစ်သည်ဟု ဆရာကြီးက ပြောခဲ့ဖူးသည်။

**ဆရာကြီးဋ္ဌေးမောင်နှင့် စာပေဗိမာန်၏ သုတပဒေသာစာစောင်**

"ဟာ-ဆရာကြီး၊ ဓာတ်လှေကားနဲ့မတက်ဘဲ လှေကားကနေတက်လာတာ မောနေပြီပေါ့။ ထိုင်နားပါဦး"

ကျွန်မ စာပေဗိမာန်ရုံး၊ သုတပဒေသာဌာနတွင် တာဝန်ယူစဉ် ၂၀၁၂-၂၀၁၆ ခုနှစ်များဆီက ဆရာကြီးဋ္ဌေးမောင်နှင့် တွေ့ဆုံဆက်ဆံခဲ့ရသည်များကို အကြောင်းတိုက်ဆိုင်လာသဖြင့် ပြန်ပြောင်းသတိရမိပါသည်။

**"ဤသို့မဟုတ်မူဘဲ ကလေးသူငယ်တို့ကို လောလောဆယ်လျစ်လျူရှုထားလျှင်သို့မဟုတ် လုံလောက်အောင် ထိန်းကျောင်းပြုပြင်ပျိုးထောင်ပေးခြင်းကို မဆောင်ရွက်နိုင်လျှင် ကလေးလူငယ်တို့ လူညံ့လူဆိုးကလေးတွေ၊ အကျင့်ပျက်ကလေးတွေ၊ တာဝန်မဲ့ကလေးတွေဖြစ်ကုန်ကြကာ ယခုလူငယ်ပြဿနာသောင်းပြောင်းထွေလာ ပေါ်ပေါက်နေသလို နောင်အနာဂတ်တွင်လည်း ယခုထက် ပိုမိုဆိုးရွားသောအခြေအနေ နိုင်ငံအတွင်း၌ ပေါ်ပေါက်နိုင်စရာရှိပေသည်" ဟု စာတမ်းတွင် ရေးသားဖော်ပြထားရာ တိုင်းပြည်၏အနာဂတ်အရေးအတွက် ဆရာကြီး၏အမြော်အမြင်ကြီးမှု၊ ကြိုတင်တွက်ဆမျှော်မှန်းမှု၊ စေတနာထားမှု၊ မေတ္တာထားမှုတို့ကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရ။**

ဆရာကြီးသည် စကားကို ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ ပြောတတ်သည်။ အမူအရာမှာလည်း အေးချမ်းတည်ငြိမ်သိမ်မွေ့ပြီး ဟိတ်ဟန်မရှိ။ အမျိုးသားစာပေဆုရှင်၊ တစ်သက်တာစာပေဆုရှင်၊ စည်သူဘွဲ့ရသူတစ်ဦးဖြစ်သော်လည်း မာန်မာနမကြီး။ ကြီးသူ၊ ရွယ်သူ၊ ငယ်သူ မရွေး အမြဲလေးလေးစားစား ပြောဆိုဆက်ဆံသည်။

ထိုစဉ်က စာပေဗိမာန်ဓာတ်လှေကားမှာ ယခုကဲ့သို့ ခေတ်မီဓာတ်လှေကား မဟုတ်သေး။ စာပေဗိမာန်အဆောက်အအုံ၏ ဖွားဖက်တော်ဖြစ်သော စက်သီးကြိုးနှင့် ဓာတ်လှေကားဖြစ်သည်။ ဘာဂျာသံတံခါးဖြစ်သဖြင့် အတက်အဆင်းတွင် အတွင်းနှင့်အပြင် မြင်နိုင်သည်။ အလုံပိတ်မဟုတ်။ သို့သော် ထိုဓာတ်လှေကားကို ဆရာကြီးက မစီးရဲ။

ဤသို့ဆိုလျှင် အိမ်တွင် စာမူလာယူပါမည်ဟု ပြောသော်လည်း လက်မခံ။ အသက် ၈၀ ကျော် ဆရာကြီးက လွယ်အိတ်လေးကိုလွယ်ပြီး စာပေဗိမာန်လှေကားအထစ်ပေါင်း ၁၀၀ ကျော်ကို နင်းတက်ရင်း သုတပဒေသာစာစောင်အတွက် ဘာသာပြန်စာမူများကို ကိုယ်တိုင်လာပေးလေ့ရှိသည်။ မြို့ထဲထွက်ရင်း၊ စာပေတိုက်များသွားရင်း လာပို့ပေးခြင်းဖြစ်သည်ဟု ပြောသည်။ မည်သည့်အခါမျှ လူကြုံဖြင့်မပေး။

ကျွန်မတို့က ဆရာကြီး၏ ဘာသာပြန်စာမူများကို သုတပဒေသာစာစောင်တွင် လစဉ်ဖော်ပြပေးသည်။ တစ်ခါတစ်ရံ ကလေးသုတကဏ္ဍအတွက် ဘာသာပြန်ပုံပြင်များကို ချီးမြှင့်ပေးပါရန် တောင်းခံလျှင်လည်း နောက်တစ်လလာသောအခါ မမေ့မလျော့ ပါလာတတ်သည်။ ကျောင်းသုံးဗလာစာရွက်ကိုဖြုတ်ပြီးရေးလေ့ရှိသော ကလေးများ အတုယူစရာ၊ သင်ခန်းစာယူစရာ ဘာသာပြန်ပုံပြင် သုံး၊ လေးပုဒ် တစ်ခါတည်း ပေးသွားတတ်သည်။

ကျွန်မတို့စာတည်းအဖွဲ့က စာမူတောင်းလျှင်လည်း မည်သည့်အခါမျှမငြင်း။ ရေးပေးပါမည်ဟု ကတိပေးသည်။ ကတိမှာလည်း လူချင်းတွေ့တုန်းကိစ္စအေးအောင် ပြီးပြီးရော နှုတ်ဖျားကပေးသည့်ကတိမဟုတ်။ ပေးထားသည့်ကတိကိုတည်အောင် နောက်တစ်ခါလာသောအခါ တောင်းထားသည့် စာမူကို ပါအောင်ယူလာပြီး လက်ဝယ်အရောက်ပေးသည်။ ဤသည်မှာ ဆရာကြီး၏ ချစ်ခင်လေးစား အတုယူဖွယ်ရာဖြစ်သော ဝိသေသလက္ခဏာများပင်ဖြစ်ပါသည်။ နောင်တွင် ကျန်းမာရေးအရ ဆရာကြီး စာမူမချီးမြှင့်နိုင်တော့ပေ။ အပြင်သို့မထွက်တော့ဘဲ မြောက်ဒဂုံအိမ်တွင်သာ နေထိုင်ရင်း စာပေများ ရေးသားခဲ့သေးသည်။

ဇာတိရေနံမြေကို ခင်တွယ်သော ဆရာကြီးဋ္ဌေးမောင်သည် ၂၀၂၁ ခုနှစ် မတ်လ ၂၀ ရက်တွင် ချောက်မြို့ကိုပြန်သွားပြီးနောက် နှစ်ရက်အကြာ မတ်လ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ အေးစေတီရပ်၌ အသက် ၉၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

ဆရာကြီးဋ္ဌေးမောင် ကွယ်လွန်သွားခဲ့သော်လည်း ဆရာကြီး၏ ဂန္ထဝင်စာပေများမှာ ပျောက်ပျက်သွားလိမ့်မည်မဟုတ်ပေ။ ထို့အတူ ထိုဂန္ထဝင်စာပေများမှတစ်ဆင့် စာပေဂုဏ်ဆောင် ဆရာကြီးဋ္ဌေးမောင် သန္ဓေတည်ပျိုးထောင်ပေးခဲ့သော မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်သည် မြန်မာပြည်သူများအကြား အစဉ်အမြဲကိန်းအောင်း ရှင်သန်လျက်ရှိနေမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များ-**

(၁) စာနယ်ဇင်းသမိုင်း စာတမ်းများ (ပထမတွဲ)
(၂) မြန်မာစာပေအဘိဓာန်-အမှတ် (၂) နှင့် (၃) (မလိခ)
(၃) မြန်မာဝတ္ထုအညွှန်း (အမှတ် ၃၊ ၄ နှင့် ၅) (မလိခ)
(၄) ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ပွဲ လက်ကမ်းစာအုပ်
(၅) ဆရာကြီးဋ္ဌေးမောင် ရေးသားခဲ့သော စာအုပ်များ
(၆) ၂၇-၃-၂၀၂၁ ရက်ထုတ် စံတော်ချိန် သတင်းစာ
(၇) ၁၄-၆-၂၀၂၁ နှင့် ၁၇-၆-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများ

# ပြည်သူများအား သောက်သုံးရေဖူလုံစွာပေးနိုင်ရေး ဇော်ဂျီရေထိန်းဆည် ဘက်စုံပြန်လည်ပြုပြင်

**ကျောက်ဆည် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်နှင့် တံတားလည်ရပ်ကွက်အကြား အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအနီးတွင် တည်ဆောက်ခဲ့သော ဇော်ဂျီရေထိန်းဆည်ကို ပြည်သူများအား သောက်သုံးရေဖူလုံစွာပေးနိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူပြီး ဘက်စုံပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများ ပြန်လည်ပြုပြင်ရာတွင် ဟိုက်ဒရောလစ်ရေတံခါးများအား ပြန်လည်ပြုပြင်ခြင်း၊ မြစ်ရေလျှံမှုကြောင့် ရေတိုက်စားသွားသည့် ရေထိန်းဆည်အောက်ဘက် ယာဘက်ခြမ်းမြစ်ဘောင်အား အရှည် ၈၆ ပေ၊ အမြင့်လေးပေ၊ အကျယ် ၁၀ ပေ၊ ဂျင်းကျောက်မြေဖို့ခြင်း၊ ရေထိန်းဆည်ဝဲဘက်ခြမ်းတွင် အရှည် ၆၁ ပေ၊ အမြင့်သုံးပေ၊ အကျယ် ၁၀ ပေ၊ ဂျင်းကျောက်မြေဖို့ခြင်းနှင့် အရှည် ၇၂ ပေ၊ အမြင့်လေးပေ၊ ဒုကိုးလက်မရှိ ဝဲဘက်ခြမ်းမြစ်ကြမ်းပြင် ကွန်ကရစ်လောင်းခြင်းနှင့် အုတ်စီခြင်း၊ ဆိုင်းဘုတ်အသစ်ရေးသားခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါ ဇော်ဂျီရေထိန်းဆည်သည် ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအား သောက်သုံးရေဖူလုံစွာပေးနေသည့် ရေသန့်စက်ရုံအတွက် ဆောက်လုပ်ထားသည့် အဓိကကျသည့်ရေထိန်းဆည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# လက်ပံတန်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**လက်ပံတန်း ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနက ဦးစီး၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းက လက်ပံတန်းမြို့နယ်အတွင်း သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်ရာတွင် လက်ပံတန်းမြို့နယ် မုက္ခာကြိုးဝိုင်းအကွက်အမှတ်(၄)တွင် ကျွန်းပင် ၂၀၀၊ ယမနေ ၁၀၀ ပင်ကိုလည်းကောင်း၊ ကံတင်ဘီးလင်းကြိုးဝိုင်းအကွက်အမှတ်(၁)တွင် ကျွန်းပင် ၁၀၀ ၊ယမနေ ၅၀ ပင်ကိုလည်းကောင်း၊ စိန်ကန့်လန့်-ရိုးမဖြတ်လမ်း မိုင်တိုင်၂၅ မိုင်တိုင်တွင် ကျွန်းပင် ၁၀၀ ကိုလည်းကောင်း၊ ဘန့်ဘွေးကုန်းကျေးရွာလမ်းဘေးဝဲယာနှင့် စာသင်ကျောင်းဝန်းကျင်တွင် သစ်မျိုးစုံအပင် ၃၀၀ ကို လည်းကောင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်ရခြင်းမှာ သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာစိုပြည်စေရေး၊ ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရေးနှင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားရစေရန်ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများနှင့်အတူ နှစ်ပေအမြင့်ရှိသည့် ပျိုးပင်များ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှဦးစီးအရာရှိ ဦးအောင်ရဲဝင်းက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်မြင်သော ခရီးစဉ်တစ်ခု

စာရေးသူ – RONNIE LINS
Source – China Daily

ယခုနှစ်သည် တရုတ်ကွန်မြူနစ်ပါတီထူထောင်ခြင်း နှစ် (၁၀၀) ပြည့်မြောက်သည့်နှစ် ဖြစ်ပါသည်။ ပြီးခဲ့သည့် နှစ် (၁၀၀) ကာလအတွင်း တရုတ်နိုင်ငံသည် နက်ရှိုင်းလှသော နိုင်ငံရေး၊ အတွေးအခေါ်၊ ဒဿန၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ကြုံတွေ့ခဲ့ပါသည်။

**စက်မှုအခြေခံတည်ဆောက်**

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အချိန်ကာလသုံးခုမှာ အထူးဂရုပြုဖွယ်ကောင်းလှပါသည်။ ပထမကာလမှာ ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန်တွင် စတင်သည်။ ထင်ရှားသောဆောင်ရွက်မှုမှာ တရုတ်နိုင်ငံ၏ စက်မှုအခြေခံတည်ဆောက်ခြင်းဖြစ်သည်။ အဓိကမှာ ကျောက်မီးသွေးတူးဖော်ခြင်း၊ သံမဏိနှင့် ကုန်ကြမ်းဖန်တီးခြင်း၊ အဆောက်အအုံတည်ဆောက်ရေး၊ အကြီးစားစီမံကိန်း၊ ဓာတုဗေဒ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများဖြစ်သည်။

ဒုတိယကာလမှာ ၁၉၇၀ ပြည့်နှစ်နှောင်းပိုင်းမှ စတင်သော တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး ဖြစ်သည်။ နိုင်ငံတော်သည် အထူးစီးပွားရေးဇုန်များ တည်ဆောက်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ကာ ပြည်ပကုန်သွယ်ရေးဖော်ဆောင်၍ အလုပ်အကိုင်အခွင့်အလမ်း အများအပြားဖန်တီးနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံတော်သည် ခေတ်ကာလသစ်တစ်ခုကို ဖော်ဆောင်လာခဲ့ပြီး တရုတ်ခေတ်သစ်စီမံအုပ်ချုပ်မှုပုံစံကို အခြေခံ၍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဤအချက်သည် အလွန်ပေါ်လွင်ထင်ရှားပါသည်။ ဤပုံစံကို အကြောင်းအရာ၊ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်ဖြင့် ဖွဲ့စည်းထားသည်။ ၎င်း၏ အခြေခံလိုအပ်ချက်မှာ "တရုတ်ပြည်သူများအား ပျော်ရွှင်ချမ်းမြေ့စေရေး" နှင့် "တရုတ်အမျိုးသားထု ပြန်လည်နိုးထလာရေး" ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ၎င်းသည် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်၍ လူမှုရေးမညီမျှမှုများကို လျှော့ချပြီး တရုတ်ပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝအခြေအနေကို ဖန်တီးပေးရန် ရည်ရွယ်ပါသည်။

ထိုကဲ့သို့ပုံစံမျိုးကို တရားဝင်မသိရသော်လည်း ၎င်း၏ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များ ရှေ့နောက်ညီညွတ်မှုနှင့် ထိရောက်မှုများကို အတည်ပြုနိုင်ခဲ့ပါသည်။

လက်ရှိ တရုတ်နိုင်ငံ စီမံအုပ်ချုပ်ရေး၏ မဏ္ဍိုင်မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၊ ပြုပြင်ပြောင်းလဲရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်၊ နိုင်ငံခြားရေးမူဝါဒ၊ စနစ်စံနှုန်းနှင့် စောင့်ကြည့်လေ့လာရေးတို့ဖြစ်ပါသည်။

**ပြုပြင်ပြောင်းလဲမှုများ ကြိုးပမ်းဆောင်ရွက်**

ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးသော စီမံအုပ်ချုပ်မှုအရေးကိစ္စ ဖြစ်ပါသည်။ ၎င်းတို့ကို ယေဘုယျအားဖြင့် အကောင်အထည်ဖော်ရန် မလွယ်ကူပါ။ အကြောင်းမှာ ပြုပြင်ပြောင်းလဲခြင်းသည် လူတချို့၏အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းကြောင့် ဖြစ်သည်။ သို့သော် ပြုပြင်ပြောင်းလဲရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလေသည်။ တရုတ်နိုင်ငံအစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီသည် အခွန်၊ လုံခြုံရေးနှင့် တရားစီရင်ရေးစနစ်၊ လူမှုဖူလုံရေး၊ အိုးအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥဏာပစ္စည်းမူပိုင်ခွင့်နှင့် စွမ်းအင်ဖွဲ့စည်းမှုပုံစံ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဒေသစီမံကိန်း စသည့်နယ်ပယ်များ၌ ပြုပြင်ပြောင်းလဲမှုများကို နက်နက်ရှိုင်းရှိုင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးအဖွဲ့အစည်းမှ လူမှုကဏ္ဍပြောင်းလဲခြင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော လူတော်လူချွန်များ သေချာပေါက် မွေးထုတ်ပေးရမည်။

စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အကြောင်းအရာဖြစ်သည်။ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကို မက်ခရိုစီးပွားရေးမူဝါဒ၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဈေးကွက်၊ ရင်းနှီးမြှုပ်နှံမှု၊ တီထွင်ဖန်တီးမှုနှင့် နည်းပညာ စသည်တို့က အဆုံးအဖြတ်ပေးနေပါသည်။

ပြည်ပဆက်ဆံရေးနှင့်စပ်လျဉ်း၍ အစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီသည် ဘက်ပေါင်းစုံဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းသည်။ "Belt and Road" အဆိုပြုချက် စသည့် ကမ္ဘာလုံးဆိုင်ရာ စီမံကိန်းများကို အားပေးသည်။

အချုပ်အားဖြင့်ဆိုသော် ယင်းသည် တရုတ်ကွန်မြူနစ်ပါတီမှ နိုင်ငံတော်ကို ယနေ့အခြေအနေ ဖြစ်လာအောင် အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့ပုံဖြစ်သည်။

ကံမကောင်းစွာဖြင့် ကမ္ဘာကြီးသည် ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်ကို အကြီးအကျယ် ခံစားခဲ့ရသည်။ သို့သော် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဦးဆောင်မှုအောက်တွင် တရုတ်နိုင်ငံသည် တစ်ပြေးညီလမ်းညွှန်မှုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို အောင်မြင်စွာ ထိန်းချုပ်နိုင်ပြီး ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ကာ စီးပွားရေးပြန်လည်ရှင်သန်အောင် ဆောင်ရွက်နိုင်သည်ကို ကမ္ဘာကြီးထံသို့ ပြသခဲ့ပါသည်။

ယင်းအောင်မြင်မှုသည် တရုတ်ကွန်မြူနစ်ပါတီ၏ အရေးပါမှုကို သက်သေထူနိုင်ခဲ့သည်။ အကြောင်းမှာ ၎င်း၏ဦးဆောင်ဦးရွက်ပြုသူသည် တစ်နိုင်ငံလုံးကို စည်းလုံးညီညွတ်စေခဲ့ပြီး သင့်လျော်သောအစီအမံများ ဖော်ဆောင်၍ ဤပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုတစ်ခုကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**အတုယူ၍ ပြင်ဆင်ဆောင်ရွက်**

ပါတီ နှစ် (၁၀၀) တည်ရှိခဲ့သော အတွေ့အကြုံနှင့် ဗဟုသုတများသည် တရုတ်ဉာဏ်ပညာအဖိုးတန်မှု၏ အရင်းအမြစ် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ယင်းကိုအတုယူ၍ မိမိနိုင်ငံ၏ ထူးခြားချက်များနှင့်အညီ အောင်မြင်မှုအတွေ့အကြုံများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်နိုင်ပါသည်။

ဥပမာအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ စီမံကိန်းများရေးဆွဲရာတွင် ရှေ့နောက်ညီညွတ်ရန် လိုအပ်ပါမည်။ ထိုစီမံကိန်းများသည် နိုင်ငံရေး၊ အယူဝါဒ၊ လူမျိုးစု၊ ဘာသာရေးနှင့် အခြားထူးခြားချက်လက္ခဏာများနှင့် သက်ဆိုင်မှုမရှိရပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများ ကြုံတွေ့ရသော အဓိကပြဿနာများမှာ တူညီတတ်ကြပါသည်။ သို့သော် နိုင်ငံတိုင်း၏ ထူးခြားချက်နှင့်အညီ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို အတည်ပြုဆောင်ရွက်ရပါမည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍသည် ကုန်သွယ်ရေးနှင့် လူပုဂ္ဂိုလ်သွားလာစီးဆင်းမှု ပိုမိုကောင်းမွန်စေရန်အတွက် စနစ်တကျဖွဲ့စည်းမှုပုံစံ လိုအပ်လျက်ရှိသည်။ ပိုမိုကောင်းမွန်သောရလဒ်များ ရရှိနိုင်အောင် အသင့်လျော်ဆုံးသော ထောက်ပံ့ပို့ဆောင်ရေးပုံစံဖြင့် ဒေသအသီးသီးနှင့် မည်သို့ချိတ်ဆက်ရမည်ကို နားလည်ရန် တရုတ်နိုင်ငံ၏ အတွေ့အကြုံများက အရေးပါနေပါသည်။

တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အတွေ့အကြုံသည်လည်း အလွန်အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးသဘောတရားသည် လူတစ်ဦးချင်းဝင်ငွေကို တိုးမြှင့်ရုံမျှသာမဟုတ်ဘဲ ဆေးကုသရေး၊ ကျန်းမာရေး၊ အိုးအိမ်၊ ပညာရေးနှင့် ဝင်ငွေရအလုပ် စသည့်လိုအပ်ချက်များကို ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လူနေမှုဘဝအခြေအနေကို ဖန်တီးခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် ဤမူဝါဒများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် အလွန်လိုအပ်ပါသည်။ ။

> **တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အတွေ့အကြုံသည်လည်း အလွန်အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးသဘောတရားသည် လူတစ်ဦးချင်းဝင်ငွေကို တိုးမြှင့်ရုံမျှသာမဟုတ်ဘဲ ဆေးကုသရေး၊ ကျန်းမာရေး၊ အိုးအိမ်၊ ပညာရေးနှင့် ဝင်ငွေရအလုပ် စသည့် လိုအပ်ချက်များကို ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လူနေမှုဘဝအခြေအနေကို ဖန်တီးခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် ဤမူဝါဒများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် အလွန်လိုအပ်။**

# ရေနံချောင်းမြို့၌ အပူဒဏ်ကာကွယ်ရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရေနံချောင်း ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနက ဦးဆောင်ကာ ဌာနဆိုင်ရာများ စုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ရေနံချောင်းမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၃၅၃/၇) ၌ ပြုလုပ်သည်။

**စုပေါင်းစိုက်ပျိုး**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများက ကုက္ကိုပင် ၁၀၀၊ မဲဇလီပင် ၁၀၀နှင့် ယူကလစ်ပင် ၁၀၀ စုစုပေါင်း အရိပ်ရပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၂ မိုးရာသီ သစ်ပင်စိုက်ခင်းတွင်လည်း ကုက္ကိုပင် ၅၀၊ တမာပင် ၅၀နှင့် မဲဇလီပင် ၅၀ တို့ကိုလည်း စုပေါင်းစိုက်ပျိုးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့ကို နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် ၂၇၄ /၂၀၂၁**

**၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်**

**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်များရှိနေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၄-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

*** ကိုဗစ်-၁၉ ရောဂါ**

ထွက်ရှိသော အမှိုက်များအား စုစည်းရန် သတ်မှတ်သည့်နေရာ၌ လီတာ ၆၆၀ ဆံ့ အမှိုက်ပုံးများ၊ သံပုံးများနှင့် တစ်ဆင့်စုယာဉ်ငယ်များအား ထားရှိပေးထားပြီး အမှိုက်များစုစည်းစေရန်အတွက် သီးခြားစုဖွဲ့ထားရှိသော ဝန်ထမ်းအင်အား ၅၀ နှင့် သီးခြားအမှိုက်သိမ်းယာဉ်များဖြင့် အဆိုပါအမှိုက်များသိမ်းဆည်း၊ သယ်ဆောင်ခြင်းများအား ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ ယနေ့အချိန်အထိ ဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။

**စွမ်းအင်ထုတ်စက်ရုံ(ရန်ကုန်)**

မြန်မာနိုင်ငံ၌ ပထမဦးဆုံး အမှိုက်မှစွမ်းအင်ထုတ်စက်ရုံ(ရန်ကုန်)ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးပညာဖြင့် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ရန်ကုန်ပြည်လမ်းနှင့် အမှတ်(၄)လမ်းတို့ကို ဆက်သွယ်ထားသော လှော်ကားလမ်းမရှိ မြေဧရိယာ ၁၅ ဧကခန့်ပေါ်၌ အမေရိကန်ဒေါ်လာ ၁၆ သန်း အကုန်အကျခံ တည်ဆောက်ထားပြီး အဆိုပါစက်ရုံ၌ စွန့်ပစ်အမှိုက်များကို လျှပ်စစ်ဓာတ်အားအဖြစ် နေ့စဉ်ထုတ်လုပ်လျက်ရှိရာ တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၀၀ နှုန်းဖြင့် တစ်ရက်အတွက် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၆၈၀၀ ကို နေ့စဉ်ပုံမှန် ထုတ်လုပ်ပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃

| | |
|---|---|
| ကျောက်တော် | ၆ ဒသမ ၆၅ လက်မ |
| မာန်အောင် | ၅ ဒသမ ၉၁ လက်မ |
| ဘီးလင်း | ၅ ဒသမ ၀၈ လက်မ |
| မောင်တော | ၄ ဒသမ ၀၂ လက်မ |
| တောင်ကုတ် | ၃ ဒသမ ၄၃ လက်မ |
| ကျောက်ဖြူ | ၃ ဒသမ ၀၇ လက်မ |
| သရက် | ၂ ဒသမ ၉၅ လက်မ |
| ပေါင် | ၂ ဒသမ ၈၃ လက်မ |
| ကွမ်းခြံကုန်း | ၂ ဒသမ ၈၀ လက်မ |
| သံတွဲ | ၂ ဒသမ ၇၆ လက်မ |

မိုး/ဇလ

## ငဖဲမြို့ မန်းချောင်းရေလှောင်တမံမှ မိုးစပါးလျာထား ၂၉၇၄ ဧကအတွက် ရေပေးဝေ

**ငဖဲ ဇူလိုင် ၃**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိမန်းချောင်းရေလှောင်တမံဆည်ရေသောက်ဧရိယာများတွင် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၂၉၇၄ ဧကအတွက် စတင်ပျိုးထောင်စိုက်ပျိုးနိုင်ရန် ဇူလိုင် ၁ ရက်မှစတင်၍ ဆည်ရေပေးဝေလျက်ရှိကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးထံမှ သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါးများ စိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ မြောင်းလက်တံအလိုက် မိုးစပါးစိုက်ပျိုးရန်လျာထားမှုအနေဖြင့် လက်ဝဲမြောင်းမကြီးရှိ ကျေးရွာအုပ်စုခြောက်အုပ်စု ကွင်းပေါင်း ၁၄ ကွင်းတွင် လျာထားဧက ၁၀၀၃ ဧက၊ လက်ယာမြောင်းမကြီးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကွင်းပေါင်း ၁၅ ကွင်းအတွက် လျာထားဧက ၁၉၇၁ ဧက စုစုပေါင်း ၂၉၇၄ ဧကနှင့် ရင်းရှည်တမံဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာအုပ်စုနှစ်အုပ်စု ကွင်းပေါင်းလေးကွင်းရှိ လျာထားဧက ၂၈၅ ဧက စုစုပေါင်းကျေးရွာအုပ်စု ၁၅ အုပ်စု ကွင်းပေါင်း ၃၃ ကွင်းတွင် မိုးစပါးများ ပျိုးထောင်စိုက်ပျိုးနိုင်ရန် လျာထားဧက ၃၂၅၉ ဧကဖြစ်ကြောင်း သိရသည်။

အဆိုပါမန်းချောင်းရေလှောင်တမံ၏ ကန်ရေပြည့်ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၂၀၀၀ ဖြစ်ပြီး ယနေ့လက်ရှိ ရေသိုလှောင်ပမာဏမှာ ၃၅၀၀၀ ကျော်ရှိသည့်အတွက် ဆည်ရေပေးဝေနိုင်သည့်ဧရိယာမှာ မိုးစပါး ၂၉၇၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ မိုးစပါး စတင်ပျိုးထောင်ရေအတွက် ဇူလိုင် ၁ ရက်မှစ၍ ဆည်ရေပေးဝေလျက်ရှိကြောင်း၊ ရင်းရှည်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းမှ မိုးစပါးပျိုးထောင်ရန်အတွက် စိုက်ပျိုးရေကို ဇူလိုင် ၂၀ ရက်တွင် စတင်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ဂျပန်နိုင်ငံ ရှီဇိုကာခရိုင်၌ ကြီးမားသောမြေပြိုမှုဖြစ်ပွား၊ အနည်းဆုံး ၂၀ ပျောက်ဆုံး

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ ရှီဇိုကာခရိုင်၌ ကြီးမားသောမြေပြိုမှု တစ်ခု ယနေ့ဖြစ်ပွားခဲ့ရာ လူ ၂၀ ထက်မနည်းပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှစပြီး ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။

အဆိုပါကမ်းရိုးတန်းတစ်လျှောက်ရှိ ရှီဇိုကာခရိုင် အတာမီမြို့၌ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေပြိုကျမှုကို အမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားပြီး မြေပြိုကျပြီးနောက် အနီးဝန်းကျင်ရှိ အိမ်ထောင်စု ၂၀၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် ဒေသန္တရအာဏာပိုင်များက ထုတ်ပြန်ကြေညာထားသည်။

မြေပြိုကျမှုဖြစ်ပွားစဉ် ရွံ့နုန်းမြေများ တစ်ဟုန်ထိုးကျဆင်းလာမှုကို မြင်တွေ့ခဲ့ရကြောင်းနှင့် လူနေအိမ်များအပေါ်သို့ ဖုံးလွှမ်းသွားကြောင်း ဒေသခံပြည်သူတစ်ဦးက ဆိုသည်။ မြေပြိုကျပြီးနောက် ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျခြင်းဖြစ်ကြောင်းနှင့် ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှု သာမန်ထက်ပိုမိုများပြားကြောင်း အတာမီမြို့ မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက ဆိုသည်။ ရှီဇိုကာနှင့် ကာနာဂါဝါခရိုင်တို့တွင် မိုးရွာသွန်းမှု ပိုမိုများပြားကြောင်း ၎င်းတို့က ပြောကြားသည်။ ရှီဇိုကာ၊ ကာနာဂါဝါနှင့် ချီဘာခရိုင်များတွင် မြေပြိုမှုသတိပေးချက်များ ထုတ်ပြန်ကြေညာထားသည်။

အချို့သောမြစ်များအတွင်း မြစ်ရေမြင့်တက်မှုသည် စိုးရိမ်အမှတ်ကို ကျော်လွန်လျက်ရှိသည်။

မိုးလေဝသဆိုင်ရာ နောက်ဆုံးရသတင်းများကို



မျက်ခြည်မပြတ်စောင့်ကြည့်ရန် ပြည်သူများအား အာဏာပိုင်များက တိုက်တွန်းပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၅၈ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇူလိုင် ၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၅၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၇၂၆၀၇ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၇ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၄၃၄ ဦးရှိလာခဲ့ပြီဖြစ်သည်။ အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ထက်ဝက်ကျော်သည် မြို့တော်ကွာလာလမ်ပူနှင့် ဆီလန်ဂေါပြည်နယ်တို့မှဖြစ်ကြောင်း သိရသည်။

ဆီလန်ဂေါပြည်နယ်၌ ဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လျက်ရှိသည့်အတွက် ဇူလိုင် ၃ ရက်မှစပြီး တင်းကျပ်သော ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ ထပ်မံချမှတ်ထားကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း၌ ခရီးသွားလာမှုကန့်သတ်ချက်ကိုလည်း ဇွန် ၁ ရက်မှ စတင်ချမှတ်ထားသည်။ အဆိုပါ ကန့်သတ်ချက်တွင် မရှိမဖြစ်လိုအပ်သော လုပ်ငန်းများဆောင်ရွက်မှုမှအပ ကျန်စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးရာကိစ္စရပ်များဆောင်ရွက်ခြင်းကို ကန့်သတ်ထားသည်။

ဗိုင်းရပ်စ်ကူးစက်မှုများ လျော့နည်းလာချိန်တွင် နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေး အမျိုးသားစီမံချက်တစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားအစိုးရက ကြေညာထားသည်။ ယင်းအစီအစဉ်တွင် စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးရာကိစ္စရပ်များဆောင်ရွက်ခြင်းကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါအစီအစဉ်ကို ယခုနှစ်မကုန်မီ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၃၀ ထပ်မံတွေ့ရှိ

**ဗန်ကောက် ဇူလိုင် ၃**

ထိုင်းနိုင်ငံ၌ ယနေ့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၃၀ ကို ထပ်မံတွေ့ရှိရကြောင်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၇၇၁၅၁ ဦးရှိလာသည်။

အလားတူ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း ၂၁၈၂ ဦး ရှိလာကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၆၂၃၀ အနက် လေးဦးမှာ ပြည်ပမှ ရောဂါကူးစက်လာသူများဖြစ်ပြီး ၆၂၂၆ ဦးမှာ ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူများဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ထိန်းချုပ်နိုင်ရန်အတွက် မြို့တော်ဗန်ကောက်နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ဇွန်လနှောင်းပိုင်းက ဆိုင်ထိုင်စားသောက်ခြင်းကို တားမြစ်ခဲ့သည်။ နိုင်ငံအတွင်း ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀ ဒသမ ၅ သန်းကျော်ကို ထိုးနှံပေးခဲ့ရာတွင် နိုင်ငံလူဦးရေ၏ ၄ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးစီးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





## ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၂၂ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇူလိုင် ၃**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၂၂ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၀၄၃ ဦးရှိလာပြီဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အဆိုပါကူးစက်မှုအရေအတွက်သည် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်သည်။ ဇွန် ၂၆ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၇၃၈ ဦးအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးတွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၇၁၄ ဦးသည် ဟိုချီမင်းစီးတီးမှဖြစ်ပြီး ၃၈ ဦးသည် ဘင်ဒေါင်ခရိုင်နှင့် ကျန် ၃၇ ဦးသည် ဖူယန်ခရိုင်တို့မှ ဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါကူးစက်ခံရသူအများစုသည် ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံမှုရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၂၄၈ ဦးကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၇၆၄၃ ဦးရှိလာခဲ့ပြီဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသပေါင်း ၉၈ ခုသို့ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပြန့်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲသတိပေး

**ဂျီနီဗာ ဇူလိုင် ၃**

ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်သည် လက်ရှိအချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသပေါင်း ၉၈ ခုသို့ ကူးစက်ပြန့်နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ်အက်ဒ်နွန် ဂါဘရီယီဆက်က ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိသော ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်သည် အန္တရာယ်ရှိသောဗိုင်းရပ်စ်အမျိုးအစားဖြစ်သောကြောင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များချမှတ်ဆောင်ရွက်ရာတွင် သတိပြုပြီး ဆောင်ရွက်သွားရမည်ဟု ၎င်းက သတိပေးပြောကြားသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ကပ်ရောဂါဖြစ်ပွားမှုအရှိန်လျှော့ချရေး၊ ကမ္ဘာ့ပြည်သူများအား အဆိုပါကပ်ရောဂါကြောင့် အသက်ဆုံးရှုံးမှုမှ တားဆီးနိုင်ရေး၊ ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူရေးနှင့် ဗီဇပြောင်းဗိုင်းရပ်စ်များ ကမ္ဘာတစ်ဝန်း လျင်မြန်စွာကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရေးတို့အတွက် ကာကွယ်ဆေးထိုးနှံခြင်းသည်သာ အကောင်းဆုံးသော နည်းလမ်းတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လာမည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံတိုင်းမှ နိုင်ငံသား အနည်းဆုံး ၇၀ ရာခိုင်နှုန်းခန့်ကာကွယ်ဆေးထိုးနှံပြီးစီးရေး ကူညီဆောင်ရွက်ကြရန် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များကို မိမိတိုက်တွန်းကြောင်း ဂါဘရီယီဆက်က ပြောကြားသည်။

ထို့ပြင်ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ အနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာကျန်းမာရေး စည်းမျဉ်းများကို ပိုမိုတင်းကျပ်ဆောင်ရွက်ခြင်းနှင့် ရောဂါကုသရေးအတွက် လိုအပ်သော အောက်ဆီဂျင်အပါအဝင် ဆေးဘက်ဆိုင်ရာပစ္စည်းများကို မျှဝေသုံးစွဲရေးတို့ကိုလည်း မဖြစ်မနေဆောင်ရွက်သွားရမည်ဟု ၎င်းက ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရေးပေါ်သုံးစွဲရန် အတည်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သိပ္ပံပညာရှင်အကြီးအကဲဖြစ်သူ ဆိုမြာဆွာမိနာသန်က ပြောကြားသည်။ သို့ရာတွင် ကာကွယ်ဆေးများ၏ ရောဂါကာကွယ်နိုင်စွမ်းအားကို အပြည့်အဝရရှိစေရန်အတွက် သတ်မှတ်ထားသော အကြိမ်အရေအတွက် အပြည့်ထိုးနှံမှုခံယူကြရန် ၎င်းက သတိပေးပြောကြားသည်။




အဆိုပါအရေးပေါ်သုံးစွဲရန် အတည်ပြုထားသော ကာကွယ်ဆေးများမှာ Pfizerကာကွယ်ဆေး၊ AstraZeneca ကာကွယ်ဆေး၊ Johnson & Johnson ကာကွယ်ဆေး၊ Moderna ကာကွယ်ဆေး၊ Sinopharm ကာကွယ်ဆေးနှင့် Sinovac ကာကွယ်ဆေးတို့ဖြစ်သည်။

**ကိုးကား - စီဂျီတီအန်**
**ဘာသာပြန် - စိုးသူရ**



# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံး

**ဖနောင်ပင် ဇူလိုင် ၃**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၆ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၉၆ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါသေဆုံးမှုအရေအတွက်သည် ဇူလိုင် ၂ ရက်တွင် သေဆုံးမှုအရေအတွက် ၃၂ ဦးထက်ကျော်လွန်ကာ နိုင်ငံအတွင်း ဗိုင်းရပ်စ်စတင် ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး သေဆုံးမှုအရေအတွက် အမြင့်မားဆုံးဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၈ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၃၂၉၈ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၆၁၅ ဦးရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၁၂၃ ဦးရှိလာခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုပျံ့နှံ့လျက်ရှိသည့်အတွက် ကျန်းမာရေးစည်းမျဉ်းများကို သေချာစွာလိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒိုင်းက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၇ ဒသမ ၅၅ သန်းထိုးနှံပေးပြီးဖြစ်သည်။ ပြည်သူ ၄ ဒသမ ၃၉ သန်းသည် ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၃ ဒသမ ၁၆ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလမတိုင်မီ ပြည်သူ ၁၀ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် ကမ္ဘောဒီးယားအစိုးရက စီစဉ်ထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၈၅၇ ဦးထပ်မံသေဆုံး

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၃**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၈၅၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၁၉၅၂ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၁၆၅ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၆၈၇၄၆၉ ဦးရှိလာခဲ့ပြီဖြစ်သည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် အများဆုံးဖြစ်သည့် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယ သေဆုံးသူအရေအတွက် အများဆုံးဖြစ်သည်။ ရောဂါကူးစက်မှု အရေအတွက် အများဆုံးနိုင်ငံများအနက် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် တတိယ ကူးစက်ခံရသူအရေအတွက် အများဆုံးဖြစ်သည်။

ဘရာဇီးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လျက်ရှိသည့်အတွက် နိုင်ငံအတွင်းရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများနှင့် ပြည့်နှက်လျက်ရှိသည်။

သေဆုံးမှုနှုန်းတွင် လူတစ်သိန်းလျှင် ၂၄၈ ဒသမ ၄ ဦးနှုန်း သေဆုံးလျက်ရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၀၁ ဒသမ ၁ သန်းကျော်ထိုးနှံပေးပြီးဖြစ်သည်။ ပြည်သူ ၂၆ ဒသမ ၅ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၈၃၉၅၈၈၇၁ ဦး | ၃၉၈၂၂၁၇ ဦး | ၁၆၈၃၆၇၇၃၀ ဦး |

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**
မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အောင်လံမြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ပြလို့ကျေးရွာနှင့် ပွဲသာကျေးရွာကြားရှိ တောင်စောင်းအနီး မြေကျင်းတစ်ခုအတွင်းမှ လက်လုပ်ဗုံး ၇၅ လုံး၊ Black Powder မှုန့်များ ထည့်ထားသည့် ဆပ်ပြာဘူးကြီး လေးဘူးနှင့် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ပုလဲခာတ်မြေသြဇာ ငါးကီလိုခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ မြိုင်ကုန်းကျေးရွာရှိ "ဝိလာသာရာမကျောင်းသစ်" ကျောင်းတိုက်အတွင်း၌ လက်လုပ်မိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ကျောင်းထိုင်ဆရာတော် ဦးပညာသာမိ(၄၀)နှစ် (၂၄)ဝါ၊ (ဘ)ဦးချစ်ပါသံဃာ သုံးပါးနှင့် မြင်းခြံကုန်းကျေးရွာနေ ဦးမောင်မောင်ဒီ(၃၃)နှစ် (ဘ)ဦးထွန်းထွန်းဦးပါ အမျိုးသား ရှစ်ဦးတို့ကို တွေ့ရှိရပြီး ဆက်လက်ရှာဖွေခဲ့ရာ ကျောင်းဝင်းအတွင်းရှိ စတိုခန်းအတွင်းမှ လက်လုပ်မိုင်းအခွံ ၁၂ ခု၊ ကန့် တစ်ပိဿာ၊ ယမ်းမှုန့် တစ်ပိဿာ၊ ယမ်းကြိုး ၁၅ ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အရေးယူဆောင်ရွက်သွားမည်**

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သို၀ှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အောင်လံမြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် ပြလို့ကျေးရွာနှင့် ပွဲသာကျေးရွာကြားရှိ တောင်စောင်းအနီး မြေကျင်းတစ်ခုအတွင်းမှ လက်လုပ်ဗုံး ၇၅ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာရှိ သစ်သားတံတား တစ်စင်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး



ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာရှိ သစ်သားတံတား တစ်စင်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှု။

**နေပြည်တော် ဇူလိုင် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာရှိ သစ်သားတံတား တစ်စင်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီခန့်တွင် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ အိုးဖိုတန်းရပ်ကွက်မှ ကင်းစေတီဘုရားသို့ အသွားလမ်းပေါ်ရှိ သစ်သားတံတားတစ်စင်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်းသတင်းအရလုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းပေါ်ရှိ အလျား ၁၀ ပေ၊ အကျယ် ၁၅ ပေခန့်ရှိ သစ်သားတံတားတစ်စင်းအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားတစ်စင်းလုံး မီးလောင်ကျွမ်း ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ အများပြည်သူသွားလာရေး လွယ်ကူစေရန် ဆောက်လုပ်ထားရှိသော တံတားကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဆိုပါတံတားအား အသစ်ပြန်လည်တည်ဆောက်၍ အသုံးပြုနိုင်ရေး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်သူများ၏ တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**
ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်သူများ၏ တိုက်ခိုက်မှုများကြောင့် ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများနှင့် လူနေအိမ်များတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။



ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်များ၌ နယ်မြေခံ တပ်မတော်သားများ၊ ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

**ဆောင်ရွက်ပေး**

အဆိုပါ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်များ၌ နယ်မြေခံ တပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဘာသာရေးအဆောက်အအုံ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ အလုံး ၄၀၊ နေအိမ် ၁၆ လုံး၊ ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံ တစ်လုံးနှင့် နေအိမ် ၂၃ လုံးတို့ကို ပြန်လည်ပြုပြင်ပေးနိုင်ခဲ့သည်။

ထို့ပြင် အဆိုပါမြို့နယ်များအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဘိလပ်မြေ အိတ် ၂၆၀၀၊ သွပ် အချပ် ၁၂၂၀ နှင့် အုတ် အလုံး ၆၆၀၀ တို့ကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဇူလိုင် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၈၇၇ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၀၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၇၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၆၁,၉၈၃) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၆၃,၀၈၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၁၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၈,၀၂၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၂၀)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၃၈၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၀၈) ခု | (၆၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၆) ခု | (၁၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၂) ခု | (၄၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၀) ခု | (၅၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၄) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၃) ခု | (၂၃) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၁) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၃၈) ခု | (၃၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၁၈) ခု | (၁,၂၁၀) ဦး |
| စုစုပေါင်း | (၉,၀၅၄) ခု | (၁,၈၇၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၈၀၀၁၉၈ | ၂၉၀၇၂၈၈၁ | ၆၂၁၁၆၁ |
| ၂။ | အိန္ဒိယ | ၃၀၅၀၂၃၆၂ | ၂၉၆၀၅၇၇၉ | ၄၀၁၀၆၈ |
| ၃။ | ဘရာဇီး | ၁၈၆၈၇၄၆၉ | ၁၆၉၈၉၃၅၁ | ၅၂၂၀၆၈ |
| ၄။ | ပြင်သစ် | ၅၇၈၀၆၄၈ | ၅၆၂၆၆၇၅ | ၁၁၁၁၃၅ |
| ၅။ | ရုရှား | ၅၅၈၅၇၉၉ | ၅၀၅၃၄၁၇ | ၁၃၇၂၆၂ |
| ၆။ | တူရကီ | ၅၄၃၅၈၃၁ | ၅၃၀၅၈၅၆ | ၄၉၈၂၉ |
| ၇။ | ဗြိတိန် | ၄၈၅၅၁၆၉ | ၄၃၂၉၇၆၉ | ၁၂၈၁၀၉ |
| ၈။ | အာဂျင်တီးနား | ၄၅၁၂၄၃၉ | ၄၁၁၄၀၉၆ | ၉၅၃၈၂ |
| ၉။ | ကိုလံဘီယာ | ၄၂၉၇၃၀၂ | ၃၉၉၃၆၅၁ | ၁၀၇၇၂၃ |
| ၁၀။ | အီတလီ | ၄၂၆၁၅၈၂ | ၄၀၈၆၁၈၈ | ၁၂၇၆၁၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၂၅၆၈၅၁ | ၁၉၁၅၁၄၇ | ၆၀၀၂၇ |
| ၂။ | ဖိလစ်ပိုင် | ၁၄၃၀၄၁၉ | ၁၃၅၁၆၉၁ | ၂၅၀၆၃ |
| ၃။ | မလေးရှား | ၇၇၂၆၀၇ | ၇၀၀၂၁၅ | ၅၄၃၄ |
| ၄။ | ထိုင်း | ၂၇၇၁၅၁ | ၂၁၇၄၉၉ | ၂၁၈၂ |
| ၅။ | မြန်မာ | ၁၆၃၀၈၇ | ၁၃၈၀၂၆ | ၃၃၈၄ |
| ၆။ | စင်ကာပူ | ၆၂၆၀၆ | ၆၂၂၅၀ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၅၃၂၉၈ | ၄၆၁၂၃ | ၆၉၆ |
| ၈။ | ဗီယက်နမ် | ၁၈၃၆၀ | ၇၃၉၅ | ၈၄ |
| ၉။ | လာအို | ၂၂၁၃ | ၂၀၁၉ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၆၂ | ၂၅၀ | ၃ |

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်း တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ် ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ်ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ နှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်း ရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatony Mikhainovich နှင့် တွေ့ဆုံမေးမြန်းခြင်း

နေပြည်တော် ဇူလိုင် ၃

**ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatony Mikhainovich နှင့် တွေ့ဆုံမေးမြန်းထားပါသည်။ အဆိုပါတွေ့ဆုံမေးမြန်းမှုနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်–**

**(ယမန်နေ့မှအဆက်)**



**မေး။ နောက်ထပ်မေးခွန်းကတော့ ပေးပို့ထားတဲ့ မေးခွန်းထဲမှာတော့ မပါပါဘူးရှင့်။ ထပ်ပြီးတော့ မေးလိုပါတယ်ရှင့်။ ဖြေနိုင်မယ်ဆိုရင် ဖြေကြားပေးစေလိုပါတယ်ရှင့်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ယခုခရီးစဉ်ကနေ ရုရှား-မြန်မာ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အပါအဝင် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဘာတွေများ ရရှိနိုင်မလဲလို့ မျှော်လင့်ပါသလဲရှင့်။**

**ဖြေ။** ဒီမေးခွန်းဟာ တစ်ဖက်မှာ လွယ်ကူတယ်လို့ ထင်ရပေမယ့်လည်း တစ်ဖက်မှာတော့ ဖြေကြားရန် ခက်ခဲတဲ့အပိုင်းတွေရှိနေပါတယ်။ ဘာကြောင့် ခက်ခဲရလည်းဆိုတော့ အဖွဲ့အစည်းအားလုံး လူအားလုံးအတွက် ကိုယ်စား ဝင်ဖြေပေးလို့မရသလို အာမခံ ကတိစကားပေးလို့လည်း မဖြစ်နိုင်ပါဘူး။ လွယ်ကူရတဲ့အပိုင်းကတော့ ဒီခရီးစဉ်နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့အနေနဲ့ အများကြီးမျှော်လင့်ထားပါတယ်။ မျှော်လင့်ချက်တွေထဲက တစ်ခုကတော့ ရုရှားနဲ့ မြန်မာနိုင်ငံကြား ပညာရေး၊ သိပ္ပံနဲ့ နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ အရောင်းပြပွဲများ အပြန်အလှန်ပြုလုပ်သွားနိုင်မည့် ချစ်ကြည်ရေး စင်တာများ တည်ဆောက်သွားနိုင်ရေးပဲ ဖြစ်ပါတယ်။ ထိုမျှော်လင့်ချက်နှင့်အတူ ယခုနှစ် (သို့မဟုတ်) လာမယ့်နှစ်ကို ရုရှား-မြန်မာချစ်ကြည်ရေးနှစ်အဖြစ် တရားဝင်သတ်မှတ်ကြေညာနိုင်ဖို့လည်း လျာထားလျက်ရှိပါတယ်။

ကျွန်တော်တို့အသင်းရဲ့ လျာထားမျှော်လင့်ချက်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ခံသဘောတူအတည်ပြုညွှန်ကြားပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒ့ါအပြင် ပညာရေးပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ရုရှားနိုင်ငံတက္ကသိုလ်တစ်ခုနဲ့ မြန်မာနိုင်ငံမှ တက္ကသိုလ်တို့ ပူးပေါင်းကာ ဖက်စပ်တက္ကသိုလ်တစ်ခု တည်ထောင်နိုင်ရန် စီစဉ်လျာထားလျက်ရှိပါတယ်။ ဥပမာ- ရုရှားအစိုးရတက္ကသိုလ်တစ်ခုနဲ့ ရန်ကုန်တက္ကသိုလ်တို့အကြားတွင် ဖြစ်စေ၊ အခြားနှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်သွားမယ့် နေပြည်တော်၊ မန္တလေး အစရှိသည့် မြို့ကြီးများမှ တက္ကသိုလ်များနဲ့ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ရုရှားနိုင်ငံမှ ပါမောက္ခကြီးများအနေနဲ့ မြန်မာနိုင်ငံ တက္ကသိုလ်များတွင် သင်ခန်းစာလာရောက်ပို့ချ သင်ကြားပေးခြင်းမျိုး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပထမအချက်အနေဖြင့် ပြည်ပစေလွှတ်ပညာသင်ကြားမှုကုန်ကျစရိတ်ကို လျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ထိုပညာသင်ကြားပေးခွင့်ရမယ့် လူငယ်ကျောင်းသားများဟာ နိုင်ငံရဲ့ အနာဂတ်တစ်ခုဖြစ်တဲ့အားလျော်စွာ တက္ကသိုလ်ပညာများ ပြီးမြောက်အောင်မြင်ပြီးပါကလည်း ရုရှား- မြန်မာ ပူးပေါင်းဆောင်ရွက်နေတဲ့ စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများမှာ ပါဝင်လုပ်ကိုင်ကာ တိုင်းပြည်အကျိုး သယ်ပိုးနိုင်ကြမှာဖြစ်ပါတယ်။

**မေး။ နောက်တစ်ခုမေးချင်တာကတော့ ယခုခရီးစဉ်အတွင်းမှာ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းအနေနဲ့ ဘယ်လိုတွေ့ဆုံမှုတွေပြုလုပ်ပြီးတော့ ဘာတွေဆွေးနွေးညှိနှိုင်းသွားဖို့ ရှိပါသလဲရှင့်။ အစီအစဉ်လေးတွေ သိလိုပါတယ်။**

**ဖြေ။** ကျွန်တော်တို့အနေနဲ့ မြန်မာဘက် ချစ်ကြည်ရေးအသင်းကိုယ်စားလှယ်များနဲ့ ရုရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းရှင်များအကြားမှာ မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်သွားရန် စီစဉ်ထားရှိပါတယ်။ ဥပမာအနေဖြင့်ဆိုရရင် ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းသုံး အရည်အသွေးမြင့်သံပိုက်များ ထုတ်လုပ်နေတဲ့ စက်ရုံကိုယ်စားလှယ်များ၊ လမ်းပန်းဆက်သွယ်ရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများအနက်မှ မီးရထားလမ်းသုံးပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်စက်ရုံ၊ ဒီဇယ်အင်ဂျင်ထုတ်လုပ်သည့်စက်ရုံများမှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံနိုင်ဖို့ စီစဉ်ထားရှိပြီး အဆိုပါကုန်ပစ္စည်းများကို ရောင်းချလိုရုံမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း ပူးပေါင်းထုတ်လုပ်သွားနိုင်ရေးတို့ကိုပါ ဆွေးနွေးညှိနှိုင်းသွားကြမှာ ဖြစ်ပါတယ်။

နောက်ထပ်လည်းမီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အလိုအလျောက် ငြိမ်းသတ်သည့်စက်ပစ္စည်းများ ထုတ်လုပ်တဲ့လုပ်ငန်းရှင်များနဲ့လည်း တွေ့ဆုံသွားရန်ရှိပါတယ်။ မိမိတို့အနေနဲ့ သိရှိထားရတဲ့အချက်မှာ မြန်မာနိုင်ငံမှာ ပွင့်လင်းခြောက်သွေ့သည့်ရာသီများတွင် မီးဘေးအန္တရာယ်နဲ့ မကြာခဏရင်ဆိုင်ရလျက်ရှိတာကြောင့် မိမိတို့ တီထွင်ထုတ်လုပ်ထားပြီး ကောင်းစွာ အသုံးပြုနေပြီဖြစ်သော နည်းပညာများနဲ့ မိတ်ဆက်မျှဝေပေးသွားမှာ ဖြစ်ပါတယ်။ ထို့အပြင် မြစ်ချောင်းများနဲ့ ပင်လယ်ကမ်းခြေတစ်လျှောက် ကူးသန်းပို့ဆောင်ရေးလုပ်ငန်းငယ်များတွင် အသုံးပြုနိုင်မည့် ရေယာဉ်နဲ့ သင်္ဘောငယ်များကိုလည်း ပူးပေါင်းထုတ်လုပ်သွားရန် ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ ထိုရေယာဉ်များကို အသုံးပြုပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ အခြားကုန်သွယ်စီးဆင်းမှုများကို ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။

**မေး။ နောက်ဆုံးမေးခွန်းလေးပါရှင့်။ ရုရှား-မြန်မာ ဆက်ဆံရေးအပြင် အခြားသော စီးပွားရေးကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်ရေးတွေ မြှင့်တင်နိုင်ဖို့ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် ဘယ်လိုများ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားပါမလဲရှင့်။**

**ဖြေ။** ကျွန်တော်တို့အနေနဲ့ ယခု မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ လာရောက်ပြီးနောက် မကြာမီအချိန်မှာပဲ မြန်မာနိုင်ငံသို့ ရုရှားကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားနိုင်ရန် ပြင်ဆင်လျက်ရှိပါတယ်။ ဇူလိုင်လထဲမှာလည်း ဖြစ်နိုင်သလို ရာသီဥတုအခြေအနေအရ မိုးနည်းသွားတဲ့ ဩဂုတ်လထဲမှလည်း ဖြစ်နိုင်ပါတယ်။ ပထမဆုံး ဖြေရှင်းဆောင်ရွက်ရမယ့်ကိစ္စရပ်ကတော့ ငွေပေးချေမှုယန္တရားပဲဖြစ်ပါတယ်။ သို့မှသာလျှင် နှစ်နိုင်ငံအကြား ကုန်စည်ကူးသန်းရောင်းဝယ်သွားနိုင်မှာဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာလည်း ကြားခံငွေကြေးစနစ်တစ်ခု မပါဝင်သည့် ရုရှားနိုင်ငံသုံး ရူဘယ်နဲ့ မြန်မာကျပ်ငွေတို့အကြား တိုက်ရိုက်ကူးသန်းပေးချေနိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သို့မှသာလျှင် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဟာ လွတ်လပ်ခိုင်မာနေမှာဖြစ်ပါတယ်။

ထိုခရီးစဉ်အတွင်းမှာလည်း မြန်မာနိုင်ငံဘက်မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းရှင်များနဲ့လည်း တွေ့ဆုံသွားရန်ရှိပါတယ်။ ထို့အတူ မိမိတို့လက်ရှိ ရုရှားနိုင်ငံတွင် တွေ့ဆုံပေးရန် စီစဉ်ထားသည့် လုပ်ငန်းရှင်များကိုလည်း မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာမှာဖြစ်ပြီး ပထမအချက်အနေဖြင့် မြန်မာနိုင်ငံအား သိကျွမ်းရင်းနှီးစေမှာဖြစ်သလို မြန်မာနိုင်ငံစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖော်ဆောင်သွားမယ့် အနာဂတ်စီမံကိန်းများကို လေ့လာသွားစေမှာဖြစ်ပြီး ရုရှားနိုင်ငံ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ပေါ်ထွက်လာဖို့လည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စွမ်းအင်အရင်းအမြစ်လုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားလျက်ရှိပါတယ်။ ဒ့ါအပြင် ထိုကဲ့သို့သော နှစ်နိုင်ငံတိုက်ရိုက်ငွေပေးချေမှုစနစ်ကို တည်ဆောက်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ တစ်ဆင့် မည်သည့်နိုင်ငံထုတ်ကုန်ပစ္စည်းကိုမဆို ဒေါ်လာ၊ ယူရို အစရှိသည့် ငွေကြေးများကို အသုံးမပြုဘဲ မိမိတို့ငွေသားစနစ်ကို အသုံးပြု၍သာ ဝယ်ယူတင်ပို့သွားနိုင်မှာလည်း ဖြစ်ပါတယ်။

**ဟုတ်ကဲ့ပါရှင့်။ မြန်မာနိုင်ငံအတွက် စကားလက်ဆောင်နဲ့ ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောပေးပါဦးရှင့်။**

**ဖြေ။** "ရုရှား-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ" ကျွန်တော့်အတွက် မြန်မာနိုင်ငံဆိုတာ ဒုတိယ အမိမြေပါပဲ။ ကျွန်တော့်ရဲ့မိသားစု ပြောသလိုပဲ ကျွန်တော်ကိုယ်တိုင်ကလည်း မြန်မာပြည်ကို အရမ်းချစ်တဲ့လူတစ်ယောက်ပါ။ "ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ ၁၉၇၈၊ ၁၉၇၉ ခုနှစ်မှာ စတင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော် မြန်မာပြည်ကို သိပ်ကြိုက်တယ်။ သိပ်ချစ်တယ်။"

**ဟုတ်ကဲ့ ခုလိုအချိန်ပေးပြီးဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ရှိပါတယ်ရှင့်။**

# ရေနံချောင်းမြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရေနံချောင်း ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက ရုံးဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ဖတ်ကြားရှင်းလင်း ဆွေးနွေး**

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန္ဒာလှိုင်က ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) ရေးသားသည့် ရှုထောင့်အထွေထွေကျန်းမာရေးဆိုင်ရာ အမေး၊ အဖြေစာအုပ်မှ ကလေးများတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းကို လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးစိုးသူအောင်က ဇွန် ၁၅ ရက်ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ-၁၈၊ အမှတ်-၁၂ တွင် ပါဝင်သည့် မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်ပြီး ဘာတွေသိထားသင့်သလဲ ဆောင်းပါးအကြောင်းကိုလည်းကောင်း ဖတ်ကြားရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများက ဖတ်ကြားရှင်းလင်းသည့် အကြောင်းအရာများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အပတ်စဉ်သောကြာနေ့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဝန်ထမ်းများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် တစ်ဦးနှင့်တစ်ဦး စာပေဖတ်ရှုပြီး အပြန်အလှန် ဆွေးနွေးခြင်းဖြင့် အသိပညာ ဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြောက်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**မြောက်ဦး ဇူလိုင် ၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်သွားလာရေးစစ်ဆေးခြင်းနှင့် လူထုလှုပ်ရှားမှုပြုလုပ်ခြင်းကို ယနေ့နံနက် ၈ နာရီက မြို့အဝင်အထွက် အလယ်ဈေးတံတား၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အသိပညာပေးဆောင်ရွက်**

ထိုသို့ လူထုလှုပ်ရှားမှု ပြုလုပ်ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်း ဦးဆောင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများအား ပါးစပ်နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာရေးနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို အသိပညာပေးဆောင်ရွက်ကြသည်။

ထို့အပြင် မြောက်ဦးမြို့နယ်အနေဖြင့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအဖြစ် မြို့အဝင်အထွက် ကျန်းမာရေးစစ်ဆေးရေးဂိတ်များကို ပြန်လည်ဖွင့်လှစ်ထားရှိပြီး လိုအပ်သောကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းလာရောက်ကြသော ခရီးသွားပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်သူများ၊ လမ်းသွားလမ်းလာများနှင့် အငှားယာဉ်မောင်းနှင်သူများကို အပြင်ထွက်လျှင်ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်သွားလာကြရန်နှင့် နှာခေါင်းစည်း မပါရှိသူများအား နှာခေါင်းစည်းအခုရေ ၅၀၀ ခန့် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)





## မချမ်းဘော့မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရေး အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးကြေညာ

**မချမ်းဘော့ ဇူလိုင် ၃**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်၌ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီက မချမ်းဘော့မြို့ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပေးကြေညာချက်တွင် မလိုအပ်ဘဲအပြင်မထွက်ရန်၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျတပ်ဆင်ရန်၊ လက်ကိုမကြာခဏဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေးတို့ကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်၊ ရုံး၊ ဌာန၊ ရပ်ကွက်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို တစ်ဦးနှင့်တစ်ဦး အသိပေးခြင်း၊ သတိပေးခြင်းတို့ကို လူတိုင်းမိသားစုတိုင်းက တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း လိုက်လံအသိပေးကြေညာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ခင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ခင်ဦး ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန် ကျန်ရှိနေသူများအား ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များ ကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစန်းယုကို ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သံဃာတော်အပါး ၃၀၊ ဌာနဆိုင်ရာဝန်ထမ်းနှင့် မိသားစုဝင် ၅၀၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်း ၂၅ ဦး၊ ကြက်ခြေနီအသင်းမှ ၁၅ ဦး စုစုပေါင်း ၁၂၀ တို့အား ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိုးဝေအောင် (ခင်ဦး)

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ပုဗ္ဗသီရိ**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်မှုရှိစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပုဗ္ဗသီရိဈေးနှင့် ထုံးဘိုမီးပွိုင့်တွင် နေအိမ်ပြင်ပသို့ သွားလာလျက်ရှိသည့် ပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်း အခု ၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ပုဏ္ဏားကျွန်း**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်ထိန်းချုပ်နိုင်သည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာကြစေရန် အသိပညာပေးခြင်းနှင့် ပါးစပ်နှင့်နှာခေါင်းစည်းများ ဖြန့်ဝေခြင်းလုပ်ငန်းကို ယနေ့နံနက် ၈ နာရီက ပုဏ္ဏားကျွန်းမြို့မဈေးရှေ့လမ်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုလင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအသင်းအဖွဲ့များပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းများဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **နီထွန်းအောင်(ပြန်/ဆက်)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၃ ရက် နံနက် ၅ နာရီက မင်းဘူးမြို့ တမာတန်းလမ်းရှိ ယာယီနံနက်ခင်းဈေး၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ချမ်းသာကြီး ပရဟိတလူမှုကူညီရေး(မင်းဘူး)တို့ ပူးပေါင်း၍ မင်းဘူးမြို့ တမာတန်းလမ်းရှိ ယာယီနံနက်ခင်းဈေးအဖြစ် လက်လီလက်ကားရောင်းဝယ်ဖောက်ကားနေကြသော ဈေးရောင်းဈေးဝယ်များနှင့် လမ်းသွားလမ်းလာပြည်သူများအား အလှူရှင်များက လှူဒါန်းသော နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို အခဲ့မဲ့ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ လူမှုကူညီရေးအသင်းအဖွဲ့များအနေဖြင့် မင်းဘူး (စကု) မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများအဖြစ် ရပ်ကွက်/ကျေးရွာများ၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

**ငါးသိုင်းချောင်း**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာတိုင်း နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့အဝင်လမ်းဆုံ၊ ဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ စည်ပင်သာယာမြို့မဈေးကြီးအတွင်းတို့၌ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းတစ်ခုလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ခုဝယ်၊ ခုတပ်အစီအစဉ်ကို ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် အသိပေးကြေညာပေးခြင်းနှင့် ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**



## ထားဝယ်မြို့၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ

**ထားဝယ် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က မြန်မာအမျိုးသမီးများ မြန်မာ့သမိုင်းတစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင် စံနမူနာအဖြစ် ကြိုးပမ်းရာတွင် လည်းကောင်း၊ မြန်မာ့လူ့ဘောင်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် လည်းကောင်း၊ နောင်တစ်ခေတ်၏ ခေါင်းဆောင်များဖြစ်သော မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်ပေးရာတွင် လည်းကောင်း၊ ကျရာတာဝန်များကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးထွန်းထွန်းနိုင်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပေးအပ်



**ပဲခူး ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင် ထောက်ပံ့ကြေးနှင့် သင်ထောက်ကူ ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တက္ကသိုလ်တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက မူကြိုတန်း တက်ရောက်နေသည့် ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

■



## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မုဒုံမြို့ရှိ ဘဲမွေးမြူရေးခြံနှင့် အဇင်းရေလှောင်တမံ ကြည့်ရှုစစ်ဆေး

**မုဒုံ ဇူလိုင် ၃**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီခွဲက မုဒုံမြို့ မြို့မ (၂) ရပ်ကွက်ရှိ ဥစားဘဲမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

အဆိုပါ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီမော်က ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

မွန်ပြည်နယ်အတွင်း စီးပွားဖြစ် ဘဲမွေးမြူရေးခြံ စုစုပေါင်း ၁၀၄ ခြံ၊ ဘဲအကောင်ရေ ၁၅၀၀၀ ကျော်မွေးမြူထားရှိကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သက်ဆိုင်ရာမြို့နယ်အလိုက် ပညာပေးသင်တန်းများ၊ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မုဒုံမြို့နယ် အဇင်းရေလှောင်တမံသို့ရောက်ရှိကာ ဆည်ရေပေးဝေမှုနှင့် သောက်သုံးရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**အထောက်အကူပြု**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အဇင်းရေလှောင်တမံသည် မုဒုံမြို့နယ် အရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်ကာ အလျားပေ ၁၆၅၀၊ တမံအမြင့် ၈၂ ပေ၊ အနက် ၂၄ ဒသမ ၇ ပေ၊ ရေလှောင်ပမာဏ ၁၆၃၈၉ ဧကပေရှိပြီး ဆည်ရေသောက်ဥယျာဉ်ခြံ ၁၀၃၈ ဧကရှိကြောင်း၊ စပါးဧက ၁၀၀၀ ဆည်ရေပေးဝေနိုင်ကြောင်း၊ အဇင်းရေလှောင်တမံမှ မုဒုံမြို့နေ ပြည်သူများအတွက် သောက်သုံးရေပေးဝေလျက်ရှိကြောင်းနှင့် အဇင်းရေလှောင်တမံအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအစည်းအဝေးတက်ရောက်

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေးကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာသန့်စွမ်း၍ စိမ်းလန်းသာယာ သန့်ရှင်းလှပသော၊ စည်းကမ်းပြည့်ဝလုံခြုံသည့် တိုင်းဒေသကြီးဖြစ်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ငါးခုဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီအသီးသီးတွင် သက်ဆိုင်သည့်ဌာနဆိုင်ရာများသာမက တတ်သိပညာရှင်များကိုပါ ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ ရည်မှန်းချက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများဖြစ်ကြသော လုံခြုံရေးနှင့်စည်းကမ်းပြည့်ဝရေးလုပ်ငန်းကော်မတီ၊ စိမ်းလန်းသာယာသန့်ရှင်းလှပရေးလုပ်ငန်းကော်မတီ၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာသန့်စွမ်းရေးလုပ်ငန်းကော်မတီနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းကော်မတီများမှ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဖြည့်စွက် အကြံပြုဆွေးနွေးကြပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ဆွေးနွေးတင်ပြချက်များအပေါ် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ကျိုင်းတုံ-မိုင်းခုတ်လမ်း ယာဉ်သွားလာမှု လွယ်ကူအဆင်ပြေစေရေး ကွင်းဆင်းစစ်ဆေး

**ကျိုင်းတုံ ဇူလိုင် ၃**

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းခုတ်လမ်း သွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင် ၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကျိုင်းတုံ-မိုင်းခုတ်လမ်းရှိ လမ်းဘေးဝဲ/ယာ ရေမြောင်းများ ကောင်းမွန်ရေး ပြုပြင်နေမှု၊ လမ်းပေါက်များ ဖာထေးပြုပြင်ဆောင်ရွက်နေမှု၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန် အသိပေး၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ မိုင်းခုတ်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည့် လူနာများနှင့် ဆေးရုံဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ထို့နောက် မိုင်းဆတ်မြို့နယ်အတွင်း ဝိန်းနေ-ဝိန်းကောင်းလမ်း အရှည် ၃၁၁၇ ပေ၊ အကျယ် ၂၄ ပေ၊ ဒု ၁၅ လက်မ ကတ္တရာတိုးချဲ့ခင်းနေမှု၊ မိုင်းဆတ်မြို့လေဆိပ်အကြီးစားပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးမီပြီး ရေရှည်တည်တံ့ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**

နှလုံးသားကို ဖြူစင်အောင်ထားပါ

# လောကကြီးက ဘယ်သူ့ကိုမှ မျက်နှာမလိုက်ပါဘူး

ကျော်ကျော်လှိုင်

## လောကနိယာမ

လောကနိယာမတရားတွေဟာ ကမ္ဘာဦးကတည်းက တည်ရှိခဲ့ပြီး အမြဲမှန်နေတဲ့တရားတွေ ဖြစ်ပါတယ်။ ညှော့်ကြိုတစ်ယောက်ပဲ ဖြစ်ဖြစ်၊ ကွန်ပျူတာပရိုဂရမ်မာပဲဖြစ်ဖြစ်၊ လုပ်ငန်းရှင်သူဌေးကြီးပဲ ဖြစ်ဖြစ် လောကနိယာမတရားဟာ အတူတူပဲ မှန်နေမှာဖြစ်ပါတယ်။

## သစ်စေ့နိယာမ (The Law of Seed)

ပထမဦးဆုံး သစ်စေ့နိယာမအကြောင်း ပြောပြချင်ပါတယ်။ သစ်စေ့တစ်စေ့ကို စိုက်ပျိုးဖို့ မြေတူးရပါမယ်။ မြေဩဇာ ထည့်ရပါတယ်။ ပြီးနောက် သစ်စေ့ကိုထည့်ပြီး ရေလောင်းရပါမယ်။ (အားစိုက်ထုတ်ခြင်း ဖြစ်ပါသည်) ၎င်းနောက် ရက်အတန်ကြာ စောင့်ရပါမယ်။ (စိတ်ရှည်ရပါမည်) သစ်စေ့မှ အပင်ပေါက်၊ အပင်ပေါက်ပြီး အသီးသီးမှ ခူး၍ရပါမယ်။

**အားစိုက်ထုတ်ခြင်း + စိတ်ရှည်စွာစောင့် = အကျိုးကျေးဇူး**

ဤနိယာမဟာ ကမ္ဘာဦးကတည်းက တည်ရှိခဲ့ပါတယ်။ ကမ္ဘာဦးကတည်းက လူသားများကိုယ်တိုင် စိုက်ပျိုးကြ၍ ဤနိယာမကို နားလည်ကြပါတယ်။ အခုခေတ်က မာမီးခေါက်ဆွဲထုပ်ခေတ် ဖြစ်နေ၍ "သုံးမိနစ်ပဲစောင့်" ကြော်ငြာကြည့်ပြီး သစ်စေ့နိယာမကို သတိမပြုကြပါ။ လူတော်တော်များများက "ဒီနေ့ သစ်စေ့ကိုပျိုးရင် မနက်ဖြန် ဘာရမလဲ" မေးခွန်းပဲ မေးကြပါတယ်။ အဖြေကတော့ "စိုနေတဲ့ သစ်စေ့ပဲရပါမယ်"။ သစ်စေ့ရဲ့နိယာမက "သင်ယနေ့ သစ်စေ့ကို ပျိုးထောင်စိုက်ပျိုးရင် တစ်ချိန်မှာ အသီးစားရမယ်" လို့ ဆိုပါတယ်။ ဟုတ်ပါတယ်။ ပဲစေ့ကို စိုက်ခဲ့ရင် လေးလနေရင် ပဲသီးစားရပါမယ်။

တချို့လူတွေက "ငါ့မှာ အလုပ်ကောင်းကောင်းလေးရှိရင် ငါ ကြိုးစားပြီးလုပ်မှာပဲ။ အခုတော့ ကားမောင်းရတဲ့ ဒရိုင်ဘာအလုပ်ပဲ။ ဘာမှကြိုးစားဖို့မလိုဘူး" လို့ တွေးကြပါတယ်။ မှားပါတယ်။ ဘယ်အလုပ်မဆို တန်ဖိုးထားပြီး ကြိုးစားဖို့လိုပါတယ်။ တော်တဲ့ဒရိုင်ဘာ၊ အလုပ်ကြိုးစားတဲ့ ဒရိုင်ဘာက အလုပ်ကောင်းကောင်း လစာကောင်းကောင်း ရပါလိမ့်မယ်။ ကြိုးစားအားထုတ်မှုက စရပါလိမ့်မယ်။ ဒါလည်း သစ်စေ့နိယာမပဲ ဖြစ်ပါတယ်။

## လူတွေက သစ်စေ့နိယာမကို နားမလည်တဲ့အခါ

"ကျွန်တော့်ကို ရာထူးတိုးပေးရင်။ ဒီထက်ပိုပြီး ကြိုးစားလုပ်မယ်"

"လခပိုပေးရင် ရုံးမှန်မှန်တက်မယ်"

"ကျွန်မတို့ အိမ်ထောင်ရေးသာယာရင် ကျွန်မယောကျ်ားကို ဂရုစိုက်မယ်"စသည်ဖြင့် ပြောကြပါတယ်။ ဒါသစ်စေ့နိယာမကို ပြောင်းပြန်လုပ်တာပါပဲ။ အကျိုးကျေးဇူးရှိမှ အားထုတ်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

နောက်တစ်ချက် ရှိပါသေးတယ်။ ကျွန်တော်တို့ ပဲစေ့ ၁၀ စေ့ ပျိုးထောင်စိုက်ပေမယ့် ပဲပင် ၁၀ ပင် ပေါက်ဖို့ခက်ပါတယ်။ ငှက်တွေက တချို့ကို စားပါလိမ့်မယ်။ ပိုးမွှားတွေက တချို့ကို ဖျက်ဆီးပါလိမ့်မယ်။ တချို့က မျိုးမအောင်ပါဘူး။ ၁၀ စေ့ပျိုးထောင်ရင် သုံးပင်လောက်ပဲ ပေါက်ပါလိမ့်မယ်။ ဒါကို လောကကြီးက မတရားဘူး ပြောလို့မရပါဘူး။ ဒါနိယာမပါပဲ။



မိတ်ဆွေတွေအများကြီးရှိပေမယ့် ကိုယ့်အပေါ်ကောင်းတဲ့ မိတ်ဆွေက နည်းပါလိမ့်မယ်။ ဝန်ထမ်းကောင်းတစ်ယောက်ရဖို့ လူငါးဆယ်လောက်ကို လူတွေ့စစ်ဆေးရပါတယ်။ မုန့်ဟင်းခါးဆိုင် ကောင်းကောင်းတစ်ဆိုင်တွေ့ဖို့ ဆိုင်တော်တော်များများကို စားကြည့်ရပါတယ်။

သင့်ရဲ့ အကြံဉာဏ်တွေ၊ ဝန်ထမ်းကောင်းတွေ၊ မိတ်ဆွေကောင်းတွေ၊ စီးပွားရေးတွေကို ငှက်တွေက စားပစ်ပါလိမ့်မယ်။ ပိုးမွှားတွေက ဖျက်ဆီးပါလိမ့်မယ်။ ဒါလောကနိယာမပါပဲ။ စိတ်ပျက်အားလျှော့မယ့်အစား နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ဖြစ်နိုင်တယ်ဆိုတဲ့အသိနဲ့ ကြိုတင်ပြင်ဆင်ထားဖို့ လိုပါတယ်။

> **နောက်တစ်ချက် ရှိပါသေးတယ်။ ကျွန်တော်တို့ ပဲစေ့ ၁၀ စေ့ ပျိုးထောင်စိုက်ပေမယ့် ပဲပင် ၁၀ ပင် ပေါက်ဖို့ခက်ပါတယ်။ ငှက်တွေက တချို့ကို စားပါလိမ့်မယ်။ ပိုးမွှားတွေက တချို့ကို ဖျက်ဆီးပါလိမ့်မယ်။ တချို့က မျိုးမအောင်ပါဘူး။ ၁၀ စေ့ပျိုးထောင်ရင် သုံးပင်လောက်ပဲ ပေါက်ပါလိမ့်မယ်။ ဒါကို လောကကြီးက မတရားဘူး ပြောလို့မရပါဘူး။ ဒါနိယာမပါပဲ။ သင့်ရဲ့ အကြံဉာဏ်တွေ၊ ဝန်ထမ်းကောင်းတွေ၊ မိတ်ဆွေကောင်းတွေ၊ စီးပွားရေးတွေကို ငှက်တွေက စားပစ်ပါလိမ့်မယ်။ ပိုးမွှားတွေက ဖျက်ဆီးပါလိမ့်မယ်။ ဒါလောကနိယာမပါပဲ။ စိတ်ပျက်အားလျှော့မယ့်အစား နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ဖြစ်နိုင်တယ်ဆိုတဲ့အသိနဲ့ ကြိုတင်ပြင်ဆင်ထားဖို့လို။**

## အကြောင်းနှင့်အကျိုး (The Law of Cause & Effect)

သင့်ဘဝမှာ သင့်ကိုယ်သင် မကျေနပ်တဲ့အခါ သင့်ရဲ့ အားစိုက်ထုတ်မှုတွေက ဘာလဲလို့ ပြန်လှေ့လာကြည့်သင့်ပါတယ်။

"မနက်ကို အိပ်ရာစောစောထရတာ မကြိုက်ဘူး။ လေ့ကျင့်ခန်းလုပ်ဖို့ ပျင်းတယ်။ အင်္ဂလိပ်စာကောင်းအောင် သင်တန်းတက်တယ်ဆိုတာ အပိုတွေပါ။ ရုံးကတော့ အမြဲနောက်ကျပြီး ရောက်လေ့ရှိတယ်။ လုပ်ရမယ့်အလုပ်က ဘယ်တော့မှ အချိန်မီမပြီးဘူး" ဆိုရင်တော့ ဘဝမှာ အောင်မြင်မှုတွေရဖို့ မျှော်လင့်မနေပါနဲ့။ ဘဝမှာ အဖြစ်အပျက်တိုင်းဟာ အကြောင်းနဲ့အကျိုး ဆက်စပ်မှုအမြဲရှိပါတယ်။ ကောင်းတဲ့အလုပ်တွေကိုလုပ်မှ ကောင်းတဲ့အကျိုးကို ခံစားရပါမယ်။ ဒါအကြောင်းနဲ့ အကျိုးဆက်စပ်နေတဲ့ နိယာမပါ။ ကိုယ်က အားစိုက်ထုတ်မှုကောင်းပေမယ့် ကောင်းတဲ့အလုပ်တွေကို မလုပ်ရင် ကောင်းကျိုးတွေ မရနိုင်ပါဘူး။ ဘဝမှာ ကောင်းကျိုးကိုလိုချင်တာလား၊ ဆိုးကျိုးကို လိုချင်တာလား ဆိုတာ ကိုယ့်ရွေးချယ်မှုပါပဲ။ အဖြစ်အပျက်တိုင်းမှာ အကြောင်းအကျိုး ဆက်စပ်မှုရှိနေပါတယ်။

## အောင်မြင်မှုတွေရလာလေ၊ ပြိုင်ပွဲက ကြီးလာလေ

ပြိုင်ပွဲငယ်လေးတွေမှာ အောင်မြင်မှုရရင် ပြိုင်ပွဲကြီးတွေကို တက်ရတာ လောကရဲ့နိယာမပါပဲ။ ဘောလုံးပွဲမှာ အုပ်စုပွဲကိုနိုင်ရင် ကွာတားဖိုင်နယ် တက်ရပါမယ်။ ကွာတားကိုနိုင်ရင် ဆီမီးဖိုင်နယ် တက်ရပါမယ်။ ပြိုင်ပွဲတိုင်းဟာ အရေးကြီးပါတယ်။ တစ်ပွဲနိုင်မှ နောက် တစ်ပွဲကို ပြိုင်ရပါမယ်။

ဒီနိယာမကို တချို့က သတိမထားမိ ဖြစ်နေတတ်ပါတယ်။ စားသောက်ဆိုင်လေးတစ်ခုမှာ ဆိုနေတဲ့ အဆိုတော်တစ်ယောက်က ကိုယ်ပိုင်အရည်အချင်းရှိပေမယ့် "ပရိသတ် ၁၀၀၀ လောက်သာရှိရင် ကျွန်မ အကောင်းဆုံးဆိုပြမယ်။ စားသောက်ဆိုင်မှာ လူ ၁၀ ယောက် မပြည့်တာ၊ ကျွန်မရဲ့ အရည်အချင်းတွေ အကုန်ထုတ်သုံးဖို့ မလိုပါဘူး" ဆိုရင်တော့ ဒီအဆိုတော် ပြိုင်ပွဲအကြီးကြီးကို ပြိုင်ရဖို့ ဝေးပါလိမ့်မယ်။ ၁၀ ယောက် မပြည့်ပေမယ့် အကောင်းဆုံးဆိုခဲ့ရင် ၁၀ ယောက်ကနေ ၂၀ ဖြစ်လာပါလိမ့်မယ်။ ၂၀ ကနေ ၄၀ ဖြစ်လာပါလိမ့်မယ်။ ပြိုင်ပွဲအသေးတွေကိုနိုင်မှ ပြိုင်ပွဲအကြီးကို ပြိုင်ရတယ်ဆိုတာ လောကရဲ့ နိယာမပါပဲ။

ကိုယ်ပိုင်လုပ်ငန်း စတင်တည်ထောင်သူတစ်ယောက်က ဝန်ထမ်းတစ်ယောက်ကို စငှားပါတယ်။ ဝန်ထမ်းနဲ့ အလုပ်လုပ်ရတာ အဆင်မပြေတဲ့အခါ "ငါ့မှာ ဝန်ထမ်းတစ်ယောက်တည်းနဲ့ဆိုတော့ အဆင်မပြေဘူး။ ခြောက်ယောက်လောက်ရှိရင် ကောင်းမယ်" တစ်ယောက်တည်းနဲ့တောင် အဆင်မပြေရင် ခြောက်ယောက်နဲ့ဆို ပိုဆိုးပါလိမ့်မယ်။

ဘဝဆိုတာ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာတာပါ။ ပြိုင်ပွဲအသေးတွေအောင်မြင်မှ ပြိုင်ပွဲအကြီးတွေ ပြိုင်ရမှာပါ။ "ကိုယ့်မှာရှိတာနဲ့ ဘာလုပ်မလဲ" လို့ မေးခွန်းမေးတဲ့အခါ "ဘာမှမလုပ်နိုင်ဘူး" လို့ ဖြေရင်တော့ ဘယ်တော့မှ အောင်မြင်မှုကို ရနိုင်မှာ မဟုတ်ပါဘူး။

## တစ်ခုပြီးတစ်ခု ဆက်လုပ်ပါ

တစ်ခါတစ်ရံကျ အောင်မြင်နေတဲ့သူတွေရဲ့ ဘဝကိုကြည့်ပြီး "ဘာကြောင့် သူတို့ဘဝတွေက ဒီလောက်လန်းနေရတာလဲ"လို့ တွေးမိကြမှာပါ။ အောင်မြင်သူတွေကို ပြန်လေ့လာကြည့်ရင် သူတို့လည်း တစ်နေရာကနေ စခဲ့ကြရတာကို တွေ့ရပါလိမ့်မယ်။ စလုပ်လိုက်တာနဲ့ တစ်ခုခုထပ်လုပ်ဖို့ဖြစ်လာပါတယ်။ ထပ်လုပ်လိုက်တာနဲ့ နောက်ထပ်လုပ်ဖို့ ဖြစ်လာပါတယ်။

တစ်ခါတလေကျရင် ကျွန်တော်တို့ဟာစလုပ်ဖို့ထက် အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲနေကြပါတယ်။ တစ်ခါတလေကျရင် "ငါလုပ်ချင်တဲ့အလုပ် မဟုတ်ဘူး" ဆိုပြီး အလုပ်အမျိုးမျိုးကို ရွေးချယ်နေတတ်ကြပါတယ်။ ရတဲ့အလုပ်ကို ယူလိုက်ပါ။ စလုပ်ပါ။ ကြိုးစားလုပ်ပါ။ ကျွမ်းကျင်အောင်လုပ်ပါ။ စလုပ်လိုက်တာနဲ့ တစ်ခုပြီးတစ်ခု ဆက်လုပ်စရာတွေ ပေါ်လာပါလိမ့်မယ်။ ပေါ်လာတဲ့အလုပ်တွေကို တစ်ခုပြီးတစ်ခု ဆက်လုပ်ပါ။

တစ်ခါတုန်းက အမေရိကားကို နစ်(Nick) ဆိုတဲ့ အီတာလျံလူမျိုးတစ်ယောက်ဟာ အခြေချပြောင်းရွှေ့နေထိုင်ဖို့ ရောက်လာပါတယ်။ နစ်(Nick) ဟာ အင်္ဂလိပ်စကားလည်း မပြောတတ်ပါဘူး။ ငွေကြေးကလည်း အလုံအလောက်မရှိတော့ စားသောက်ဆိုင်တစ်ခုမှာ ပန်းကန်ဆေးတဲ့အလုပ်လျှောက်ပါတယ်။ စားသောက်ဆိုင်ပိုင်ရှင်ကို တွေ့ဖို့စောင့်နေတုန်းမှာ စားသောက်ဆိုင်က သန့်စင်ခန်းထဲကို ဝင်သွားပြီး သန့်စင်ခန်းကို ပြောင်နေအောင်တိုက်ပါတယ်။ ပါလာတဲ့ သွားပွတ်တံလေးကိုသုံးပြီး ကြွေပြားပေါ်က ကြေးတွေကို ပြောင်နေအောင် တိုက်ပါတယ်။ စားသောက်ဆိုင်ပိုင်ရှင်က လူတွေ့စစ်ဆေးတဲ့အခါ "ဘာလုပ်တာလဲ" လို့မေးပါတယ်။ နစ်က "သူဌေးရဲ့ အချိန်မကုန်ဘဲ ကျွန်တော့်ရဲ့ ပန်းကန်ဆေးနိုင်တဲ့ စွမ်းရည်ကို ပြတာပါ" လို့ ပြောတဲ့အတွက် အလုပ်ရသွားပါတယ်။ တစ်လကြာတဲ့အခါ စားဖိုမှူးအကူ ဖြစ်လာပါတယ်။

တစ်ခါတလေ အလုပ်လုပ်ချင်ပါတယ်။ အလုပ်ရှာဖို့ မလွယ်ဘူး လို့ပြောသံကြားရင် နစ် (Nick) နဲ့ သွားပွတ်တံလေးကို တွေးမိပါတယ်။

## ဖားနိယာမ (The Frog Principle)

ဒီဖားပုံပြင်လေးကတော့ အများသိကြပါတယ်။ ပျက်စီးခြင်းနိယာမကို The law of deterioration လို့ ဖော်ပြပါတယ်။ ရေနွေးပွက်ပွက်ဆူတဲ့အထဲကို ဖားတစ်ကောင်ကို ထည့်လိုက်ရင် ဖားက လန့်ပြီး ခုန်ထွက်သွားပါလိမ့်မယ်။

စာမျက်နှာ ၂၁ သို့ ○

❍ စာမျက်နှာ ၂၀ မှ

ဒီဖားကိုပဲ ရေအေးထဲမှာထည့်ပြီး ရေအေးထည့်ထားတဲ့အိုးကို တဖြည်းဖြည်းအပူပေးရင် ဖားက တဖြည်းဖြည်း ပူလာတဲ့အတွက် နေသားကျပြီး နောက်ဆုံးတော့ ရေနွေးပူထဲမှာ သေသွားပါလိမ့်မယ်။

ကျွန်တော်တို့အတွက် သင်ခန်းစာကဘာလဲ။ ဘဝမှာလည်း အဖြစ်အပျက် အကြောင်းအရာ အမူအကျင့်တွေက တဖြည်းဖြည်းချင်း ပြောင်းလဲနေတာပါ။ ဖားလိုပဲနေသားကျပြီး ပြောင်းလဲခြင်းတွေကို သတိမထားမိရင် အန္တရာယ်ရှိပါတယ်။ သိတဲ့အချိန်ကျရင် နောက်ကျသွားပါလိမ့်မယ်။

ကျွန်တော်တို့ အိပ်ရာနိုးတဲ့အချိန် အလေးချိန် ၁၀ ကီလို တိုးသွားပြီး ခါးက ၃၆ ကနေ ၄၀ ဖြစ်သွားရင် ကျွန်တော်တို့ သတိထားမိပါလိမ့်မယ်။ သတိထားမိရုံမကဘူး "အရေးပေါ်" ဆိုပြီး ကျွန်တော်တို့ ဆရာဝန်ဆီပြေးမှာပဲ။ ဒါပေမဲ့ ဘဝက ဒီလိုမဟုတ်ပါဘူး။ ဒီလမှာ တစ်ကီလိုတိုးမယ်။ နောက်လမှာ တစ်ကီလိုတိုးမယ်။ ဒီလိုနဲ့ တိုးတိုးလာတာ သတိထားမိတဲ့အချိန်ကျတော့ ပိန်အောင်လုပ်ဖို့ ခက်နေပါပြီ။ ဒီလိုပဲ ကျွန်တော်တို့ တစ်နေ့ကို သုံးသင့်တာထက် တစ်ရက်ပိုသုံးလိုက်လို့ ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ နေ့စဉ်သုံးသင့်တာ၊ သုံးနိုင်တာထက် ပိုသုံးရင်တော့ တစ်နေ့မှာ အကြွေးပတ်လည်ဝိုင်းပြီး ဒုက္ခရောက်ရပါလိမ့်မယ်။

အကြွေးတင်တဲ့သူ၊ အဝလွန်တဲ့သူ၊ အိမ်ထောင်ကွဲတဲ့သူဆိုတာ တစ်ရက်တည်း ချက်ချင်းဖြစ်တာ မဟုတ်ပါဘူး။ တစ်ရက်ပြီးတစ်ရက် တဖြည်းဖြည်းချင်း ပြောင်းလဲလာတာပါ။ ပြောင်းလဲလာတာကို သတိထားမိဖို့ လိုပါတယ်။

ဘဝဆိုတာ နေ့စဉ်အဖြစ်အပျက်တွေရဲ့ ပေါင်းစပ်မှု ဖြစ်ပါတယ်။ နေ့စဉ်အဖြစ်အပျက်တွေက အရေးကြီးပါတယ်။ တစ်စက်ချင်းကျတဲ့ ရေစက်က ကျောက်တုံးကို စားသွားသလို ဘဝမှာ နေ့စဉ်ဖြစ်ပျက်တဲ့ အရာတွေက ရေရှည်မှာ ကောင်းမလား၊ ဆိုးမလားကို ဆုံးဖြတ်ပါလိမ့်မယ်။ နေ့စဉ်ကျွန်တော်တို့ "ငါလမ်းကြောင်းမှန်ပေါ်မှာ ရှိရဲ့လား မနှစ်ကထက်၊ အရင်လကထက်၊ မနေ့ကထက် ကျန်းမာရဲ့လား၊ ပျော်ရွှင်ရဲ့လား၊ တိုးတက်မှုရှိရဲ့လား၊ အောင်မြင်မှုရှိရဲ့လား" လို့ ဆန်းစစ်ကြည့်သင့်ပါတယ်။ လမ်းကြောင်းမှန်ပေါ်မှာ မရှိရင်တော့ ကျွန်တော်တို့ လုပ်နေကျအလုပ်ကို ပြောင်းဖို့လိုပါပြီ။

ကြောက်စရာကောင်းတဲ့ လောကနိယာမတစ်ခုကတော့ ဘယ်အရာမှတည်ငြိမ်မနေပါဘူး။ တိုးတက်မနေရင် ဆုတ်ယုတ်နေပါလိမ့်မယ်။

**စည်းကမ်း**

ကိုယ်မကြိုက်ပေမယ့် အသေးအမွှားလေးကအစ စည်းကမ်းအတိုင်းလုပ်ခဲ့ရင် ဘဝမှာ ကြီးကျယ်တဲ့အလုပ်တွေကို ကိုယ့်စိတ်တိုင်းကျ လုပ်ခွင့်ရပါမယ်။

စည်းကမ်းဆိုတာ လူတိုင်းမကြိုက်ပါဘူး။ ဒါပေမဲ့ စည်းကမ်းရှိတဲ့ လူကိုတော့ လူတိုင်း ကြိုက်ကြပါတယ်။ ဘဝမှာ တဒင်္ဂစိတ်ကျေနပ်မှုကို ယူမလား။ ဒါမှမဟုတ် ရေရှည်အကျိုးကို ကြည့်မလားဆိုတဲ့ လမ်းနှစ်ခု အမြဲတမ်းရှိပါတယ်။

**ကိုယ့်ကိုယ်ကို စည်းကမ်းလုပ်တဲ့ အကျင့်ကိုလုပ်ပါ**

တီဗွီကြည့်မယ့်အစား စာဖတ်ရင် ရေရှည်မှာ အမှတ်ကောင်းကောင်းနဲ့ အောင်ပါမယ်။ တစ်ပတ်ကို သုံးကြိမ် အားကစားလုပ်ရင် ရေရှည်မှာ ကျန်းမာပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်ပါတယ်။

စည်းကမ်းရှိတဲ့အကျင့်ကိုရဖို့ အပြင်းအထန်လေ့ကျင့်ဖို့ မလိုပါဘူး။ လိုချင်စိတ်ရှိရင် စည်းကမ်းကို လိုက်နာနိုင်ပါတယ်။ အမှတ်ကောင်းကောင်းနဲ့အောင်ရင် အလုပ်ကောင်းကောင်းရမယ်ဆိုတာကို သိရင် အမှတ်ကောင်းကောင်းရချင်တဲ့စိတ် ဖြစ်လာပါလိမ့်မယ်။ ဒီစိတ်က စာမှန်မှန်ကျက်ဖို့ စည်းကမ်းကို လုပ်တာပါပဲ။ ကျန်းမာရေးနဲ့ ပြည့်စုံမှ ကျန်းမာပျော်ရွှင်တဲ့ဘဝကို ရမယ်ဆိုတာသိရင် ကျန်းမာချင်လာပါတယ်။ ကျန်းမာချင်တဲ့စိတ်က လေ့ကျင့်ခန်းမှန်မှန် လုပ်ရမယ်ဆိုတဲ့ စည်းကမ်းကို ဖြစ်စေပါတယ်။

စည်းကမ်းရှိတဲ့လူကို ဘယ်သူကမှ စည်းကမ်းမလုပ်ပါဘူး။ ဘယ်သူကမှလည်း ဘာလုပ်ရမယ်ဆိုတာ မပြောပါဘူး။ စည်းကမ်းရှိတဲ့လူက ကိုယ့်ဘဝကိုကိုယ်ပဲ စည်းကမ်းလုပ်ပါတယ်။

စည်းကမ်းမရှိရင်တော့ တစ်ယောက်ယောက်က ကိုယ့်ကို စည်းကမ်းနဲ့ ပြုမူနေထိုင်အောင် ထိန်းချုပ်ပါလိမ့်မယ်။ ဒါကို လက်မခံရင်တော့ အချုပ်ထဲ ရောက်ပါလိမ့်မယ်။

**အစီအစဉ်ကျမှု**

တိုးတက်ဖွံ့ဖြိုးဖို့အတွက် လိုအပ်တဲ့ ပထမဦးဆုံး လောကနိယာမက "အစီအစဉ်ကျမှု"ပါ။ တိုးတက်ဖို့အတွက် စနစ်လိုပါတယ်။ သစ်ပင်တစ်ပင်ကိုကြည့်ကြည့်။ ပျားအုံတစ်အုံကိုပဲကြည့် အလွန်ပဲ အချိုးကျပြီး စနစ်ကျတာကို တွေ့ရပါလိမ့်မယ်။ သဘာဝတရားက လိုတာပဲထားပြီး မလိုတာကို ဖယ်ပစ်ပါတယ်။

စီးပွားရေးတစ်ခုအောင်မြင်ဖို့ စနစ်ကျရပါမယ်။ အစီအစဉ်ကျရပါမယ်။ ဒီလိုပါပဲ ဘဝမှာအောင်မြင်မှုကို လိုချင်ရင် စနစ်ကျရပါမယ်။ အစီအစဉ် ကျရပါမယ်။

တချို့က ဆိုကြပါတယ်။ "ကျွန်တော့်စားပွဲက ရှုပ်တယ်လို့ထင်ရပေမယ့် စနစ်တကျရှုပ်နေတာပါ" ဒါဆိုရင် ဒီပုဂ္ဂိုလ်က အရေးပေါ်ခွဲစိတ်မှုလုပ်ဖို့ ခွဲခန်းဝင်ရတဲ့အခါ ဆရာဝန်က ဆေးပုလင်းတွေ၊ ပတ်တီးတွေ၊ ခွဲစိတ်ကိရိယာတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ကြားကနေ "စိတ်မပူပါနဲ့။ ခွဲခန်းကရှုပ်နေပေမယ့် ခင်ဗျားရဲ့ ခွဲစိတ်မှုက အောင်မြင်မှာပါ"လို့ ဆိုခဲ့ရင်တောင် စနစ်မကျတဲ့ ခွဲခန်းကိုကြည့်ပြီး စိတ်မပူဘဲနေနိုင်ဖို့မလွယ်ပါဘူး။

ထူးခြားအောင်မြင်တဲ့ အလုပ်တွေလုပ်နိုင်ဖို့ စနစ်လိုပါတယ်။ မီးသတ်သမားဟာ မီးလောင်တဲ့ အချက်ပေးသံရတာနဲ့ ဘယ်နေရာမှာ ဦးထုပ်ယူရမယ်၊ ပုဆိန်ယူရမယ်၊ ဘာလုပ်ရမယ်ဆိုတာကို သိပါတယ်။ ဒီလိုပါပဲ လူနာတင် အရေးပေါ်ကားမောင်းသမားက ကားသော့ကို ဘယ်မှာယူရမယ်ဆိုတာ သိပါတယ်။

> **ဘဝဆိုတာ ရေလှိုင်းလိုပါပဲ။ လှိုင်းတွေလာတဲ့အခါ တစ်လုံးပြီးတစ်လုံးလာသလို တစ်ခါတစ်ရံကျတော့လည်း လှိုင်းတွေက ငြိမ်နေတတ်ပါတယ်။ ကျွန်တော်တို့ ဘဝတွေမှာလည်း မိသားစုအရေးအခင်းတွေ၊ ငွေကုန်စရာ အကြောင်းအရာတွေ၊ မင်္ဂလာဆောင်ဖိတ်စာတွေက လာပြီဆိုရင် တစ်ခုပြီး တစ်ခု ဆက်လာပါတယ်။ ဒီနိယာမလေးကို သိထားရင် စိတ်သက်သာရာ ရပါတယ်။**

ဖိုင်တွေအားလုံးကို စနစ်တကျထားပါ။ ကားရုံထဲမှာ ပစ္စည်းတွေကို စနစ်တကျထားပါ။ ဗီရိုထဲမှာ ပစ္စည်းတွေကို စနစ်တကျထားပါ။ ကိုယ့်ပတ်ဝန်းကျင်က စနစ်တကျနဲ့ သန့်သန့်ရှင်းရှင်း ဖြစ်နေရင် ကိုယ့်စိတ်လည်း ကြည်လင်လာပါလိမ့်မယ်။ စိတ်ကြည်လင်နေရင် အတွေးမှန်ပြီး အလုပ်တွေလည်း အောင်မြင်လာပါလိမ့်မယ်။ များသောအားဖြင့် အလုပ်ခန်းတို့၊ အိမ်တို့က စနစ်မကျနဲ့ အစီအစဉ်မကျသူတွေရဲ့ ဘဝကလည်း ရှုပ်ထွေးနေတတ်ပါတယ်။

**အားစိုက်မှုတိုင်းဟာ ဘယ်တော့မှ အလဟဿမဖြစ်ပါဘူး**

ရေခဲတုံးကြီးတစ်တုံးကို အိုးထဲမှာထည့်ပြီး အပူပေးကြည့်ပါ။ အချိန်အတော်ကြာသည့်တိုင် ရေခဲတုံးက ဒီအတိုင်းပဲ နေပါလိမ့်မယ်။ အပူစွမ်းအင်တွေ အများကြီးကုန်ဆုံးသွားပေမယ့် အကျိုးကျေးဇူးကိုတော့ မျက်စိနဲ့ မတွေ့ရပါဘူး။ အချိန်ကြာလာတဲ့အခါမှာတော့ ရေခဲက စအရည်ပျော်လာပြီး နောက်ဆုံးမှာ အားလုံး "ရေ" ဖြစ်သွားပါလိမ့်မယ်။ ဆက်ပြီး အပူပေးပါ။ အပူစွမ်းအင်တွေသာ အများကြီး ကုန်သွားတယ်။ ထူးခြားမှုကို တွေ့ရမှာမဟုတ်ပါဘူး။ ရေအပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်လောက် ဖြစ်လာရင်တော့ ရေနွေးဆူတာကိုတွေ့ရပြီး မကြာခင် ရေနွေးငွေ့တွေကို တွေ့ရပါလိမ့်မယ်။

ကျွန်တော်တို့ ဘာကိုသင်ခန်းစာရပါသလဲ။ ဘာနိယာမကို သိရပါသလဲ။ ကျွန်တော်တို့ စွမ်းအင်တွေ၊ အားစိုက်ထုတ်မှုတွေ ထည့်ပေမယ့် ချက်ချင်းဘာထူးခြားမှုမှ မဖြစ်နိုင်ပါဘူး။ ရေခဲကို အပူပေးမယ်။ ရင်နှီးမြှုပ်နှံမှုတစ်ခုလုပ်မယ်။ အလုပ်မှာ ကြိုးစားအားထုတ်ပြီး အလုပ်လုပ်မယ်။ ဒါတွေအကုန်လုံး စွမ်းအင်တွေ သုံးရပါတယ်။ ထည့်လိုက်တဲ့ စွမ်းအင်တွေက ပြောင်းလဲခြင်းတွေ ဖြစ်လာဖို့ကို လှုပ်ရှားနေပေမယ့် ချက်ချင်းတော့ မတွေ့နိုင်သေးပါဘူး။ ကိုယ်က ဖွဲမလျှော့ဘဲ ဆက်ပြီးတော့ ကြိုးစားဖို့ လိုပါတယ်။ စွမ်းအင်တွေ ဆက်ထည့်ရပါမယ်။ အားစိုက်ထုတ်မှုတွေ ဆက်လုပ်ရပါမယ်။ မကြာခင်မှာတော့ သေချာပေါက် ပြောင်းလဲမှုကို ကြုံတွေ့ရမှာပါ။ နိယာမကိုနားလည်ရင် စိတ်မရှည်တာတို့၊ စိတ်ပျက်တာတို့ကို ဖြေသိမ့်နိုင်ပါလိမ့်မယ်။

နေ့စဉ်ကိုယ်လုပ်ရမယ့် အလုပ်တွေကိုသာ ဦးစားပေး အစီအစဉ်အတိုင်း အကောင်းဆုံးဖြစ်အောင် အားစိုက်ထုတ်ပြီးလုပ်ပါ။ ထုတ်လိုက်တဲ့ စွမ်းအင်တွေက ဘယ်တော့မှ အလဟဿမဖြစ်ပါဘူး။ ထုတ်လိုက်တဲ့ စွမ်းအင်တွေက "လောကစွမ်းအင်ဘဏ်"ထဲမှာ စုထားသလိုဖြစ်ပြီး စွမ်းအင်တွေကို အားစိုက်ထုတ်တိုင်း အမှတ်ရနေတယ်လို့ သဘောထားပါ။ ဒီလိုသဘောထားနိုင်ရင် ချက်ချင်းအကျိုးကျေးဇူးကို မခံစားရပေမယ့် နေ့စဉ်အားစိုက်ထုတ်နေရတာကို ပျော်နေပါလိမ့်မယ်။ အမှတ်ဘယ်လောက်ရရင် အကျိုးကျေးဇူးရမယ်ဆိုတာ အတိအကျမပြောနိုင်ပေမယ့် အကျိုးကျေးဇူးရဖို့ အမှတ်များရန်တော့ လိုပါတယ်။ မကြာခဏဆိုသလို ကိုယ်မျှော်လင့်မထားတဲ့ အချိန်မှာ အမှတ်ပြည့်သွားပြီး အခွင့်အရေးတွေ၊ အကျိုးကျေးဇူးတွေကို ရရှိခံစားရပါလိမ့်မယ်။

**ရေလှိုင်း**

ဘဝဆိုတာ ရေလှိုင်းလိုပါပဲ။ လှိုင်းတွေလာတဲ့အခါ တစ်လုံးပြီး တစ်လုံးလာသလို တစ်ခါတစ်ရံကျတော့လည်း လှိုင်းတွေက ငြိမ်နေတတ်ပါတယ်။ ကျွန်တော်တို့ ဘဝတွေမှာလည်း မိသားစုအရေးအခင်းတွေ၊ ငွေကုန်စရာအကြောင်းအရာတွေ၊ မင်္ဂလာဆောင်ဖိတ်စာတွေက လာပြီဆိုရင် တစ်ခုပြီးတစ်ခု ဆက်လာပါတယ်။ ဒီနိယာမလေးကို သိထားရင် စိတ်သက်သာရာ ရပါတယ်။ တစ်ခါတလေ လှိုင်းလေငြိမ်သလိုဖြစ်ပြီး တစ်လလုံး ငွေကုန်စရာအကြောင်းအရာတွေ မရှိရင် ပျော်မသွားပါနဲ့။ နောက်လကျရင် လှိုင်းတစ်လုံးပြီးတစ်လုံး လာနိုင်ပါတယ်။ ကောင်းတာကတော့ နောက်လာမယ့် ကုန်ကျစရာတွေအတွက် ငွေတွေကို ကြိုတင်ဖယ်ထားပါ။ ဒီလိုပြင်ဆင်ထားရင် လှိုင်းလုံးတွေ တစ်လုံးပြီး တစ်လုံးလာတဲ့အခါ အဆင်သင့် ဖြစ်နေပါလိမ့်မယ်။

ကျွန်တော်တို့ သတ္တလောကကြီးဟာ အမြဲပြောင်းလဲနေပါတယ်။ ရာသီဥတုတွေ ပြောင်းလဲနေတယ်။ ဒီရေအတက်အကျတွေ ဖြစ်နေတယ်။ ဖက်ရှင်စတိုင်လ်တွေက အမြဲပြောင်းလဲနေတယ်။

ကျွန်တော်တို့ကျောင်းမှာ ဇီဝဗေဒတို့၊ အထွေထွေသိပ္ပံတို့ သင်တုန်းက သဘာဝတရားရဲ့ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေအောင် ပြောင်းလဲတဲ့နိယာမတွေကို သင်ခဲ့ရပါတယ်။ ဥပမာ အစိမ်းရောင်ပိုးမွှားနေတဲ့ သစ်တောက အစိမ်းရောင်ကနေ အညိုရောင်တွေများတဲ့ သစ်တောဖြစ်သွားရင် သူရဲ့အရောင်ကို ပြောင်းရပါလိမ့်မယ်။ မပြောင်းရင်တော့ အန္တရာယ်ကြီးစွာ ရင်ဆိုင်ရပါလိမ့်မယ်။ အစက စိမ်းနေတဲ့သစ်တောက ဘာလို့ အညိုရောင်ပြောင်းသွားရတာလဲလို့ မေးခွန်းထုတ်လို့ရပါတယ်။ မေးခွန်းထုတ်နေစဉ်မှာပဲ ပိုးမွှားက ပျောက်ကွယ်သွားပါလိမ့်မယ်။

**သဘာဝတရားက ရက်စက်ကြမ်းကြုတ်ပါတယ်။ "ပြောင်းလဲရင်ပြောင်းလဲ၊ မပြောင်းလဲရင် ပျောက်ကွယ်သွားရပါလိမ့်မယ်"**

ကမ္ဘာ့စီးပွားရေးလောကမှာလည်း ပြောင်းလဲခြင်းကို နားမလည်တဲ့အတွက် ထိပ်တန်းကုမ္ပဏီကြီးတွေရဲ့ စီးပွားရေးခေါင်းဆောင်များပင်လျှင် အတွေးအခေါ်တွေ မှားခဲ့ကြပါတယ်။

၁၉၂၇ခုနှစ် ဝါနာညီအစ်ကိုများ ရုပ်ရှင်ထုတ်လုပ်ရေး " Warner Brothers Pictures" ပိုင်ရှင် ဟဲရီဝါနာ (Harry Warner)က "နာမည်ကြီး သရုပ်ဆောင်တွေရဲ့အသံကို ရုပ်မမြင်ရဘဲ ဘယ်သူက ကြားချင်မှာလဲ"လို့ မှတ်ချက်ချခဲ့ပါတယ်။ ကာတွန်းရုပ်ရှင်တွေမှာ နာမည်ကြီး သရုပ်ဆောင်တွေရဲ့အသံကို သုံးတာနဲ့ပတ်သက်ပြီး ဖြစ်ပါတယ်။

၁၉၄၃ ခုနှစ်မှာ IBM ကုမ္ပဏီကြီးရဲ့ ဥက္ကဋ္ဌ သောမတ်(စ်)ဝပ်ဆင် (Thomas Watson) က "ကမ္ဘာပေါ်မှာ ကွန်ပျူတာဈေးကွက်က အလွန်ဆုံးရှိရင် ငါးလုံးပေါ့"လို့ ပြောခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်မှာ Digital Equipment Corporationရဲ့ ဥက္ကဋ္ဌ ကင်အော် (လ်)စင် (Ken Olsen) က "လူတိုင်းအိမ်မှာ ကွန်ပျူတာတစ်လုံးစီ ပိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"လို့ ဆိုခဲ့ပါတယ်။ Digital Equipment Corporation ဟာ အလတ်စား Main Frame ကွန်ပျူတာတွေ ထုတ်လုပ်ရာမှာ နာမည်ကြီးပါတယ်။ PDP–11/70 သည် Digital က ထုတ်လုပ်ခဲ့တဲ့ နာမည်ကျော် အလတ်စား Main Frame ဖြစ်ပါတယ်။

ဒီနေ့မှန်နေတာတွေက မနက်ဖြန် မှားနိုင်ပါတယ်။ ဒီနေ့အောင်မြင်နေတဲ့ စီးပွားရေးကဏ္ဍတွေ မနက်ဖြန်မှာ လူကြိုက်နည်းလာနိုင်ပါတယ်။ အရာရာဟာ ပြောင်းလဲနေပါတယ်။ မပြောင်းလဲဘဲ တစ်သမတ်တည်းရှိနေတာက "ပြောင်းလဲခြင်း"ဆိုတဲ့ နိယာမပါပဲ။ ။

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကို ဖြူစင် အောင်ထားပါ" စာအုပ်မှ "လောကကြီးက ဘယ်သူ့ကိုမှ မျက်နှာမလိုက်ပါဘူး" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ် ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၃

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု များဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု ၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက် ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၅၁၀၀ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၀၂၂ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ငင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၃၁၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၄၈၇ ဦး၊ စုစုပေါင်း ၁၈၈၀၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာ များကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေး လျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၄ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၈၈၅၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင် ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၀၈၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး ကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်း ဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၃

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ခေတ္တရာမြို့သစ်ရပ်ကွက်၊ (၁၃)လမ်းရှိ ကြည်သာအေးမြဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရခိုင်ပြည်နယ်၊ အမ်းမြို့၊ အောက်ရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သိမ်ပြုပြင်ရန်အတွက် အမ်းတပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုဝင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၁၂၈၀၀၀၀ ကို ဇူလိုင် ၂ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းက ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုန္ဒရအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

- မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်၊
- မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီး ခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေချိုးခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ

ဝတ်ရည်ခင်(ပဲခူး)

ဝသန်စောင်းကြိုး၏ တီးခတ်နှိုးသံသည် မိုးပွင့်မိုးစက်များ၊ မိုးရနံ့လေပြည်လေညှင်းနှင့် သံသာယာစွာ တညင်းညင်း၊ တသင်းသင်း လွင့်ပျံ့လာပါသည်။ မြေသင်းနံ့ သင်းပျံ့ပျံ့သည် လေအဝေ့တွင် ဆွတ်ပျံ့ဖွယ်တိုးဝင်လာသည်။ ခြောက်သွေ့၍ ပျင်းရိငြီးငွေ့ဖွယ်နွေကာလမှ စိမ်းလန်းသာယာတက်ကြွအေးမြသည့် မိုးတွင်းခါဝသန်သို့ ချင်းနင်းဝင်ရောက်လာပါသည်။ ကျေးလက်တောရွာများ၏ စိမ်းလဲ့လဲ့ပျိုးခင်းများတွင် နုပျိုသည့်ကောက်စိုက်ပျိုမေများသည်လည်း အားမာန်ဝင့်ကာ လုပ်ငန်းခွင်သို့ ပျော်ပျော်ပါးပါး ဝင်ရောက်ကြချိန်ဖြစ်သည်။ သို့မှလည်း မြန်ပြည်တစ်ဝန်း ရွှေရောင်စပါးခင်းများ ပေါ်ထွန်းလာပေမည်။ ဤသည်မှာ ရှေးခေတ်မှသည် ယနေ့ခေတ်တိုင် တည်တံ့နေသည့် အစဉ်အလာပင်ဖြစ်ပါသည်။ ထို့အတူ မြန်မာ့သမိုင်းမျက်နှာစာတွင်သာမက ကမ္ဘာ့သမိုင်းမျက်နှာစာတွင်ပါ ဂုဏ်ယူဝင့်ကြွားခဲ့ရသော၊ ဂုဏ်ယူဝင့်ကြွားနေဆဲဖြစ်သော၊ ဂုဏ်ယူဝင့်ကြွားဦးမည်ဖြစ်သော မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်သန်ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဖွဲ့စည်းခဲ့သည့်နေ့ ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပသည်။

## လှုပ်ရှားဆောင်ရွက်နေ

ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ရင်းနှီးစွာ အပြန်အလှန်လေးစားလျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထားကြိုးပမ်းဆောင်ရွက်မည်ဟူသည့် တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ၊ ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဟူသည့် လူမှုရေးဆိုင်ရာ အခြေခံမူ၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဟူသည့် အမျိုးသမီးများ၏ အခြေခံမူများကို အခြေခံလျက် လုပ်ငန်းအဖွဲ့များ၊ ဌာနကြီးများနှင့် တိုင်းနှင့် ပြည်နယ် အမျိုးသမီးကော်မတီအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အမျိုးသမီးကော်မတီ၊ ရပ်ကွက်/ ကျေးရွာ အမျိုးသမီးအဖွဲ့များအထိ အဆင့်ဆင့်ဖွဲ့စည်းကာ တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် လှုပ်ရှားဆောင်ရွက်နေပါသည်။

ခေတ်အဆက်ဆက် နိုင်ငံတော်နှင့် လူမျိုးအကျိုးသယ်ပိုးဆောင်ရွက်ရာတွင် ဇွဲ၊ သတ္တိ၊ အားမာန်၊ စွမ်းရည်၊ ခွန်အားအရာတို့၌ အမျိုးသမီးများနှင့် တန်းတူမလျှော့တမ်းကြိုးပမ်းဆောင်ရွက်ခဲ့သော မြန်မာအမျိုးသမီးများ၏ မကြဲ့စဖူး ထူးထူးကဲကဲ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်သော ကော်မတီအဖွဲ့၊ မြန်မာအမျိုးသမီးများ၏ မျိုးချစ်စိတ်ဓာတ်ပြည့်ဝမှုကြီးပင်ဖြစ်သည်။ ညီညာမှ ပြည်သာမည်ဖြစ်ပါသည်။ အမျိုးသမီးများ၏ အခွင့်အရေးများကို ရှေးရှုရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများနှင့်မတူ တစ်မူထူးခြားသည်မှာ မြန်မာအမျိုးသမီးများ၏ လူမှုရေးဆိုင်ရာ အခွင့်အရေးများမှာ ရှေးသက်ဦးဆံပိုင် မြန်မာမင်းများလက်ထက်မှစ၍ ခေတ်အဆက်ဆက် လိုက်နာကျင့်သုံးခဲ့သော မြန်မာ့ဓလေ့ထုံးစံများနှင့် ဥပဒေများ၊ ဓမ္မသတ်များတွင် ပြဋ္ဌာန်းထားပြီးဖြစ်၍ မြန်မာအမျိုးသမီးများသည် မွေးရာပါအခွင့်အရေးများကို ရရှိပြီးဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးတွင်မှ မရှိသည့် ဟီရိဩတ္တပ္ပဆိုသည့် အရှက်တရားထိန်းသိမ်းလေ့ရှိသည့် မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နေထိုင်ခြင်းမျိုးနှင့် ဆံကေသာဒူးဆစ်အထိရှိသည့် မြန်မာအမျိုးသမီးတို့၏ ဘုန်းကျက်သရေသည် အခြားနိုင်ငံရှိ အမျိုးသမီးများတွင် မတွေ့ရှိနိုင်ခြင်းဖြစ်ပါသည်။

အနောက်တိုင်းသားများ၏ သဘောတူအတူနေ (Living together)တို့သည် ချစ်သူလူငယ်စုံတွဲလေးတွေကြားမှာ နှစ်ဦးနှစ်ဝစိတ်ချင်းတူညီညွတ်သမျှအတူနေခြင်း၊ အယူအဆကွဲလွဲရင် အတူမနေ လမ်းခွဲခြင်းမျိုးသဘောဖြင့် နေကြထိုင်ကြခြင်းမျိုးကို မြန်မာ့လူမှုရေးနယ်ပယ်တွင် ရှင်သန်ခွင့်မပေးခြင်းသည်ကပင် မြန်မာအမျိုးသမီးများ၏ အမျိုးဂုဏ်သိက္ခာတို့သည် ကမ္ဘာတစ်လွှားဝင့်ကာကြွားနိုင်စေခြင်းပင်ဖြစ်သည်။

## မွန်မြတ်သည့် ဂုဏ်ဒြပ်များ

"သားကိုသခင်၊ လင်ကိုဘုရား" စိတ်ထားမျိုးထားသည့် တော်ဝင်စံထားသည့် အမရာဒေဝီ၊ မဒီဒေဝီတို့သည်လည်း ကမ္ဘာကပင် မြန်မာ့သမိုင်းရာဇဝင်ကို အသိအမှတ်ပြုထားကြသည်။ "မိန်းမတို့ဣန္ဒြေရွှေပေး၍မရ"ဆိုသည့် မြန်မာ့ဆိုရိုးစကားလေးကပင် မြန်မာအမျိုးသမီးများ၏ ဣန္ဒြေကို ကမ္ဘာမှာ ဝင့်ကြွားစေနိုင်ခဲ့သည်။ ယနေ့ခေတ် မြန်မာအမျိုးသမီးငယ်လေးများကလည်း စံပြနေထိုင်ကြရန် လိုအပ်ပါသည်။ အတုယူမှားစေရန် နေထိုင်ကြရမည်ဖြစ်သည်။ ဂုဏ်ပြုစံထားထိုက်သည့် မြန်မာအမျိုးသမီးလေးများဖြစ်စေချင်ပါသည်။ "ပုခက်လွှဲသော လက်များသည် ကမ္ဘာကိုစိုးမိုးနိုင်သည်" ဆိုသည့်အတိုင်း မြန်မာအမျိုးသမီးများသည် စွမ်းရည်ထက်မြက်ကြသူများဖြစ်ပြီး နောက်လိုက်များမဟုတ်ကြတော့သည်ကို ရည်ညွှန်းလျက်ရှိပါသည်။ "ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ"၏ မွန်မြတ်သည့် ဂုဏ်ဒြပ်များပင်ဖြစ်သည်။

> **မြန်မာအမျိုးသမီးများသည် လောကကို တာဝန်ယူသူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပအောင်ဖန်တီးသူများဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွန်းထုလုပ်ပေးကြသည့် ဗိသုကာပညာရှင်များဖြစ်ကြပါသည်။ ဗုဒ္ဓသာသနာထွန်းကားသည့် အမိမြန်မာနိုင်ငံတွင် ဗုဒ္ဓ၏အဆုံးအမဩဝါဒများနှင့် သားသမီးများကိုဆိုဆုံးမနိုင်ခဲ့သည့် အမျိုးသမီးများဖြစ်သည့်အပြင် မြန်မာ့လူ့အဖွဲ့အစည်း၏ လူမှုကျင့်ဝတ်များသည်လည်း ဗုဒ္ဓ၏လမ်းညွှန်သွန်သင်မှုများပင်ဖြစ်**

မြန်မာအမျိုးသမီးများသည် လောကကို တာဝန်ယူသူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကိုလှပအောင် ဖန်တီးသူများဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွန်းထုလုပ်ပေးကြသည့် ဗိသုကာပညာရှင်များဖြစ်ကြပါသည်။ ဗုဒ္ဓသာသနာထွန်းကားသည့် အမိမြန်မာနိုင်ငံတွင် ဗုဒ္ဓ၏အဆုံးအမဩဝါဒများနှင့် သားသမီးများကို ဆိုဆုံးမနိုင်ခဲ့သည့် အမျိုးသမီးများဖြစ်သည့်အပြင် မြန်မာ့လူ့အဖွဲ့အစည်း၏ လူမှုကျင့်ဝတ်များသည်လည်း ဗုဒ္ဓ၏လမ်းညွှန်သွန်သင်မှုများပင်ဖြစ်သည်။ မြန်မာအမျိုးသမီးတို့ စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးသော မိဘကျင့်ဝတ်ငါးပါး၊ သားသမီးကျင့်ဝတ်ငါးပါး၊ ဆရာကျင့်ဝတ်ငါးပါး၊ တပည့်ကျင့်ဝတ်ငါးပါး၊ ဇနီးကျင့်ဝတ်ငါးပါးတို့ဖြစ်သည့် သိင်္ဂါလောဝါဒသုတ္တန်လာ ဗုဒ္ဓရှင်တော်ဘုရားဟောကြားသည့် တရားတော်တို့နှင့်အညီ နေထိုင်၊ ကျင့်ကြံနိုင်ခြင်းသည်ကပင် မြန်မာအမျိုးသမီးများ၏ ကမ္ဘာတစ်လွှားဝင့်ကာကြွားနိုင်သည့် ကောင်းခြင်းသွင်ပြင်စရိုက်လက္ခဏာတို့ပင်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်မှသည် ယနေ့ခေတ်အချိန်အခါအထိ မြန်မာအမျိုးသမီးများသည် ကမ္ဘာတွင် ဘုန်းတန်ခိုးနှင့် ပြည့်စုံကြသည့် အမျိုးသမီးများဖြစ်သည်ကို ဆရာမကြီးစောမုံညင်းက ဤသို့မေတ္တာဝေစာခွေထားသည်ကို တွေ့ရှိရပါသည်။

"တန်ခိုးကြီးစေ ဤကမ္ဘာတစ်လွှားမှာဖြင့် အမျိုးသမီးတွေ ကြည်သဒ္ဓါမနွမ်းရအောင်၊ မဒီကညာအခန်းကိုတော့ ဖော်ပြမနေတော့ပါ၊ အိုရှင် ... စီကာကမ်းလိုက်ပါရဲ့ ပြည်သာဖို့လမ်းပါပဲ" ဟု ဖွဲ့ဆိုထားသည်ကို တွေးကြည့်ခြင်းအားဖြင့် မြန်မာအမျိုးသမီးများသည် ဘုန်းတန်ခိုးကြီး၍ ကမ္ဘာတစ်လွှားမှာ ဂုဏ်ယူဝင့်ကြွားရသည့်သူများဖြစ်သည်ကို သိကြရပေသည်။

ဤဘဒ္ဒကမ္ဘာသတ္တလောကဘုံကြီး၌ မိန်းမတို့သည် ရှေးဦးစွာပေါ်ထွန်းလာရကား လောက၏ အရှင်မိခင်အစစ်ဖြစ်ပေသည်။ မိခင်ဖြစ်ကြသူ မိန်းမများအနက် မဟာမာယာဒေဝီမှအစ ယသော်ဓရာ၊ ခေမာမိဖုရား၊ ဥပ္ပလဝဏ်၊ တေဒဂ်ရရဟန္တာမိန်းမမြတ်တို့အပြင် ဝိသာခါ၊ ခုဇ္ဇုတ္တရာ၊ နန္ဒမာလာစသည့် လူမိန်းမတို့နှင့် ရာဇဝင်ထင်ရှားသည့် မိဖုရားကြီးဖွားစော၊ ဘုရင်မရှင်စောပု စသည့် မိန်းမမြတ်များကို စံနမူနာဦးထိပ်ထားလျက် ခေတ်အဆက်ဆက် ကမ္ဘာတစ်လွှားဝင့်ကာကြွားနိုင်သည့် မြန်မာအမျိုးသမီးများလည်း များပြားစွာရှိပါသည်။ တိုင်းပြည်အတွက် ကြိုးပမ်းမှုသမိုင်းတွင်စာတင်လောက်သည့် အမျိုးသမီးပုဂ္ဂိုလ်ကြီးများ၊ အမျိုးသမီးအာဇာနည်မများသည် သမိုင်းရာဇဝင်တွင် ထင်ရှားဝင့်ကြွားနိုင်ခဲ့ကြသည်။ နိုင်ငံရေးလောက၊ ဥပဒေလောက၊ တပ်မတော်လောက၊ လူမှုရေးလောက၊ ပညာရေးလောက၊ စာပေလောက၊ ဂီတလောက၊ ဇာတ်သဘင်လောက၊ ရုပ်ရှင်လောက၊ ဂီတလောက၊ အဆိုတော်လောကနှင့်တကွ သာသနာ့ဝန်ဆောင်လောက၊ အားလုံးသောလောကမှ အမျိုးသမီးတို့၏ ကိုယ်ရည်ကိုယ်သွေး၊ စွမ်းရည်ထက်မြက်မှုတို့သည် မြန်မာ့ဂုဏ်ကို ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။

## အမျိုးသမီးဆေးပညာရှင်များ

ဒေါက်တာ ဒေါ်စောဆ၊ ဒေါက်တာ ဒေါ်မေစု၊ ဒေါက်တာ ဒေါ်ရင်မေ၊ ဒေါက်တာ ဒေါ်ခင်စီ၊ ဒေါက်တာ ဒေါ်ခင်အုန်းမြတို့သည် ဆေးပညာလောကတွင်လည်း ကမ္ဘာတွင် ဝင့်ကြွားနိုင်စေမည့် အမျိုးသမီးဆေးပညာရှင်များဖြစ်ကြသည်။ ပညာရေးလောက၊ တပ်မတော်ပြန်တမ်းဝင် အမျိုးသမီးကြီးများ၊ အမျိုးသမီးစာပေပညာရှင်များ၊ ဂီတပညာရှင်များ၊ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်ပညာရှင်ကြီးများအပြင် သာသနာ့ဝန်ထမ်းအမျိုးသမီး အကျော်အမော်များဖြစ်သည့် သီလရှင်ဆရာကင်းနှင့် မယ်နတ်ပေး၊ ဒေါ်ဓမ္မစာရီ (မင်းကွန်း)နှင့် ဒေါ်သုမာလာ (ဒေါ်ဦးဇွန်း) တို့သည် ကမ္ဘာတစ်လွှားဝင့်ကြွားနိုင်သည့် အမျိုးသမီးများဖြစ်ကြပါသည်။ ယခုခေတ်အခါတွင်မူ အတိတ်က စွမ်းဆောင်ချက်များနှင့် မတူ၊ တစ်မူထူးခြားထင်ရှားသည့်အချက်မှာ မြန်မာအမျိုးသမီးများသည် တစ်ခုတည်းသော မြန်မာနိုင်ငံအမျိုးသမီးကော်မတီ၏ ဦးဆောင်မှုအောက်တွင် ခိုင်မာစွာစုစည်းထားသော ထင်းစည်းပမာ မကွဲမကွာ၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း တက်ညီလက်ညီစွမ်းဆောင်နိုင်ကြခြင်းပင်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည့် ခိုင်ခံ့သည့်ကြိုးဖြင့် သီကုံးထားသော ပြည်ထောင်စုဟူသည့် ပုတီးကုံးသည် ခိုင်လည်းခိုင်မာ၊ ညီလည်းညီညာသည့် အင်အားစုရှိခြင်း၊ စုစည်းခြင်းအသွင်ဆောင်သည့် ပုတီးကုံးပင်ဖြစ်ပါသည်။

ယနေ့မြန်မာအမျိုးသမီးတို့၏ နေရာမှန်သည် မီးဖိုချောင်ထဲတွင်သာမဟုတ်တော့ဘဲ လူမှုရေးနယ်ပယ်များသည်လည်း အမျိုးသမီးများအတွက်ဖြစ်သည်ဟူ၍ ခံယူချက်နှင့်အညီ လူမှုရေးနယ်ပယ်အသီးသီး၌ တစ်နေ့တခြားတိုးတက်ပါဝင်လှုပ်ရှားလာကြပြီဖြစ်သည်။ အမျိုးသမီးစီးပွားရေးပညာရှင်များ၊ ဥပဒေရေးရာပညာရှင်များနှင့် စာပေပညာရှင်များ၊ စစ်ဘက်တွင်လည်း ဗိုလ်မှူးကြီးများအထိ မြန်မာအမျိုးသမီးဦးရေ များပြားလာနေပြီဖြစ်သည်။ အထူးသဖြင့် ပညာရေးလောကတွင် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးပညာလောကတွင်လည်း သူနာပြုမှူဆရာဝန်ကြီးများ၊ သမားတော်ကြီးများအထိ အမျိုးသမီးဦးရေများစွာ တိုးတက်နေပါသည်။ မြစ်ကူးတံတားကြီးများကို တည်ဆောက်နေသည့် မြန်မာ့အမျိုးသမီး အင်ဂျင်နီယာများသည်ပင် ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားအောင် စံနမူနာပြကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများသည် အမျိုးသားများနည်းတူ အလွှာအသီးသီးမှပါဝင်ကာ အနာဂတ်နိုင်ငံတော်ကြီးအတွက် အခြေခံမူများချမှတ်နေသည်မှာ ကမ္ဘာကပင် ချီးကျူးရမည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဗိသုကာ အမျိုးသမီးများ၏ ဂုဏ်ရည်များပင်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာတွင်မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်များ ဝင့်ကြွားပေါ်လွင်စေသည်သာမက မြန်မာအမျိုးသမီးထုတစ်ရပ်လုံးသည် ကောင်းမြတ်သည့် အစဉ်အလာကောင်းနှင့် စွမ်းရည်မြင့်မားမှုကို အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စုစည်းကာ ပိုမိုအောင်မြင်အောင် စွမ်းဆောင်နေကြပါသည်။ တိုင်းပြည်နှင့် လူမျိုးအပေါ်ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံဖန်တီးနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြတ်ပြတ်သားသားဆန့်ကျင်ကြရမည်။ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် တိမ်ညိုကင်းသည့် ရွှေလမင်းပမာ အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ယခုအခါသမယတွင် အတိတ်ကစွမ်းဆောင်ချက်များနှင့်မတူ တစ်မူထူးခြားထင်ရှားသည့်အချက်မှာ တစ်ခုတည်းသော အမျိုးသမီးကော်မတီဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ဦးဆောင်မှုအောက်တွင် ခိုင်မာစွာစုစည်းထားသော ထင်းစည်းပမာ တက်ညီလက်ညီ စွမ်းဆောင်နေကြပါသည်။ ရေမြင့်မှ ကြာတင့်မည်ဆိုသည့်အတိုင်း နိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့်အတူ "ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ" ၏ ဂုဏ်ကိုဖော်ဆောင်လျက် အောက်ဖော်ပြပါကဗျာလေးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

ကိုယ့်နိုင်ငံ ကိုယ့်မျိုးတွက်
သယ်ပိုးရွက် တာဝန်ကျေ
တက်ကြွတဲ့ ... မေ။
ဆင်းရနံ့ သင်းပျံ့ဝေ
ရှင်းသန့်ပေ စိတ်ဓာတ်များ
ကမ္ဘာမြေတစ်ခွင်မှာလ
မြန်မာရွှေစင် အမျိုးသမီးလှရယ်က
တောက်ပဝင့်ကြွား .. ။ ။

# အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

**ကျိုက်လတ် ဇူလိုင် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း သင်တန်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စက်မှုလက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဟိန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ဖြစ်သော ကျေးလက်ဒေသနေ အမျိုးသမီးငယ်များ မိမိကိုယ်ပိုင် အတတ်ပညာဖြင့် အိုးမကွာ အိမ်မကွာ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်၍ သင်တန်းကာလတွင် ကြိုးစားသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာအသီးသီးမှ တက်ရောက်လာသည့် သင်တန်းသူ ၂၀ အတွက် သင်ထောက်ကူပစ္စည်းများ တာဝန်ရှိသူများကပေးအပ်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၃၀ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်သည်။

ကိုလွင်



# ကချင်ပြည်နယ်သမဝါယမမိသားစုများက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၃**

ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သည့် ၉၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် သမဝါယမမိသားစုနှင့် မြို့နယ်သမဝါယမမိသားစုများက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ၊ အခြေခံစားကုန်၊ သောက်ရေသန့်ပစ္စည်းများ လှူဒါန်းမှုကို ဇူလိုင်လ ၁ ရက်နှင့် ၂ ရက်နေ့များတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင် ၃၀၀)နှင့် (ခုတင် ၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့လည်းကောင်း၊ မိုးညှင်းမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းနှင့် ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ မိုးကောင်းမြို့နယ်၊ ဗန်းမော်မြို့နယ်နှင့် မိုးမောက်မြို့နယ်များရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့လည်းကောင်း၊ ရွှေကူမြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေး ကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ လည်းကောင်း၊ ဝိုင်းမော်မြို့နယ်ရှိ လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် မိဘမဲ့ကျောင်းများ၊ စစ်ရှောင်စခန်းများသို့လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ အသီးသီးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကရင်ပြည်နယ်ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းများရှိဝန်ထမ်းများ၊ ကျောင်းသားများ၊ သင်တန်းသူများအနေဖြင့် သစ်ပင်နှင့် သစ်တော၏တန်ဖိုးကို နားလည်ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန်ရည်ရွယ်၍ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၊ ဘားအံနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၊ ဘားအံ၊ မြဝတီ၊ မြိုင်ကြီးငူ စုစုပေါင်း သင်တန်းကျောင်း ခြောက်ကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအား သက်ဆိုင်ရာကျောင်းအလိုက် ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင် ၃၀၀၊ နှစ်ရှည်ပင် ၂၅၀၊ အရိပ်ရလေကာပင် ၃၂၀ စုစုပေါင်း ၈၇၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

# ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းဆောင်ရွက်

**ရှမ်းရွာသစ် ဇူလိုင် ၃**



ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ရှိ ကျေးလက် ကျန်းမာရေးဌာနသည် မြို့အတွင်းရှိ ဒေသနေပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတ ရရှိစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ရှမ်းရွာသစ်မြို့ ကျေးလက် ကျန်းမာရေးဌာန၌ ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးစောင့်ရှောက်ပေးမှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းတွင် ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်စုစုအောင်က ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်စောင့်ရှောက်မှုကို စနစ်တကျခံယူရန်၊ မိမိကြိုက်နှစ်သက်ရာအစားအစာများကို ရွေးချယ်စားသုံးခြင်းမပြုဘဲ အစာအာဟာရ သုံးအုပ်စုကို မျှတပြည့်ဝစွာစားသုံးရန်စသည့် ကျန်းမာရေးအကြောင်း သိကောင်းစရာများ လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အကြောင်းအရာများ၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးနှင့် ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်အချက်များ စသည်ဖြင့်အသိပညာပေးဆွေးနွေးခဲ့ပြီးနောက် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးပေးခြင်း၊ သန်ချဆေးတိုက်ကျွေးပေးခြင်း၊ ကိုယ်ဝန်ရာဇဝင်မေးခြင်း၊ HIV/AIDS ရောဂါစစ်ဆေးပေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်ပေးမှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရှမ်းရွာသစ်(ပြန်/ဆက်)**

## ၁။ ဆေးလိပ်၊ ကွမ်းယာ ရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် ကိုယ်ဝန်ဆောင်မိခင်များတွင် အောက်ပါအခြေအနေများကို ဖြစ်ပွားစေနိုင်ပါသည်။

- ကိုယ်ဝန်ပျက်ခြင်း
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့်ကလေးမွေးဖွားခြင်း
- မွေးစကလေး ရုတ်တရက် သေဆုံးခြင်းများ

သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ရောဂါဖြစ်ပွားစေသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) မိမိကစ၍ ကာကွယ်ပါ

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်း မရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေးနှိုးဆော် တိုက်တွန်းအပ်ပါသည်-

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။

(၃) လူစုလူဝေးရှောင်ပါ။

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၅) အလုံပိတ်အခန်းများ၊ အဲကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ။

(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၁၀) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ။

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

(၁၄.၆.၂၀၂၁)

# တိုင်းစစ်ဌာနချုပ်များ၌ ၂၀၂၁ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၃**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်၊ ရာသီဥတု အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရှိစေရန်နှင့် နိုင်ငံတော်စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်ရည်ရွယ်ပြီး တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲတော်များ၌ နှစ်စဉ် ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတို့၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်ပေါင်း ၂၆၇၇၈ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ညောင်တုန်းမြို့နယ်၌ သဘာဝမြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

**ညောင်တုန်း ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးမျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရေးနှင့် ဒေသတွင်းကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်ရေးရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနက သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ပန်းလှိုင်ရေထိန်းတံခါး၌ ကျင်းပသည်။



**အကောင်ရေ ၁၀ သိန်း မျိုးစိုက်ထည့်**

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံအင်းသားကြီးများနှင့် ရေလုပ်သားများ တက်ရောက်ကြပြီး ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀ သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## ဖောင်းပြင်မြို့နယ်၌ စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိ

**ဖောင်းပြင် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းလမ်းပေါင်းစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မောက်စဖာကျေးရွာနှင့် မော်လိုက်ကုန်းကျေးရွာတို့တွင် လေးလက်မစက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သောက်သုံးရေဖူလုံမည်**

အဆိုပါ လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် Three Light Rainbow ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ မောက်စဖာကျေးရွာတွင် လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေဂါလန် ၂၄၀၀၀ ဆံ့ ကွန်ကရစ်စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၂၅၀၊ လူဦးရေ ၁၆၂၉ ဦးအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စစ်ဆေးခဲ့**

အလားတူ မော်လိုက်ကုန်းကျေးရွာ၌ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်း မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဝင်းနှင့် ဝန်ထမ်းများက ဆက်လက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မွေးကြူဇင်

## အနုပညာ

## Tom Ford Beauty ရဲ့ ပထမဆုံးသော အာရှသားအမှတ်တံဆိပ်ကိုယ်စားလှယ်ဖြစ်လာတဲ့ ဟွန်ဘင်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဟွန်ဘင်းဟာ Tom Ford Beauty ကုမ္ပဏီထုတ် ရေမွှေးအမှတ်တံဆိပ် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်ခံရပါတယ်။ ဒါဟာ Tom Ford Beauty အနေနဲ့ အာရှသားတစ်ဦးကို အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် ပထမဆုံးအကြိမ် ရွေးချယ်ခန့်အပ်ခဲ့တာဖြစ်ကြောင်း အောလကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရ ပါတယ်။

ဇူလိုင် ၂ ရက်မှာ Tom Ford Beauty က ဟွန်ဘင်းကို အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့တာပါ။ ဟွန်ဘင်းဟာ အာရှ-ပစိဖိတ်ဒေသအတွက် အမှတ်တံဆိပ်ကိုယ်စားလှယ်ဖြစ်ပြီး အဆိုပါ ဒေသတွင်းမှာ ဟွန်ဘင်းဟာ Tom Ford Beauty အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အာရှ-ပစိဖိတ် ဒေသတွင်းမှာ ဟွန်ဘင်းဟာ Tom Ford Beauty ရဲ့ အမှတ်တံဆိပ်ကိုသာမက ရနံ့ကိုပါ ကိုယ်စားပြုသူ တစ်ဦးဖြစ်တယ်လို့လည်း အဆိုပါ ကုမ္ပဏီဘက်က ဖော်ပြခဲ့ပါတယ်။

ဒီလိုကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရတာနဲ့ပတ်သက်ပြီး ဟွန်ဘင်းက သူ့အနေနဲ့ ဂုဏ်ယူမိကြောင်းနဲ့ Tom Ford Beauty နဲ့ လက်တွဲကာ အာရှ-ပစိဖိတ်ဒေသရဲ့ ရနံ့အဖြစ် အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း မှတ်ချက်ပြုဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အဆိုပါ ကုမ္ပဏီအတွက် ပထမဆုံး လှုပ်ရှားမှုအဖြစ် ဟွန်ဘင်းဟာ Soleil Brûlant ရနံ့အတွက် ဓာတ်ပုံတစ်ပုံရိုက်ကူးဖော်ပြခဲ့ပါတယ်။ Soleil Brûlant ဟာ ယခုနှစ် နွေဦးမှာ စတင်ဖြန့်ချိခဲ့တဲ့ ရနံ့သစ်တစ်မျိုးလည်း ဖြစ်ပါတယ်။

ဟွန်ဘင်းဟာ လက်ရှိမှာ ရုပ်ရှင်သစ်တစ်ကားဖြစ်တဲ့ Confidential Assignment 2: Internationalကို လက်ခံရိုက်ကူးနေကြောင်းလည်း သိရပါတယ်။

## ကြည့်ရှုသူ သန်း ၇၀၀ ကျော်ခဲ့ပြီဖြစ်တဲ့ BTS ရဲ့ Fire

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Fire ရဲ့ တေးဗီဒီယိုကို ယူကျုပေါ်ကနေတစ်ဆင့် ကြည့်ရှုခဲ့မှုအကြိမ်ပေါင်းဟာ လတ်တလောမှာ သန်း ၇၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း အောလကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Fire ဟာ BTS ရဲ့ ပြန်လည်စုစည်းထုတ်လုပ်ခဲ့တဲ့ တေးအယ်လ်ဘမ် The Most Beautiful Moment in Life: Young Forever မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ၂၀၁၆ ခုနှစ် မေလအတွင်း စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ တေးသီချင်းကို ယူကျုရဲ့ ချန်နယ်တစ်ခုဖြစ်တဲ့ 1theK ပေါ်ကနေ ကြည့်ရှုခဲ့မှုအကြိမ်ပေါင်းဟာ ဇူလိုင် ၂ ရက်မှာ သန်း ၇၀၀ ပြည့်မြောက်ခဲ့တာပါ။ ဒါကြောင့် BTS ဟာ အဖွဲ့ရဲ့ ဂီတခရီးမှာ မှတ်တိုင်သစ်တစ်ခု ထပ်မံစိုက်ထူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဒါ့အပြင် အဆိုပါ တေးဗီဒီယိုကို အဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ HYBE ရဲ့ တရားဝင်ယူကျုချန်နယ်ပေါ်ကနေတစ်ဆင့် ကြည့်ရှုခဲ့တဲ့ အကြိမ်အရေအတွက်ကိုပါ ထပ်မံပေါင်းထည့်ပါက ၉၂၂ သန်း ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။ BTS ရဲ့ ထုတ်လွှင့်ခဲ့သမျှသော တေးသီချင်းတွေအနက် ကြည့်ရှုသူအရေအတွက် သန်း ၇၀၀ ကျော်လွန်ခဲ့တဲ့ တေးသီချင်း ခုနစ်ပုဒ်ရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## သွေးလွန်တုပ်ကွေးရောဂါ နှစ်စဉ်မိုးရာသီမှာ ဘာကြောင့်အဖြစ်များတာလဲ?

- ဒီရောဂါဟာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထား သော နေ့အချိန်မှာကိုက်လေ့ရှိတဲ့ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ဖြစ်တာပါ။
- မိုးရာသီမှာ ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားတာကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားပါတယ်။
- သွေးလွန်တုပ်ကွေးရောဂါဟာ အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများမှာ ဖြစ်ပါက သေဆုံးမှုနှုန်း မြင့်မားပါတယ်။
- ခြင်ကျားလောက်လမ်းဟာ ရေကြည်ရေသန့်မှာပဲ အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်တဲ့ (ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်က (၈)ရက်မှ (၁၀)ခန့်အထိသာ ကြာမြင့်ပါတယ်။ ဒါကြောင့် မိမိအိမ်၊ ကျောင်းနဲ့ ပတ်ဝန်းကျင်မှာ (၁)ပတ်လျှင် တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်းပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ် စသဖြင့် ဆောင်ရွက်ဖို့လိုပါတယ်။
- ခြင်ကျားလောက်လမ်းမရှိဘူးဆိုရင် ခြင်ကျားပေါက်ပွားမှုလည်း မရှိတဲ့အတွက် ခြင်ကျားကိုက်ခံရလို့ဖြစ်တဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မှာ မဟုတ်ပါဘူး။






## မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်ပြီး ဘာတွေသိထားသင့်သလဲ?

- ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး *(Vibrio cholerae)* ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပါသည်။
- ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင် အဖြစ်များ လေ့ရှိပါသည်။
- ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/ အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ – မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- ရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းတွင် enterotoxin ဟုခေါ်သော အဆိပ်ဓာတ်အား ထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာ ဆုံးရှုံးစေ၍ အသက်သေဆုံးသည်အထိ ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားရနိုင်ပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ ကြုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်း ချိုင့်ဝင်ခြင်း၊ ခံတွင်း/ လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ** – အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကိုကျိုချက်၍ သောက်သုံးပါ။ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးပါ။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။**


မျက်တွင်းချိုင့်ဝင်ခြင်း


အရေပြား၏ ကြုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း




## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁)ပေါ်တွင် ဆောက်လုပ်ထားသည့် Hill Top Vista Condo, Tower (A) မှ 7th Floor, Unit (2), အကျယ်အဝန်း (၁၀၇၀) စတုရန်းပေ အခန်းအမှတ်(၇၀၂) ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အမည်ပေါက် **ဦးအောင်မြင့်ကျော် ၁၂/တမန(နိုင်)၁၀၅၉၀၆** ထံမှ ကျွန်တော်၊ ကျွန်မတို့က အပြီးအပိုင် ဝယ်ယူရန် စရံငွေ ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးဇော်အောင် ဆက်သွယ်ရန်-၀၉၂၅၄၉၀၅၈၇၄ ၊ ၀၉၇၅၇၅၃၈၅၁၈

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀/တောင်ရပ်ကွက်)၊ ရတနာပုံ(၈)လမ်း၊ တိုက်(၆၅၄)၊ အခန်း(၀၀၂)၊ မြေညီထပ်နေ ဒေါ်နေနွယ်ဦး [၁၂/သကတ(နိုင်) ၁၆၁၀၉၆]သည် "nno" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်အဖြစ် စာချုပ်မှတ်ပုံတင်အမှတ် (၁၅၈၄/၂၀၂၁)ဖြင့် (၁၇-၆-၂၀၂၁)နေ့တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

nno beauty products

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အမျိုးသား/ အမျိုးသမီး မျက်နှာသစ်ဆပ်ပြာအမျိုးမျိုး၊ ရေချိုးဆပ်ပြာ၊ ဆပ်ပြာအဆီ၊ ဆေးဆပ်ပြာ၊ သဘာဝအပင်မှရရှိသော ဆေးဖက်ဝင်အပင်များဖြင့်ပြုလုပ်သော ဆပ်ပြာအမျိုးမျိုး၊ Hand Sanitizer အမျိုးမျိုး၊ လက်ဆေးဆပ်ပြာအရည်နှင့် အစရှိသည့် **အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့တွင်** "nno" Trademark၊ Tradename အဖြစ် မြန်မာနိုင်ငံတွင် ထုတ်လုပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်၏တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ မှိုင်းမြင်တုပ၍ ပြုလုပ် သုံးစွဲခြင်းမပြုလုပ်ပါရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း (၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊ (၁၁၀)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်။ ဖုန်း- ၀၉- ၅၅၀၅၄၈၂**

## ဂရန်မူရင်းနှင့်စာချုပ်မူရင်းများပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရွှေပေါက်ကံစက်မှုဇုန်(၁၉/၁)၊ မြေကွက်အမှတ်(၃၇၅)၊ ကနောင်လမ်းမကြီး၊ အကျယ်အဝန်း(၂၂၁၃၄) စတုရန်းပေ၊ ဧရိယာ(၀.၅၀၈)ဧကရှိ ကျွန်တော် ဦးစန်းဦးအမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းနှင့်တကွ စာချုပ်မူရင်းများသည် ခရီးသွားရင်း လမ်းတွင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးစန်းဦး[၁၂/ဥကတ(နိုင်)၁၆၉၅၃၀] ဖုန်း-၀၉-၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ လူနေရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၁၀၆၈)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၆၈)၊ မဟာဗန္ဓုလလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေခဲ့ပြီးဖြစ်ရာ ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်နီလာမောင်** | **ဦးမင်းဆွေ** |
| **(စဉ်-၃၇၂၄၁/၁၁)** | **(စဉ်-၂၀၂၁/၈၁)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၈၃/၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၉၆၃၇၈၊ ၀၉-၉၇၅၁၉၆၃၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ဦးရာဇာတ်လမ်း၊ မြေကွက်အမှတ်(၈၅၇)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀ပေ ၈ လက်မx၆၀ပေ)၊ (၀.၀၅၆)ဧက အကျယ်အဝန်းရှိ ဦးကျော်ဝေ၊ ဒေါ်သက်သက်ဟန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်အနက်မှ မြေအလျားxအနံ(၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်သီတာ[၇/လပတ(နိုင်)၀၈၂၇၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင်ဆွေ[၁၂/မရက(နိုင်) ၁၃၇၃၈၅]က ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိရှုပရွှေစင်မြင့် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၁၈၅၄/၂၀၁၉)**
**အမှတ်(၉၈၂)၊ ပဒုမ္မာလမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ +၉၅၉၉၇၅၅၈၇၀၁၉၊ +၉၅၉၄၃၁၂၅၀၀၀၊ +၉၅၉၇၅၆၄၅၀၀၀၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ် ဦးဝင်းဌေး [၁၂/ဒလန(နိုင်)၀၀၄၀၁၀]၏ သမီး မဆုဥမ္မာဝင်း [၁၂/ဒလန(နိုင်)၀၇၂၁၃၅]သည် မိဘများ၏ဆိုဆုံးမမှုများကို နားထောင်မှု မရှိဘဲပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပြီး မိဘများ၏ ပစ္စည်း၊ ဥစ္စာ၊ ဓနများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြုလုပ်လာပါက နည်းဥပဒေနှင့်အညီ တရားဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဖခင်- ဦးဝင်းဌေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀ -၂၀၀၀-၂၂၆၀၀၀) ရာထူး (၇)နေရာအတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | ဒုတိယဦးစီးမှူး | ၇ နေရာ | ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ယဉ်ကျေးမှု တက္ကသိုလ်မှ ဒီပလိုမာရရှိထားသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ၂၀-၇-၂၀၂၂ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) အိမ်ထောင် ရှိ/မရှိ
(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတွင် ကြေညာထားမည်ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များပြည့်စုံစွာ(ပူးတွဲ)ပါရှိရမည်-

(က) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)
(ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း (လွန်ခဲ့သောတစ်လအတွင်း)
(ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း
(ဆ) စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း
(ဇ) ပတ်စ်ပို့ဓာတ်ပုံ (၃) ပုံ (လွန်ခဲ့သောခြောက်လခန့်) (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ လစ်လပ်ရာထူးနေရာများအတွက် လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၆။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် (MD-013545)သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာများကို (၂၀-၇-၂၀၂၂)ရက်ထိ ရုံးချိန်အတွင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ဤရုံးတွင် စာမေးပွဲလာရောက်ဖြေဆိုရမည် ဖြစ်ပါသည်။

၈။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်ရာ၌ ကပြခြင်း၊ သီဆိုခြင်းနှင့် တီးခတ်ခြင်းများကိုပါ လက်တွေ့စစ်ဆေးသွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့် နေ့ရက်နှင့် နေရာကို ၂၆-၇-၂၀၂၂ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ဦးစီးဌာန ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၂)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ


၁၁။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၃၁၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးလမင်းတစ်ရာနှင့် ကျွန်မ ဒေါ်ဆုမြင့်ဝင်းတို့သည် Hsu Myint Win နှင့် La Min လူမှုကွန်ရက်မှ တစ်ဆင့် ဦးတင်အောင်ချိုနှင့်တကွ ဦးတင်အောင်ချိုနှင့် ပတ်သက်သောမိတ်ဆွေများ၏ ဓာတ်ပုံများကို အသုံးပြုကာ သတင်းအချက်အလက်အမှားများအား ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ခြင်းကြောင့် ဦးတင်အောင်ချို၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေခဲ့ခြင်းအတွက် အနူးအညွတ်တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလမင်းတစ်ရာ၊ ဒေါ်ဆုမြင့်ဝင်း**

# ကမ္ဘာပေါ်ရှိ ထိုင်းတော်ရကျောင်းသင်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း

















## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ကြည်း-၆၁၉၄၊ O.T.S(၆)**

### ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်

**စစ်ရေးချုပ်(ငြိမ်း)၊**

**လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၂၁)နေ ဒေါ်နီနီကျော်၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂-၇-၂၀၂၂ (သောကြာနေ့) နံနက် ၁:၂၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း**

## ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)

**ကြည်း- ၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်-(၈)**

**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ (၉)မိုင်၊ အမှတ် (၁၂/အေ)နေ (ဦးကျန်ဘိ-ဒေါ်ဘီး) တို့၏ဒုတိယသား၊ ဒေါ်ခင်ခင်သန်း၏ခင်ပွန်း၊ ဒေါက်တာသူရ ဒေါက်တာညီညီကျော် (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)- ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဦးမြတ်စိုးဝင်း-နော်အေးအေးမြတ်၊ ဦးအောင်သန်းထွေးဝင်း-ဒေါ်နန့်လွင်လွင်သန်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုး၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ (စနေနေ့) ညနေ ၃:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မေရီတင်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ အမှတ်(၂၀)နေ ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)၏ ချစ်လှစွာသော ဇနီး ဒေါ်မေရီတင်သည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**

**ကြည်း- ၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်-(၈)**

**အသက် (၈၉)နှစ်**

ဒေါက်တာညီညီကျော် (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) - ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန) တို့၏ ဖခင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ (စနေနေ့) ညနေ ၃:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်တောဦးစီးဌာနဝန်ထမ်းမိသားစုများ**
**ဦးစီးရုံးချုပ်၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**

**ကြည်း- ၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်-(၈)**

**အသက် (၈၉)နှစ်**

ဒေါက်တာညီညီကျော် (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) - ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန) တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ (စနေနေ့) ညနေ ၃:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)**

**ကြည်း- ၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်-(၈)**

**အသက် (၈၉)နှစ်**

ဒေါက်တာညီညီကျော် (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) - ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန) တို့၏ ဖခင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)သည် ၃-၇-၂၀၂၂ (စနေနေ့) ညနေ ၃:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ဦး

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၇၁)နှစ်**

၃-၇-၂၀၂၂ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားသော ဦးတင်ဦး ညွှန်ကြားရေးမှူး(ငြိမ်း)အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဇလဗေဒဌာနခွဲမိသားစု**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းအောင်

**အသက်(၈၃)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း) အခြေခံပညာဦးစီးဌာန**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်း၊ တာဝါအမှတ်(၁၆၁)နေ ဒေါ်ခင်ဝင်းသော် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ ထ-၁၊ ဗဟန်း) ၏ခင်ပွန်း၊ ဦးသက်ထွန်း အောင်-ဒေါ်ဝင်းမာထွန်း(Manager, MEHPCL)၊ ဦးအောင်သီဟ (ညွှန်ကြားရေးမှူး၊ လဝက)-ဒေါက်တာဇင်မာထွန်း၊ ဗိုလ်မှူးကျော်ဝင်းထွန်း (OG) (၅/၃၀၀ တပ်မတော်ဆေးရုံ)၊ ဒေါက်တာဘုန်းစည်ဟိန်း(APLMA,S'PORE)-ဒေါက်တာခင်ချောကို (ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးထွန်းအောင်သည် ၃-၇-၂၀၂၂(စနေနေ့) နံနက် ၂:၄၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်သိန်း(ခ)ဦးညီပု(ကျောက်ဖြူ)

**အသက်(၈၅)နှစ်**

ကျောက်ဖြူမြို့၊ အနောက်ပိုင်း ပိုက်ဆိပ်ရပ်ကွက်နေ (ဦးစောလှအောင်-ဒေါ်မညွှန့်)တို့၏သား၊ (ဦးရွှေဖြူ-ဒေါ်စိန်မြနု)တို့၏ သားသမက်၊ [ဒေါ်အေးကြည် (သူနာပြုဆရာမ)]၊ ဒေါ်တင်တင်၏ ခင်ပွန်း၊ (ဦးအောင်ညွှန့်-ဒေါ်အေးကြိုင်)၊ (ဦးကျော်ညွန့်-ဒေါ်သန်းရီ)၊ ဒေါ်လှညွှန့်တို့၏ညီ/မောင်၊ (ဦးကျော်တင့်)-ဆရာမကြီး ဒေါ်ချို၊ ဦးမျိုးကျော်-ဒေါ်ခင်လေးညွှန့်၊ (ဒေါ်မြင့်မြင့်ကြည်)၊ ဦးမျိုးသိန်း- ဒေါ်ခင်စန်းဝင်း၊ ဦးမျိုးအေး-ဒေါက်တာခင်သန္တာကျော်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးကျော်သိန်း(ခ)ဦးညီပုသည် ၉-၆-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀:၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ တောင်ပုလုကျောင်းတိုက်၌ တစ်လပြည့်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးအောင်သန်း

**ဆောက်လုပ်ရေး(ငြိမ်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၆)လမ်း၊ အမှတ်(၃၆၅)နေ (ဦးကျော်ရှိန်-ဒေါ်သင်းကြည်)တို့၏သား၊ (ဒေါ်သန်းညွှန့်) ၏ခင်ပွန်း၊ (ဦးကျော်မြင့်-ဒေါ်သန်းသန်း)၊ (ဦးတင်မြင့်)-ဒေါ်ထွေးရီတို့၏ မောင်၊ ဒေါ်ကျင်မြ (ပြည်တွင်းကုန်တင်ကုန်ချ-ငြိမ်း)၊ (ဦးစောထွဋ်-ဒေါ်တင် အောင်ဝင်း)၊ ဒေါ်လှမြင့် (အမက-၂၅၊ ငြိမ်း)တို့၏အစ်ကို၊ ဦးကျော်ထွန်း-ဒေါ်ခင်မိုးအေး၊ ဦးသိန်းဇော်ဝင်း-ဒေါ်အေးအေးမော်၊ ဦးကျော်စိုးသိန်း-ဒေါ်ခင်ခင်ရီ၊ ဦးထွန်းလှ-ဒေါ်သဲသဲမာ၊ မနေဇာမိုးတို့၏မွေးသဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၅ နာရီတွင် ချမ်းမြေ့အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာကြီးဦးစွန်တီ

**ပါမောက္ခဌာနမှူး၊ သင်္ချာဌာန၊**

**မကွေးဒီဂရီကောလိပ်(ငြိမ်း)**

**ကျောင်းအုပ်ကြီး၊ လုပ်သားများကောလိပ်ရန်ကုန်(ငြိမ်း)**

**အသက်(၈၁)နှစ်**

မကွေးကောလိပ်၊ မကွေးဒီဂရီကောလိပ်၊ မကွေးတက္ကသိုလ် သင်္ချာဘာသာရပ် (အဓိက) ကျောင်းသား/ကျောင်းသူများ၏ ကန်တော့ခံကျေးဇူးရှင် ဆရာကြီးဦးစွန်တီသည် ၂၈-၆-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကွေးကောလိပ်/ ဒီဂရီကောလိပ်/ တက္ကသိုလ်**
**သင်္ချာဘာသာရပ် (အဓိက)ကျောင်းသား/သူများ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက**

**အကယ်ဒမီများရှင် သရုပ်ဆောင်/ဒါရိုက်တာ**

### ဦးညွန့်ဝင်း

**အသက်(၈၂)နှစ်**

အနုပညာထူးချွန်လွန်းသူ တစ်ဦးမို့ အထူးပဲ ဝမ်းနည်းကြေကွဲရပါတယ်။

မောင်ညွန့်ဝင်း ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

**ဗိုလ်ကလေးတင့်အောင်**

## ရဟန်းဒါယိကာမကြီး

### ဒေါ်သောင်းခင် (အသက် ၉၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လဟာရက်ကျေးရွာနေ (ဦးထွန်းငြိမ်း-ဒေါ်ချစ်) တို့၏သမီး ၊ ရန်ကုန်မြို့ ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ၊ ကန်သာယာ (၅)လမ်း ၊အမှတ် ၃၃၄(A)နေ (ဦးကျော်ထူး)၏ဇနီး၊ (ဦးမြင့်အောင်)-ဒေါ်သန်းသန်းအေး၊ဒေါ်ဆွေဆွေအောင် [အ.ထ.က-၁ဒေါပုံ(ငြိမ်း)]- ဦးကျော်လင်း (ရာကျော်နည်းပြ)၊ (ဦးတင့်အောင်)၊ ဦးခင်အောင် -ဒေါ်မြင့်မြင့်ကြည်၊ဦးချစ်အောင်-ဒေါ်ခင်နှင်းယု၊ (ဦးကျော်အောင်)၊ ဦးလွင်အောင်-ဒေါ်ခင်လေးနွယ်၊ ဒေါ်ချိုချိုအောင် (ဒုတိုင်းဒေသကြီးဥပဒေအရာရှိ) ရန်ကုန်တိုင်းဥပဒေချုပ်ရုံး၏ မွေးသမိခင် ဒေါ်သောင်းခင် (၉၇) နှစ်သည် ၃.၇.၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၅.၇.၂၀၂၂ ရက် နံနက် (၁၁) နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၉.၇.၂၀၂၂ ရက် သောကြာနေ့တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် (၁၀)နာရီတွင် ထွက်ပါမည်ဖြစ်ပါကြောင်း)

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းသန်းစိုး

**အသက် (၅၆)နှစ်**

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးကြီးအေးစိုး၏ဇနီး၊ မမိုးချမ်းမြေ့ခင်၏မိခင် ဒေါ်သန်းသန်းစိုးသည် ၃-၇-၂၀၂၂ရက် (စနေနေ့) နံနက် ၂:၀၃နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၅-၇-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၇၀၀)၊ ပြင်ဦးလွင်မြို့မှ (၈) မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသဟာ်ဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းဇော်

**(ပြည်-ပန်းတောင်း)**

**အငယ်တန်းလက်ထောက်(ရုံး)၊ ပင်မစက်ပြင်အလုပ်ရုံ(သစ်စက်)**

**အသက်(၅၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ဥဿျစ်ပင်မြို့နေ ဦးမြင့်သန်း - ဒေါ်သိန်းဆု တို့၏ သားကြီး၊ ဦးဝင်းကျော်-ဒေါ်စုမာ၊ ဦးတင်မိုး-ဒေါ်ဝင်းဝင်းအေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမောင်မောင်သိန်း)- ဒေါ်လွင်လွင်သိန်း တို့၏ သားသမက်၊ ဒေါ်လွင်သူဇာဦး (မြန်မာ့သစ်လုပ်ငန်း အင်/ယာဌာန-ရုံးချုပ်)၏ ခင်ပွန်း သည် ၂-၇-၂၀၂၂ (သောကြာနေ့) ညနေ ၆:၂၅နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄-၇-၂၀၂၂(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးဖြိုးပိုင်စန်းလွင်

**(ကြည်း/၅၆၇၄၆) DSA-(၅၂)**

**ခလရ-၄၅**

**အသက်(၃၁)နှစ်**

မိတ္ထီလာမြို့၊ ဝါ/သုတိုးချဲ့ရပ်နေ ရဲမှူးကြီးရဲသီဟစန်းလွင်-ဒေါ်ကြည်မာမြင့်တို့၏သားငယ်၊ ဗိုလ်ကြီးဆန်းမင်းထွန်း-ဒေါ်သဇင်စန်းလွင်၊ ဦးသက်ပိုင်စန်းလွင်-ဒေါ်ဟန်နီလင်းလင်း(ခေတ္တ-ဂျပန်) တို့၏မောင်/ညီ၊ မနွေးဝင့်ဝင့်လွင်၏အစ်ကို၊ မောင်ဇွဲလမင်းထွန်း၊ မဟန်စုသာတို့၏ဦးလေး ဗိုလ်ကြီးဖြိုးပိုင်စန်းလွင်သည် ၂-၇-၂၀၂၂ရက် ညနေ ၆:၃၀ နာရီတွင် မိတ္ထီလာ တပ်မတော်ဆေးရုံခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ ရက်တွင် မိတ္ထီလာမြို့တပ်မတော်သင်္ချိုင်း၌ သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရန်ကုန်မြို့ Waterboom အပန်းဖြေစခန်းကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်



ရန်ကုန်မြို့ ဒေါပုံမြို့နယ်အတွင်းရှိ Yangon Waterboom အပန်းဖြေစခန်းကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၃

ပြည်သူအများ စိတ်အပန်းဖြေစေနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သော ရန်ကုန်မြို့ ဒေါပုံမြို့နယ် ရွှေခင်းသာမြို့ပတ်လမ်းရှိ Waterboom အပန်းဖြေစခန်းကို တစ်နှစ်ကျော်ကြာ ယာယီရပ်နားထားရာမှ ယခုအခါ လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ပြီးခဲ့သောရက်သတ္တတစ်ပတ်အတွင်းမှစတင်ကာ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း Yangon Waterboom အပန်းဖြေစခန်းတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

**ကြေးမုံ ယနေ့ ဖတ်စရာ**


**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်** စာမျက်နှာ » ၁၄

**လောကကြီးက ဘယ်သူ့ကိုမှ မျက်နှာမလိုက်ပါဘူး** စာမျက်နှာ » ၂၀

**ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ** စာမျက်နှာ » ၂၃


## အထူးကဏ္ဍအချပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်း အထူးကဏ္ဍအချပ်ပို ၄ မျက်နှာနှင့် လေ့လာစရာ အင်္ဂလိပ်စာ အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာ စုစုပေါင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးရုံများ၊ ကန့်သတ်စောင့်ကြည့်စခန်းများမှ ထွက်ရှိသော အမှိုက်တန်ချိန် ၅၄၆ တန်ကျော် မီးရှို့ဖျက်ဆီး



ရန်ကုန် ဇူလိုင် ၃

ကိုဗစ်-၁၉ ရောဂါကုသရေးဆေးရုံများ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများနှင့် Quarantine ဝင်ရောက်နိုင်သည့် ဟိုတယ်များမှထွက်ရှိသော အမှိုက်များသိမ်းဆည်းဖျက်ဆီးခြင်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ(YWTEP)၌ ယနေ့အထိ စုစုပေါင်းအမှိုက်တန်ချိန် ၅၄၆ ဒသမ ၂၅၆ တန်အား မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ရန်ကုန်မြို့တော်ဧရိယာအတွင်း လက်ရှိဖြစ်ပွားနေသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါကြောင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးရုံများ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများနှင့် Quarantine ဝင်ရောက်နိုင်သည့် ဟိုတယ်များမှ အမှိုက်များအား သိမ်းဆည်း၊ သယ်ယူ၊ ဖျက်ဆီးခြင်းများအပါအဝင် ရောဂါကြောင့်သေဆုံးသူများအား သင်္ဂြိုဟ်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်းနေရာ ၃၀ မှ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

# မျိုးဆက်သစ်ပျိုးခင်း

ကြေးမုံ
အထူးဂျာနယ်

ဇူလိုင် ၄၊ ၂၀၂၁
(တနင်္ဂနွေနေ့)


ဝတ္ထုတို


မင်းသူရိန်(သာကီနွယ်)





(၁)

အရွာမတိတ်နိုင်သေးသော မိုးရေစက်များကို ကြည့်ရင်း သက်ပြင်းချလိုက်မိသည်။ နာရီကို ကြည့်လိုက်တော့ ညနေ ၆ နာရီထိုးတော့မည်။ ယခင်ရက်များတွင်တော့ သိပ်စိတ်မပူပေမယ့် ယခုလို လကုန်ရက်မျိုးတွင်တော့ သူ ပို၍စိတ်ပူမိသည်။

"အမေ သမီး ကန်စွန်းရွက်ကြော်ပြီးသွားပြီ.. ဘာလုပ်ထားရဦးမလဲ.."

အိမ်နောက်ဖေးမှ သမီးကြီးနွယ်နီက လှမ်း၍ မေးလိုက်ခြင်းဖြစ်သည်။ အသက် ၁၄ နှစ် ရှစ်တန်း ပင်ရှိသေးသော်လည်း အိမ်မှုကိစ္စအားလုံးကို မျက်နှာလွှဲစိတ်ချရသူဖြစ်သည်။

"အေး..ကြောင်အိမ်ထဲမှာ ဘဲဥသုံးလုံးရှိတယ်။ ကြက်သွန်လေးပါးပါးလှီးပြီး ကြော်ထားလိုက်..ဒါနဲ့ အငယ်ကောင်ရွှေတိုးရော.."

"အမေ့သားက မိုးရေချိုးဘောလုံးကန်ပြီး အခုမှ ပြန်ရောက်တာ ရေချိုးနေတယ်အမေ.."

"အေး..အေး..မြန်မြန်ချိုးခိုင်းလိုက် အအေးပတ်ဦးမယ်.."

"ဟုတ်ကဲ့အမေ"

ပြောသာပြောနေရသည်။ သူ၏ စိတ်တွေက အလုပ်မှပြန်မလာသေးသော ခင်ပွန်းသည် ကိုထွန်းဦး ဆီသာ ရောက်နေသည်။ လကုန်လျှင် မူးပြီး ပြဿနာ တစ်ခုမဟုတ် တစ်ခုဖြင့် ပြန်ရောက်လာတတ်သော ကြောင့် စိတ်ပူနေရခြင်းဖြစ်သည်။ လူကို စိတ်ပူသည် ထက် ငွေကိုပို၍ စိတ်ပူသည်ဟုပြောလျှင် ပို၍ မှန်လိမ့်မည်။ လစာအပြည့်မရသည်မှာလည်း အတော်ကြာပြီဖြစ်သည်။ အကြောင်းတစ်ခုခုပြပြီး လစာသုံးသောင်း၊ လေးသောင်းလောက်လျှော့ပေး တတ်မြဲဖြစ်သည်။ ကိုထွန်းဦးသည် လစာနှစ်သိန်းခန့် သာရရှိပြီး သူ၏လစာဖြင့်ပင် မိသားစုရပ်တည်နေရ သည်။ သူကလည်း အိမ်တွင် အဝတ်ငှားလျှော်ရင်းဖြင့် နိုင်သလောက် အိမ်စရိတ်ကိုရှာခဲ့သည်။ မည်သို့ပင် ဆိုစေ ယောက်ျားဖြစ်သူ၏ လစာကို အပြည့်အဝ လိုချင်သည်မှာ အိမ်ထောင်ရှင်မိန်းမတိုင်း၏ ဆန္ဒပင်ဖြစ်သည်။

အပေါက်ဝမှ ထိုင်မျှော်နေသည်မှာ မည်မျှ ကြာသွားသည်ပင်မသိ။ နာရီကတော့ ည ၇ နာရီထိုးဖို့ ၁၅ မိနစ်သာလိုတော့သည်။

"အမေ..သား ဗိုက်ဆာပြီ.."

သားငယ်ဖြစ်သူ ရွှေတိုးက အနားသို့လာရောက် ပြောခြင်းဖြစ်သည်။ အကြီးမ နွယ်နီကတော့ စာထိုင် ကျက်နေသည်။

"သမီးရေ..သမီးမောင်လေး ဗိုက်ဆာနေပြီတဲ့ သမီးတို့တစ်ခါတည်း စားရင်စားလိုက်တော့.."

"အမေလည်း တစ်ခါတည်းစားလေ အဖေက ပြန်လာရင် စားတော့တာလည်းမဟုတ်ဘဲ သိလျက် သားနဲ့.."

"အမေ မဆာသေးလို့ပါ..သမီးတို့စားထားနှင့်.."

သမီးကြီးက အကြောင်းသိစွာပြောသော်လည်း သူကိုယ်တိုင် စားချင်စိတ်မပေါ်သောကြောင့် ကြည့်ကောင်းအောင် ပြောလိုက်သည်။ မိုးပင်အရွာ တိတ်သွားပြီဖြစ်သည်။ ကိုထွန်းဦးကတော့ ခုထိ ပြန်မလာသေး။ ထမင်းစားနေသော သမီးနှင့်သားကို ကြည့်နေရင်း ခေါင်းကမိုက်ခနဲဖြစ်လာ၍ ခေါင်းအုံး ယူပြီး အိမ်ရှေ့တွင် ခဏလှဲလိုက်သည်။ သည်လိုနှင့် ပင် တစ်နေကုန် အဝတ်လျှော်ထားသော ပင်ပန်းမှု ကြောင့် သူအိပ်ပျော်သွားခဲ့ရတော့သည်။

(၂)

"ခင်နှင်းရေ..မိန်းမ...ခင်နှင်း.."

အိမ်ရှေ့မှခေါ်သံကြောင့် ကမန်းကတန်းထရင်း တံခါးဖွင့်ပေးလိုက်သည်။ တံခါးဖွင့်စဉ်မှာပင် နှာခေါင်းထဲသို့တိုးဝင်လာသော အရက်နံ့ကို ဆိုးရွားစွာ ရလိုက်သည်။

"တော်..ဒီအရည်တွေ သောက်လာပြန်ပြီမလား.."

"မိန်းမကလည်းကွာ..လကုန်ရက်လေး တစ်ခါ တလေပါကွာ..အေ့.."

မူးနေသောအသံဖြင့် ပြောနေခြင်းဖြစ်သည်။ ကိုထွန်းဦးကတော့ သူဒေါသထွက်နေသည်ကိုပင် မသိဘဲ အိမ်ရှေ့ဘုရားစင်အောက်ရှေ့တွင် လှဲချပစ် လိုက်သည်။

"ကဲ..လှဲတော်မမူနေနဲ့ဦး တစ်ခါတည်း အိပ်မယ် ဆိုရင်လည်း အခန်းထဲသွား ဘုရားစင်ရှေ့တော့ မအိပ်နဲ့..ဒါနဲ့..ဘယ်မှာလဲလစာ.."

သူ့စကားကြောင့် ကိုထွန်းဦးသည် လှဲနေရာမှ ထလိုက်ပြီး အင်္ကျီအိတ်ထဲမှ သားရေကွင်းဖြင့် စည်းထားသော ပိုက်ဆံလိပ်လေးကို ထုတ်ပေးလိုက် သည်။ သူလည်း ကမန်းကတန်းယူလိုက်ပြီး ပိုက်ဆံ တွေကို ရေတွက်လိုက်သည်။

"ဟင်..တစ်သိန်းခုနစ်သောင်းခွဲထဲ...ကျန်တဲ့ နှစ်သောင်းခွဲက ယောက်ဖတွေကို အရက်နဲ့ကန်တော့ လိုက်ပြန်ပြီလား"

"ဟာ.. မိန်းမရာ.. နင်ကလေ.. မြင်မြင်သမျှ အကုန်လိုချင်နေတာပဲ..ငါလည်း အလုပ်မှာ ပြဿနာ လေးတစ်ခုရှိလို့ ပိုက်ဆံစိုက်ခဲ့ရလို့ပါဟာ.."

"ရှင့်ပြဿနာတွေက ဒီတစ်သက် ပြီးရောပြီးဦး မှာလား။ အခု သမီးကြီးက ရှစ်တန်း၊ သားငယ်က ခြောက်တန်းရောက်နေပြီလေ။ ကျောင်းစရိတ်တွေ ရော အိမ်စရိတ်တွေရော ရှင်ပေးတာနဲ့ လောက်တယ် ထင်နေလား.."

"ငါလည်း ရသမျှအကုန်အပ်နေတာပဲ မိန်းမရာ.. အလုပ်က အရင်လိုအဆင်မပြေဘူး။ ဒါကြောင့် စိတ်ထွက်ပေါက်အနေနဲ့ တစ်ခါတလေသောက်မိ တာပါကွာ.."

"ဘာ..ထွက်ပေါက်..ဟုတ်လား..အဲဒါဆို ရှင့်မှာ မိသားစုဆိုတဲ့စိတ်လေးထည့်ပြီး အဲဒီထွက်ပေါက်အလွဲ တွေကို တခြားတစ်ခုခုနဲ့ အစားထိုးလိုက်ပါလား။ အခု လို သောက်တော့ရော ရှင့်စိတ်တွေပြေသွားရောလား.."

"အေးပါကွာ.. မင်းကလည်း နားညည်းလိုက် တာ..အိပ်တော့မယ်.."

ကိုထွန်းဦးသည် ပြောရင်းဖြင့် အခန်းထဲသို့ ဝင်သွားတော့သည်။ သူကတော့ အတွေးများစွာကို ပိုက်ထွေးရင်းကျန်ခဲ့ရတော့သည်။

(၃)

"အဖေ..ထ..ထ..ခုနစ်နာရီထိုးတော့မယ်.."

"ဩော် အေး..အေး..."

သားဖြစ်သူက နှိုးသောကြောင့် အိပ်ရာမှ ကမန်း ကတန်းထနေသော ကိုထွန်းဦးကိုကြည့်ရင်း စိတ်မကောင်းဖြစ်သည်ကတော့ အမှန်။ အရက် သောက်တတ်တာလေးတစ်ခုကလွဲရင် မိသားစု အပေါ် တာဝန်ကျေရုံသာမက အပေါင်းအသင်း သူငယ်ချင်းတွေကိုပါ ကူညီတတ်သူဖြစ်သည်။ အားနာ၍ ကူညီခဲ့ခြင်းတွေက မိသားစုအပေါ် တာဝန်ကျေမှု လျော့နည်းစေခဲ့သလိုဖြစ်သည်။ အရက် ကလည်း အမြဲတစေ သောက်တတ်သည်တော့မဟုတ်။ လကုန်ရက်တွင်တော့ ပုံမှန်သောက်ဖြစ်သည်။

ထို့ကြောင့်ပင် စိတ်ပူနေရခြင်းဖြစ်သည်။ သားငယ်ရွှေတိုးက အဖေကို အလွန်ချစ်သူမို့ ကိုထွန်းဦး မျက်နှာသစ်ရာနောက်သို့ လိုက်သွားသည်။

"အမေ... သမီး ထမင်းအိုးတည်ပြီးပြီ..ဒီနေ့ ကျောင်းမှာ စာအုပ်ဖိုးတစ်ထောင်ပေးရမယ်အမေ"

"အေး..အေး..ကျောင်းသွားရင် အမေပေးမယ်"

"ဟုတ်ကဲ့ အမေ"

လိမ္မာရေးခြားရှိသော သမီးကြီးကြောင့် စိတ် ကျေနပ်ရသည်ကတော့အမှန်။ ကိုထွန်းဦးကလည်း သမီးနှင့်သားကို အလွန်ချစ်ရှာပါသည်။ သို့သော် ဘာမဟုတ်တဲ့အရာလေးတစ်ခုကြောင့် ကလေးတွေ ကိုထွန်းဦးအပေါ် အထင်လွဲသွားမှာ မလိုလားပါ။

ခဏကြာ ကိုထွန်းဦး အိမ်ပေါ်သို့ မျက်နှာမသာ မယာဖြင့် ပြန်တက်လာသည်။

"မိန်းမ..စကားပြောမလို့ အခန်းထဲခဏလိုက်ခဲ့ဦး"

ကိုထွန်းဦးက ခေါ်သောကြောင့် ခြွေလက်စ ကန်စွန်းရွက်တွေကို သမီးထံပေးလိုက်ရင်း လိုက်သွားလိုက်သည်။

"ကဲ..ကိုထွန်းဦး..ဘာပြောမလို့လဲ..ဟင်..ရှင်.. ရှင်..ငိုနေတယ်"

ကိုထွန်းဦး မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျ နေသောကြောင့် အံ့အားသင့်သွားခဲ့ရသလို ရင်တွေ ပါတုန်ခဲ့ရသည်။

"ငါတောင်းပန်ပါတယ် မိန်းမရာ..ငါတောင်းပန် ပါတယ်"

"ရှင်ဘာဖြစ်နေတာလဲ ကျွန်မကို ပြောလေ ကျွန်မစိတ်ပူလာပြီ"

"ငါထွက်ပေါက်အနေနဲ့ ရွေးချယ်မှုမှားသွား ခဲ့ပြီ။ ငါကတိပေးပါတယ် ငါနောက်နေ့ကစ အရက် မသောက်တော့ပါဘူးကွာ.."

"ရှင် ဘာဖြစ်နေတာလဲ ကျွန်မ နားမလည်တော့ ဘူး။ ကျွန်မကို ပြောပါဦး"

"ထွက်ပေါက်ရှာရာကနေ ထွက်ပေါက်ပိတ်တဲ့ အဖြစ်မျိုး ငါအဖြစ်မခံနိုင်တော့ဘူး။ ခုနက ငါ့ကို သားက ဘာလာပြောတယ်ထင်လဲ"

"သားက ဘာပြောလို့လဲ"

"သားက ငါ့ကို အဖေ အရက်မသောက်ပါနဲ့လား တဲ့။ အဖေသောက်ချင်တယ်ဆိုရင် အိမ်မှာပဲ သောက်ပါလားတဲ့။ သူဝယ်ပေးမယ်တဲ့"

"ဟင်"

"ဟုတ်တယ်..ဘာလို့လဲဆိုတော့ အဖေ အရက် သောက်တာ သူများတွေမသိစေချင်လို့တဲ့။ အိမ်က လူတွေသိတာဘာမှမဖြစ်ဘူးတဲ့။ တခြားလူတွေသိပြီး အရက်သမားလို့ထင်သွားမှာ သူကြောက်လို့တဲ့"

ကိုထွန်းဦး စကားကြောင့် သူမျက်ရည်များပင် စီးကျလာခဲ့ရသည်။ ထို့အတူ ကိုထွန်းဦး တကယ်ခံစား ပြီးပြောနေမှန်း အကွက်ငြင်းမဲ့ ယုံကြည်ပါသည်။ တစ်ခါ တစ်ရံ ရွေးချယ်မှုမှားခဲ့သော ထွက်ပေါက်တချို့သည် မထင်မှတ်သော အကြောင်းတရားတွေဖြစ်လာတတ် တယ်ဆိုတာကို ကောင်းကောင်းကြီး လက်ခံလို့ရသွား ပြီဖြစ်သည်။ သူတို့မိသားစု၏ အရေးကြီးဆုံး မဏ္ဍိုင်ကြီးဆီက အမျှော်လင့်ထားဆုံး စကားတွေ ကြားရသည်မို့ ပြောမပြနိုင်သောပီတိတွေသည် သူ၏ ရင်အစုံမှာ လှပစွာစီးဆင်းနေသည်။

"ငါကတိပေးပါတယ်ဟာ..ငါ အဲဒီအရက်ကြောင့် ထွက်ပေါက်အပိတ်မခံနိုင်တော့ဘူး။ ငါ့မိသားစု အတွက် ငါကြည့်ပြီး ကြိုးစားသွားမယ်။ အဲဒီအရက်ကို လည်း နောက်နောင် ဘယ်တော့မှ မသောက်တော့ ဘူးလို့ ကတိပေးပါတယ် ငါ့ကိုယုံပါ ခင်နှင်းရာ.."

"ကျွန်မ ယုံပါတယ် ကိုထွန်းဦးရယ်..ကျွန်မ ကျေနပ်ပါတယ်.."

မိသားစုတစ်ခုလုံးအတွက် ရွေးချယ်ဆုံးဖြတ် ပေးခဲ့သော ကိုထွန်းဦးအား ကျေးဇူးတင်မိပါသည်။ သူမျှော်လင့်ခဲ့သည့် နေ့ရက်လေး ရောက်ရှိလာပြီဖြစ် သည့်အတွက် အကျေနပ်ကြီး ကျေနပ်နေမိပါသည်။ မည်သို့ပင်ဆိုစေ သူရင်တစ်ခုလုံး နှစ်လိုဖွယ်ရှိသော ပီတိတွေဖြင့် လွှမ်းခြုံခဲ့ရတာကတော့ အမှန်ပင်ဖြစ်ပါ တော့သည်။ ။

ဆောင်းပါး

# နေတတ်ရင်ကျေနပ်စရာ

■ တက္ကသိုလ်မောင်နှင်းဝေ

"နေတတ်ရင်ကျေနပ်စရာ"တဲ့ မှန်ပါတယ်။ လောကကြီးထဲမှာ ကျွန်တော်တို့အားလုံးအနေတတ်ကြဖို့ အလွန့်အလွန်အရေးကြီးပါတယ်။ နေတတ်ရင် မင်္ဂလာ။ မနေတတ်ရင် အမင်္ဂလာ။ နေတတ်ရင် အရာရာတိုင်းဟာ ကျေနပ်စရာတွေချည်းပါ။ တကယ်တော့ လောကကြီးဟာ ကျေနပ်စရာတွေချည်းပါပဲ။ ကျွန်တော်တို့အားလုံးက မနေတတ်ကြလို့သာ ကျေနပ်စရာတွေက ရှောင်ပြေးနေကြတာပါ။ ဒီတော့ ကျွန်တော်တို့အားလုံး အနေတတ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်သွားကြဖို့လိုပါတယ်။ အနေတတ်ဖို့ ဘာတွေကျင့်ကြံကြိုးကုတ်အားထုတ်ကြရမလဲဆိုရင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ တရားဓမ္မတွေထဲက ကျွန်တော်တို့နဲ့ အနီးစပ်ဆုံးသော တရားဓမ္မတွေကို ကျင့်ကြံကြိုးကုတ်အားထုတ်ကြရပါမယ်။ အနီးစပ်ဆုံးတရားဆိုပေမယ့် အကျိုးထူးအကျိုးမြတ်တွေကတော့ အတူတူပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မြတ်ဗုဒ္ဓ၏တရားဓမ္မတိုင်းဟာ အလုံးစုံပြည့်စုံနေလို့ပါပဲ။ အနီးစပ်ဆုံးသော တရားဓမ္မလေးတွေကို ကြည့်လိုက်ကြရအောင်

၁။ လူမိုက်ကို အမြဲရှောင်ကြဉ်ရပါမည်။
၂။ ပညာရှိသူတော်ကောင်းကို ပေါင်းသင်းဆက်ဆံရပါမည်။
၃။ ပူဇော်ထိုက်သူကို ပူဇော်ရပါမည်။
၄။ သင့်လျော်သောအရပ်ဒေသ၌ နေထိုင်ရပါမည်။
၅။ ရှေးရှေးဘဝကပြုခဲ့ဖူးသော ကောင်းမှုအထူးရှိရပါမည်။
၆။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားရပါမည်။
၇။ အကြားအမြင်ဗဟုသုတရှိရပါမည်။
၈။ စက်မှုလက်မှုပညာ တတ်မြောက်ရပါမည်။
၉။ စည်းကမ်းကို လိုက်နာကျင့်သုံးရပါမည်။
၁၀။ စကားကို ကောင်းမွန်စွာပြောဆိုရပါမည်။
၁၁။ အမိကို ပြုစုလုပ်ကျွေးရပါမည်။
၁၂။ အဘကို ပြုစုလုပ်ကျွေးရပါမည်။
၁၃။ သား မယားကို ချီးမြှောက်ထောက်ပံ့ရပါမည်။
၁၄။ ရှုတ်ထွေးခြင်းကင်းအောင် အလုပ်လုပ်ရပါမည်။
၁၅။ ပေးကမ်းလှူဒါန်းရပါမည်။
၁၆။ သုစရိုက်တရားကို ကျင့်သုံးရပါမည်။
၁၇။ ဆွေမျိုးများကို ချီးမြှောက်ထောက်ပံ့ရပါမည်။
၁၈။ အပြစ်မရှိသောအလုပ်ကို လုပ်ရပါမည်။
၁၉။ မကောင်းမှုမှ ကိုယ်စိတ်နှစ်ပါး ရှောင်ကြဉ်ရပါမည်။
၂၀။ သေရည်အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ရပါမည်။
၂၁။ ကုသိုလ်တရားကို အမြဲသတိရနေရပါမည်။
၂၂။ ရိုသေထိုက်သူကို ရိုသေရပါမည်။
၂၃။ မိမိကိုယ်ကိုယ် နှိမ့်ချရပါမည်။
၂၄။ ရောင့်ရဲတင်းတိမ်ခြင်းရှိရပါမည်။
၂၅။ ကျေးဇူးတရားကို သိတတ်ရပါမည်။
၂၆။ သင့်လျော်သောအခါမှာ တရားနာခြင်းရှိရပါမည်။
၂၇။ သည်းခံခြင်းရှိရပါမည်။
၂၈။ ဆိုဆုံးမလွယ်ကူခြင်းရှိရပါမည်။
၂၉။ ရဟန်းတော်များကို ဖူးမြင်ရပါမည်။
၃၀။ တရားဆွေးနွေးခြင်းလုပ်ရပါမည်။
၃၁။ တပလို့ခေါ်တဲ့အကျင့်ကို ကျင့်ရပါမည်။
၃၂။ ဗြဟ္မစရိယအကျင့်ကို ကျင့်ရပါမည်။
၃၃။ အရိယသစ္စာတို့ကို သိမြင်ရပါမည်။
၃၄။ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းရှိရပါမည်။
၃၅။ လောကဓံတရားရှစ်ပါးနဲ့ တွေ့တဲ့အခါ စိတ်မတုန်လှုပ်ခြင်းရှိရပါမည်။
၃၆။ စိုးရိမ်ပူဆွေးမှုမှ ကင်းရပါမည်။
၃၇။ ရာဂစသောမြူများ ကင်းရပါမည်။
၃၈။ ဘေးရန်ကင်းရပါမည်။

မှန်ပါတယ်။ ဤ သုံးဆယ့်ရှစ်ဖြာသောမင်္ဂလာတရားတော်တွေဟာ ကျွန်တော်တို့အားလုံးအတွက် အနေတတ်ဖို့ ဗုဒ္ဓရှင်တော်ဘုရားကဟောကြားဆုံးမထားခဲ့တာပါ။ လောကမှာအချို့တွေက ငွေါဘဝကြီးက ကျေနပ်စရာကို မရှိဘူးကွာ၊ ငါ့ရဲ့အလုပ်က ကျေနပ်စရာကိုမရှိဘူးကွာ၊ ငါ့ရဲ့လစာက ကျေနပ်စရာကိုမရှိဘူးကွာ အစရှိသည်ဖြင့် ညီးတွားလေ့ရှိကြပါတယ်။ အဲဒီလိုညီးတွားကြတဲ့အခါ ဤသုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များကို ပြေးပြီးသတိရလိုက်ပါဟုသာဆိုချင်ပါတယ်။ တခဏချင်းဆိုသလို မိမိရဲ့ရှေ့မှောက်မှာ မြေကြီးလက်ခက်မလွဲ ကျေနပ်စရာတွေ တစ်ပုံတစ်ခန်း ရောက်ရှိလာပါလိမ့်မယ်။ နေတတ်ရင်ကျေနပ်စရာတွေ ပေါများသလောက် မနေတတ်ရင်တော့ ကျေနပ်စရာတွေက ပျောက်ဆုံးနေဦးမှာပါ။ ဒီတော့ ကျွန်တော်တို့အားလုံး နေတတ်စေချင်ပါတယ်။ "ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင်ရှိသေးလေလိမ့်လား၊ ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနှင့်ပြင်ရှိသေးလေလိမ့်လား၊ ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင်ရှိသေးလေလိမ့်လား"ဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီး ရေးသားဆုံးမထားခဲ့တဲ့ လင်္ကာလေးကို သတိချပ်စေချင်ပါတယ်။ မြတ်ဗုဒ္ဓက ကျွန်တော်တို့အားလုံးကို အနေတတ်ဖို့ တရားဓမ္မတွေ ဟောကြားထားခဲ့တာရှိပါလျက်နဲ့ မလိုက်နာ မကျင့်သုံးကြဘူးဆိုရင် လယ်တီဆရာတော်ဘုရားကြီး ရေးသားဆုံးမထားခဲ့သလို တို့ထက်မိုက်တဲ့သူ ဒီကမ္ဘာလောကမှာ ရှိနိုင်တော့မည်မဟုတ်ပါ။

နိဂုံးချုပ်အနေအားဖြင့်ဆိုရသော် ကျွန်တော်တို့အားလုံး ကျေနပ်စရာတွေကြီး ဖြစ်လာအောင်၊ ကျေနပ်စရာတွေကြီး မိမိတို့ဆီ အသီးသီးရောက်ရှိလာအောင် အထက်ပါပြဆိုခဲ့သော မင်္ဂလာတရားတော်များကို လက်ကိုင်ထားပြီး ကျင့်ကြံကြိုးကုတ်အားထုတ်သွားကြဖို့ အထူးပင်လိုအပ်လှပါကြောင်း စေတနာမွန်ဖြင့် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါတယ်။ ။

## ယဉ်ကျေးကြမည်

ဘုရားတရား မြတ်သံဃာ
နေ့စဉ် ရှိခိုးပါ။
ယဉ်ကျေးလိမ္မာ လူတော်လေး
ဖြစ်ဖို့ လေ့ကျင့်ပေး။
စာပေတတ်ရေး ကြိုးစားသင်
လောကအလှဆင်။
ပဲ့ထိန်းပြုပြင် ဆိုစကား
ပျားသို့ ချိုစေသား။
စာပေသင်ကြား ကျောင်းသို့ဝယ်
မှန်မှန်တက်ကြကွယ်။
တိုးတက်ဖို့ရယ် စည်းကမ်းရှိ
မှတ်သားသင်ယူသိ။
မိဘများ၏ စကားကို
နားထောင်မှတ်စေလို။
မြတ်ဆရာဆို ရိုသေကြ
လေးစားဩဝါဒ။

ဖြိုးထက်(ရေစကြို)

# ကိုးကွယ်ခြင်း ဟူသည်

■ ခိုင်ခန့်အောင်

ကျွန်တော်တို့ လူ့လောကကြီးတွင် ကြောက်စရာများ အမြောက်အမြားရှိသည့်နည်းတူ ရယူချင်စရာများလည်း အမြောက်အမြားရှိ၏။ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ လေမုန်တိုင်းကျခြင်းဟူသော ဩကာသလောက၏ အန္တရာယ်များရှိသကဲ့သို့ သတ္တလောက၏ မြွေဘေး၊ ကျားဘေး စသောသက်ရှိသတ္တဝါတို့၏ ဘေးများလည်းရှိ၏။ သင်္ခါရလောက၏ အိုဘေး နာဘေး သေဘေးတို့သည်လည်း ရှိကြပြန်၏။

ဤသို့အားဖြင့် မြောက်မြားစွာသော ဘေးအန္တရာယ်များကြားတွင် ရှင်သန်နေထိုင်ကြရသည့် ကျွန်တော်တို့ လူသားများသည် ကိုးကွယ်မှုအမျိုးမျိုး ဆည်းကပ်မှုအမျိုးမျိုးဖြင့် ဘေးအန္တရာယ်များကို တားဆီးကာကွယ်ကြလေ့ရှိကြသည်။

အသက်ရှင်သန်နေသမျှ ကာလအချိန်လေးအတွင်းမှာ တစ်ရက်တန်သည် နှစ်ရက်တန်သည် နေရနေရဟူ၍ မိမိတို့၏အန္တရာယ်မှန်သမျှကို မိမိကိုးကွယ်ရာ ယုံကြည်ရာကို အပ်နှံလေ့ရှိကြပြန်သည်။

လူသားများ၏ လူ့သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လိုက်မည်ဆိုလျှင် မိမိတို့၏ နီးစပ်ရာယုံကြည်ရာများကို ကိုးကွယ်လေ့ရှိသည်ကို တွေ့ရပေမည်။

"ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်များဖြင့် အသက်မွေးကြသူများသည် သမုဒ္ဒရာစောင့်နတ်၊ ပင်လယ်စောင့်နတ်ဟူ၍ စသည်အားဖြင့် ပညတ်အမျိုးမျိုးတပ်၍ ကိုးကွယ်လေ့ရှိသည်ကို တွေ့ရ၏။ ထို့အတူ တောတောင်များဖြင့် အသက်မွေးကြသူများသည်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်ဟူ၍ အမည်နာမပညတ်အမျိုးမျိုးတပ်၍ ကိုးကွယ်ကြပြန်သည်။ လယ်ယာစိုက်ပျိုး၍ သက်မွေးဝမ်းကျောင်းပြုသူများသည်ပင်လျှင် နတ်များ စသည်အားဖြင့် ကိုးကွယ်ကြ ပူဇော်ပသကြသည်ကိုတွေ့ပြန်သည်။

ဤသို့ဖြင့် ကိုးကွယ်မှုအမျိုးမျိုးရှိကြသော်လည်း ကျွန်တော်တို့ လူသားများ၏ ယုံကြည်ချက်က အတူတူပင်ဖြစ်၏။ အန္တရာယ်ကင်းလို၍ ကိုးကွယ်ကြသည်။ ဆုလာဘ်လို၍ ကိုးကွယ်ကြသည်။ အတူတူပင်ဖြစ်၏။

မြတ်စွာဘုရားရှင်က ဤသို့ ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်လို့ မိန့်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် မကိုးကွယ်အပ် မဆည်းကပ်အပ်သာ ကိုးကွယ်ခြင်းများကို ဟောကြားတော်မူထားသည်။

"အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲအမှန်ဖြစ်သော "ဒုက္ခသစ္စာ"၊ ဆင်းရဲခြင်း၏ အကြောင်းအရင်းအမှန်ဖြစ်သော "သမုဒယသစ္စာ"၊ ဆင်းရဲလွတ်မြောက်ရာအမှန် "နိရောဓသစ္စာ"၊ ဆင်းရဲငြိမ်းရာ "နိဗ္ဗာန်"သို့ ရောက်ကြောင်းအမှန်၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော "မဂ္ဂသစ္စာ" ဟူသောအရိယသစ္စာလေးပါးတို့ကို မဂ်ပညာဖြင့် ကောင်းစွာသိနိုင်မြင်နိုင်၏ မိန့်တော်မူထားသည်။

ထို့ကြောင့် "တော တောင် အာရာမ် အဓိကရုက္ခစေတီစသော ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်သောကြောင့် ကိုးကွယ်မှုမမှန်လျှင် သံသရာဝဲဩဃထဲမှာ အိုခြင်း နာခြင်း သေခြင်းဟူသမျှသည် ကျွန်တော်တို့လူသားများအဖို့ အမြဲနှိပ်စက်၍နေမည်မှာ မလွဲချေ။


ဒုက္ခခပ်သိမ်းအပေါင်းတို့မှ လွတ်မြောက်နိုင်သည့်တရားတော်သည် ရှိ၏။ ထို့ကြောင့် ထိုတရားတော်တို့သည် ကိုးကွယ်သင့်၏ ကိုးကွယ်ထိုက် ဆည်းကပ်သင့်ဆည်းကပ်ထိုက်၏။

မြတ်စွာဘုရားက ဘုရား တရား သံဃာ တည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဘေးမရှိသော ကိုးကွယ်ခြင်းမည်၏။ မြတ်သော ကိုးကွယ်ခြင်းလည်းမည်သလို ဒုက္ခခပ်သိမ်းမှ လွတ်မြောက်နိုင်၏။ မြတ်သောကိုးကွယ်ဆည်းကပ်ခြင်းနှင့် မကိုးကွယ်မဆည်းကပ်သင့်သည်ကို ခွဲခြားပြတော်မူခဲ့၏။

ကျွန်တော်တို့ လူသားများသည်လည်း ဤသို့ ကိုးကွယ်ခြင်းဆည်းကပ်ခြင်းများဖြင့် သံသရာခရီးကိုကျင်လည်နေကြပေ၏။ သံသရာမဆုံးသရွေ့ ပြေးလွှားနေကြမည်ဖြစ်သလို သံသရာခရီးတစ်လျှောက်တွင်လည်း လူဖြစ်လျှင် လူချမ်းသာ၊ နတ်ဖြစ်လျှင် နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်လျှင် ဗြဟ္မာချမ်းသာများကို ရရှိနိုင်ဖို့ဆိုလျှင် ကိုးကွယ်ခြင်းသည်လည်း မှန်ကန်ဖို့လိုအပ်ပေ၏။ ထိုသို့ကိုးကွယ်မှန်မှသာလျှင် လောကီချမ်းသာသုခများရရှိနိုင်သလို မဂ်ဖိုလ်နိဗ္ဗာန်ထိလည်း မျက်မှောက်ပြုနိုင်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

ဝတ္ထုတို

## ချောင်ကြိုးဖွဲ့ လိပ်ပြာ



လင်းယုန်ဇော်

မိုးစက်တွေကလမ်းပေါ်မှာ အဆက်မပြတ်ရွာသွန်းနေသည်။ အခုလိုမိုးရေထဲမှာ ဆိုင်ကယ်စီးရတာ သူအနှစ်သက်ဆုံးဖြစ်သည်။

ဘဝအခြေအနေအရ သူကယ်ရီဆွဲနေရသော်လည်း သူဆိုင်ကယ်ကို အလွန်မြတ်နိုးသူတစ်ယောက်ဖြစ်သည်။

သူငယ်ချင်းတွေက သူ့ကို ဆိုင်ကယ်ဆရာကြီးဟုခေါ်ကြသည်။

သူကလည်း ဆိုင်ကယ်နဲ့ပတ်သက်ရင် မသိတာခပ်ရှားရှားရယ်။ ဆိုင်ကယ်စီးကျွမ်းကျင်မှုက နိုင်ငံခြားကားတွေထဲက စတန့်မင်းသားတွေပင် ဩချရလောက်သူ။

ဆိုင်ကယ်အမောင်းကြမ်းလို့လည်း သူငယ်ချင်းတွေကပင် မကြာခဏ ဖြည်းဖြည်းမောင်းပါကွာဟု တားမြစ်ကြသည်။

ကယ်ရီဆွဲနေပေမယ့် သူမဟုတ်တာမလုပ်တာ သူအသိဆုံးဖြစ်သည်။ ဘယ်တော့မှ သူများအထင်သေးမည့်အလုပ်မျိုး သူမလုပ်၊ ရိုးသားစွာ ရှာဖွေစားသောက်သည်။

ဈေးကို တန်ရာတန်ကြေးသာယူသည်။ စီးသူအပေါ်စေတနာထားသည်။

စီးသူသည် ကိုယ့်ထမင်းရှင်ဟု သတ်မှတ်ထားသည်။

လမ်းပေါ်မှာကားရှင်းနေသဖြင့် သူ့ဆိုင်ကယ်ကို ဂီယာချိန်းပြီး အရှိန်တင်လိုက်သည်။

မိုးအရှိန်ကြောင့်ထင်သည် အေးမြစိုစွတ်သောလေထုက သူ့ကိုကြိုဆိုသည်။

အရှိန်ပြင်းပြင်းမောင်းသော်လည်း သူသတိမလစ်ရဲ။

ခပ်လှမ်းလှမ်းမှာ လူရိပ်တစ်ခုတွေ့လိုက်သည်။

ဆိုင်ကယ်မီးရောင်အောက်မှာ လက်လှမ်းတားနေသည်ကို သူတွေ့လိုက်ရသည်။ အရှိန်လျှော့ဘရိတ်အုပ်ရင်း ထိုအရိပ်နား သူရပ်လိုက်တော့ အေးစက်သော အတွေ့တစ်ခုက သူ့ကိုလာဟပ်သည်။

"ဆိုင်ကယ်အားလားညီလေး"

အေးစက်သော ထိုလူ့အသံက ဆိုင်ကယ်အသံကိုကျော်လျက် သူ့နားယံကို ထိုးဖောက်သည်။

မေးခွန်းကို ပြန်မဖြေခင်မှာပင် ထိုလူက ဆိုင်ကယ်နောက်ခွတက်နေပြီ။

"အိ" ခနဲဖြစ်သွားသောဆိုင်ကယ်က လေးလံလွန်းသောအရာတစ်ခုကို တင်လိုက်ရသည့်အလား…။

"ငါ့ကိုဂိတ်ဟောင်းကိုပို့ပေး"

"သူခေါင်းညိတ်ပြပြီး ဆိုင်ကယ်ကို စထွက်လိုက်သည်။ အဆွဲအရှန်းကောင်းသော ဆိုင်ကယ်က သိပ်ပြီးမဆွဲချင်သလိုလို လေးလံနေသည်။

ဘာဖြစ်တာလဲဟု စိတ်ထဲတွေးထင်နေမိသည်။

"မင်းကဆိုင်ကယ်မောင်းကျွမ်းသားပဲ၊ ငါလည်းတစ်ချိန်က မင်းလိုဆိုင်ကယ်မောင်းတအားကျွမ်းခဲ့တာ"

"အခုဘာလို့မမောင်းတာလဲ" ဟု သူမေးတော့

"ဆိုင်ကယ်က ကားနဲ့တိုက်ပြီး စုတ်ပျက်သွားလို့လေ၊ တော်သေးတာပေါ့ကွာ လူကဘာမှမဖြစ်လို့"

သူဘာမှပြန်မပြောဘဲ ဆိုင်ကယ်ကိုဂရုတစိုက်မောင်းနှင်နေလိုက်သည်။

ဆိုင်ကယ်က အရှိန်ဖြင့်တဖြည်းဖြည်း ဂိတ်ဟောင်းနားရောက်တော့မည်။ ဒီနေရာမှာ လွန်ခဲ့သောတစ်ပတ်က ဆိုင်ကယ်နှင့်ကားတစ်စီးတိုက်မိရာ ဆိုင်ကယ်သမားမှာ ပွဲချင်းပြီးသေဆုံးသွားကြောင်း သူသိထားသည်။ မကြာခဏ တိုက်တတ်မှောက်တတ်သောနေရာဖြစ်သည်။

ထိုစဉ်… တစ်ဖက်က ဆိုင်ကယ်တစ်စီး အပြင်းမောင်းနှင်လာသည်။ ထိုဆိုင်ကယ်မှာ ကားတစ်စီးကိုအတင်းကျော်တက်လာကာ မျက်နှာချင်းဆိုင်မို့ သူ လွတ်အောင်မနည်းရှောင်လိုက်ရသည်။ ပါးစပ်ကလည်း ထိုဆိုင်ကယ်သမားကို လှမ်းဆဲပစ်လိုက်မိသည်။ တစ်ဖက်ကကြားဟန်မတူ၊ သူ့ကို လှည့်ပင်ကြည့်မသွားချေ။ သူ့နောက်ကလူကို အားနာသွားသည်။ ဘာပဲဖြစ်ဖြစ် တောင်းပန်ရန်လှည့်ကြည့်လိုက်တော့….

"ဟင်"

သူအံ့အားသင့်သွားသည်။ အစောကဆိုင်ကယ်နောက်မှာလိုက်ပါလျက် ဂိတ်ဟောင်းပို့ခိုင်းသူမရှိတော့။

ဘယ်ရောက်သွားပါလိမ့်….။

အတွေးမဆုံးခင် သူခေါင်းနပန်းကြီးသွားသည်။ ဆံပင်တွေထောင်ကာ ကြက်သီးမွေးညင်းထကုန်သည်။

သူ သရဲအခြောက်ခံလိုက်ရပြီလားဟု….

ထိုနေရာမှ ဆိုင်ကယ်ကိုအမြန်ဆုံးမောင်းထွက်ခဲ့တော့သည်။

ဒီနေ့…

သူ…ဆိုင်ကယ်ဂိတ်မှာလည်း ဆွဲမကောင်းဖြစ်နေသည်။

ယုတ်စွအဆုံး ဈေးဦးပင်မပေါက်သေး ..။

စိတ်ညစ်လာသည်။ ဘေးကလူတွေကို ကယ်ရီသမားတွေနှင့် အပြိုင်ခေါ်နေတာပဲဖြစ်သည်။ သို့သော် လူတွေကကယ်ရီသမားတွေအပေါ်သာ တက်စီးသွားကြသည်။ သူ့ဆိုင်ကယ်ကိုတော့ တစ်ယောက်မှ မစီးကြ။

သူစိတ်ညစ်ညစ်ဖြင့် ထုံးစံအတိုင်း ဘုံဆိုင်လေးထဲသို့ ခြေလှမ်းပြင်လိုက်သည် ။

သောက်နေကျ သောက်ဖော်စားဖက်တွေ မရောက်ကြသေးသော်လည်း ဆိုင်လေးကလူတွေကျနေသည်။

အမြည်းမှာသူ၊ အရက်မှာသူတွေနှင့် စည်ကားနေသည်။

သူ..ထောင့်ကျကျ စားပွဲလေးကိုရွေးချယ်လိုက်သည်။

အနားကဖြတ်လျှောက်သွားသော စားပွဲထိုးလေးကို သူသောက်နေကျအတိုင်း အရက်နှင့်အမြည်း လှမ်းမှာလိုက်သည်။

ကောင်တာအပေါ်ရှိတီဗွီမှ သူကြိုက်သောမင်းသားဂျေဆင်စတန်၏ Transformers ဇာတ်ကားလာနေ၍ သူငေးကြည့်နေမိသည်။

သူ့အနားတွင် လူတွေ ဝင်လာလိုက်ကြ၊ သောက်စရာရှိတာတွေသောက်ကြနှင့် ဆိုင်လေးက စည်ကားနေသည်။

သူမှာထားတာတွေက ရောက်မလာသေး …။

ဆိုင်မှာလူကျနေလို့ပဲလေဟု တွေးထင်သည်။ သူကဒီဆိုင်လေးရဲ့ အမြဲတမ်းဖောက်သည်မို့ တခြားလူတွေကို ဦးစားပေးနေခြင်းဖြစ်မည်လေ။

သို့သော်…

ဇာတ်ကားပြီးသွားချိန်ထိ သူမှာထားတာတွေလာမချသေး။ သူစိတ်တိုလာသည်။ အကြွေးသောက်မှာသိလို့ပဲ တမင်လာမချသေးတာလား …။

သူအနည်းငယ် တင်းလာပြီဖြစ်သည်။ ဆိုင်ကယ်ဆွဲမကောင်းရတဲ့အထဲ ဆိုင်ပိုင်ရှင်ရဲ့အပြုအမူတွေက သူစိမ်းဆန်နေပြန်သည်။

သူစိတ်ထဲရှိတာ အော်ဟစ်ပစ်ခဲ့သည်။ နောက်ခင်ဗျားဆိုင်ဘယ်တော့မှမသောက်ဘူးဟု ကြမ်းတမ်းစွာပြောပစ်လိုက်သည်။ ဆိုင်ရှင်ကတော့ ထုံးစံအတိုင်းအပြုံးဖြင့် လူတွေကိုဧည့်ခံနေလျက် ….။ သူပြောနေတာပဲမကြားသလိုလို။

သူ ဆိုင်ကယ်ကို တရကြမ်းမောင်း၍ အိမ်ကိုပြန်ခဲ့တော့သည် ။

တီ……တီ……တီ……

ဟွန်းကို အဆက်မပြတ်တီးပစ်လိုက်သည်။

ဒီအချိန်သူပြန်ရောက်နေကျ၊ အမေထွက်မျှော်နေကျလေ။ အမေစိတ်ပူနေမလား ။

စိတ်အထင်နှင့် ခြံအပြင်ကနေ အိမ်ထဲကို လှမ်းငေးမိသည်။

ဘယ်သူမှထွက်မလာကြ၊ အိမ်သားတွေဘယ်ရောက်ကုန်လဲ။

ထိုစဉ်…။

အမေထွက်လာပြီး လမ်းမပေါ်ငေးကာတစ်စုံတစ်ရာကို မျှော်နေသည်ကို သူတွေ့လိုက်သည်။ သူ့ကိုအမေမျှော်နေတာသိလိုက်ရ၍ ရင်ထဲမှာအပျော်စိတ်လေးဝင်မိသည်။

အမေ့ကို စနောက်လိုက်မည်ဟုအတွေးဖြင့်

"အမေ……….''ဟု

သူ..အားရဝမ်းသာ လှမ်းအော်ခေါ်လိုက်သည်။ အမေကကြားဟန်မတူ ..။ သူထပ်၍အော်ခေါ်လိုက်မိသည်။

"အမေ …..သားဒီမှာလေ၊ အမေ …သားပြန်လာပြီလေ..ထမင်းစားကြမယ်လေ..အမေရေ.."

သူ့နှုတ်က တတွတ်တွတ်နဲ့ပြောနေသော်လည်း အမေမကြား ..လမ်းမပေါ်သာငေးလျက် သူ့ကိုမမြင်..။

အမေ..သူပြောနေတာကို တမင်သက်သက်မကြားချင်ယောင်ဆောင်တာဟု အတွေးဝင်သည်။

အိမ်ထဲမှ သူ့ညီမလေးထွက်လာသည်ကို မြင်လိုက်ရသည် ။

"ညီမလေး…ဟေ့..ငါပြန်လာပြီလေ…ထမင်းခူးတော့ဟာ..ငါဗိုက်ဆာလာတယ်…."

"………….''

"တောက်..နားတော်တော်လေးတဲ့ညီမပဲ…"

သူဒေါသထွက်လျက် ညီမဖြစ်သူနှင့်အမေဖြစ်သူနား အပြေးသွားလိုက်သည်။ သူတို့အနားသို့အရောက်တွင်…

အမေ့ကိုဖေးကူလျက် ညီမလေးဖြစ်သူ ပြောလိုက်တဲ့စကားကြောင့် သူအံ့ဩထိတ်လန့်သွားခဲ့ရလေတော့သည်။

"အမေရယ်… အစ်ကိုကြီးဆုံးတာတစ်ပတ်ပြည့်တော့မယ်၊ ဒီအချိန်ဆိုထွက်ထွက်ကြည့်ရတာအမော.. သမီးလည်းအစ်ကိုကြီးကို သတိရနေတာပါပဲ အမေရယ်…. လာပါ… မနက်ကျရင်အစ်ကိုကြီးရက်လည်ဆွမ်းကပ်ရဦးမယ်လေ၊ အိပ်တော့နော် အစ်ကိုကြီးရေ..အမျှ ..အမျှ..အမျှ …" တဲ့လေ။

**ထိုစဉ်… တစ်ဖက်က ဆိုင်ကယ်တစ်စီး အပြင်းမောင်းနှင်လာသည်။ ထိုဆိုင်ကယ်မှာ ကားတစ်စီးကို အတင်းကျော်တက်လာကာ မျက်နှာချင်းဆိုင်မို့ သူလွတ်အောင်မနည်းရှောင်လိုက်ရသည်။ ပါးစပ်ကလည်း ထိုဆိုင်ကယ်သမားကို လှမ်းဆဲပစ်လိုက်မိသည်။ တစ်ဖက်ကကြားဟန်မတူ၊ သူ့ကို လှည့်ပင်ကြည့်မသွားချေ။ သူ့နောက်ကလူကို အားနာသွားသည်။ ဘာပဲဖြစ်ဖြစ် တောင်းပန်ရန်လှည့်ကြည့်လိုက်တော့ . . . .**

## မြစ်မင်းရော

မြစ်ရော သူ့အလှ
စခဲ့ပေါ့ ကချင်မြေ။
မြစ်နှစ်မြွာ ပေါင်းစုံတွေ့
ပျော်မွေ့ဌာနေ။
မေခနဲ့ မလိခလေ
စီးဆင်းပေ ငြိမ့်ငြိမ့်ညင်း။
ပြည်တစ်ခွင် ခရီးပေါက်အောင်ဖြင့်
တောင်မြောက်သွယ်ဆင်း။
မြစ်ကျဉ်းနဲ့ မြေနုကျွန်း
ဖြစ်ထွန်းလို့ တည်ရှိလာ။
သီးနှံရယ် ပုစွန်ငါး
ပေါများစုံစွာ။
သွားလာလို့ လွယ်ကူလာ
သယ်ယူကာ ပို့ဆောင်ရေး။
ရေကြောင်းကို အသုံးပြု
ပြည်သူ့(အ)တွက်လေး။
တို့ပြည်သူ တို့လူထုတွက်
အကျိုးပြု မြစ်ရော
အလှဝေဖြာ။
ခိုကိုးလို့ အားထားရာ
တို့ပြည်ရွာ အသက်သွေး။
အနှစ်ဖွေရှာ
မြစ်ရော အလှတရားကိုလ
တင်စားဖွဲ့ရေး။

ဖြူဖြူစုလွင်(ပညာရေး)

## မျိုးဆက်သစ်တို့အားမာန်

မျိုးဆက်သစ်ရဲ့ ပျိုးခင်းမှာ
ပျော်ရွှင်ကြည်နူးစွာ၊
စာကဗျာတွေ ရေးသီကြ
ကလောင်များစုံလှ။
သုတ ရသ စုံလင်နေ
ကောင်းကျိုးအထွေထွေ၊
မြန်မာ့စာပေ တိုးတက်ရေး
ကလောင်လက်ရည်သွေး။
မွေးထုတ်ပေးလို့ ဂုဏ်ယူဖွယ်
မျိုးဆက်သစ်လူငယ်၊
အနာဂတ်ဝယ် ကလောင်များ
ထွန်းတောက်ရစေသား။
ကလောင်သွားနဲ့ တိုင်းပြည်ကို
အကျိုးပြုရန်လို၊
စာပေဂုဏ်ဆို မြှင့်တင်လို့
ရေးသားကြပါစို့။ ။

မောင်လူစိုး

ဆောင်းပါး

# စာကြည့်တိုက်အတွင်းက ပီတိအလင်း

■ ရွှေရောင်ထွဏ်း(ကန့်ဘလူ)

စာရေးသူ ဇာတိရွာကိုပြန်ရောက်တိုင်း စာကြည့်တိုက် နေ့စဉ်စောင့်ရတဲ့ တာဝန်ရှိပါတယ်။ တာဝန်ရှိတယ် ဆိုတာထက် ဝါသနာကြောင့်လို့ ပြောရပါမယ်။ စာကြည့်တိုက်စောင့်ခြင်းဟာ စာပေဝါသနာပါသူတို့ သာလျှင် စိတ်ဝင်စားကျေနပ်နေကြလိမ့်မယ်လို့ ယူဆမိပါတယ်။ စာရေးသူဟာ နံနက် ၇ နာရီထိုးပြီ ဆိုတာနဲ့ စာကြည့်တိုက်ကိုရောက်ပြီး စာကြည့်တိုက် ဖွင့်၊ ပါလာတဲ့ လက်ပ်တော့ထဲမှ စာပေဟောပြောတဲ့ ဗီဒီယိုဖိုင်တစ်ခုကိုဖွင့်ပြီး တံမြက်စည်းလှည်း၊ ဖရိုဖရဲဖြစ်နေတဲ့ စာအုပ်တွေကိုပြန်စီ၊ ကြက်မွေး တစ်ချောင်းနဲ့ စာအုပ်စင်တွေကို ရှင်းလင်းပေးတာ တွေလုပ်ရင်း စာပေဟောပြောတဲ့ဗီဒီယိုကို နားထောင် လေ့ရှိပါတယ်။ စာကြည့်တိုက်အတွင်းကကိစ္စတွေ ပြီးပြီဆိုတာနဲ့ စာကြည့်တိုက်ဘေးက ပန်းပင်လေး တွေ ရေလောင်း၊ မြက်ပင်ပေါင်းပင်လေးတွေကိုနုတ် တကုပ်ကုပ်နဲ့ အလုပ်ရှုပ်နေတတ်ပါတယ်။ အလုပ် ကိစ္စတွေအားလုံးပြီးပြီဆိုရင် နံပါတ်စဉ်မကျတဲ့စာအုပ် တွေကို ပြန်စီရပါတယ်။ စာအုပ်စင်တွေမှာ ဘာသာရေးစာပေကဏ္ဍ၊ ရသစာပေကဏ္ဍ၊ ဝတ္ထု စာပေကဏ္ဍ၊ ရုပ်ပြစာပေကဏ္ဍ၊ ကာတွန်းစာပေကဏ္ဍ၊ ပုံပြင်စာပေကဏ္ဍ၊ ဂျာနယ်စာပေကဏ္ဍ၊ သတင်းစာပေ ကဏ္ဍဆိုပြီး ကဏ္ဍအလိုက် ခွဲခြားထားတော့ စာအုပ် တွေ စီရတာ အဆင်ပြေလှပါတယ်။ ဘာသာရေးစာပေ ကဏ္ဍတစ်ခုက စာအုပ်နံပါတ်တွေစိစစ်လို့ တစ်နေ့ တည်းမပြီးရင် တခြားကဏ္ဍက စာအုပ်တွေကို နောက်ရက် ဆက်လုပ်ရပါတယ်။ အခုလိုလုပ်ဆောင် ရတာက စာရေးသူ စာကြည့်တိုက်စောင့်ရတဲ့ရက် တိုင်း နေ့စဉ်လုပ်ရတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။

ဒီလိုနဲ့ စာအုပ်တွေကိုစီရင်း ကိုယ်နှစ်သက်တဲ့ စာအုပ်တစ်အုပ်ကိုဆွဲယူ စာအုပ်မဖတ်ခင် ကော်ဖီ တစ်ခွက်ဖျော်ပြီး ကော်ဖီသောက်ရင်း စာဖတ်တဲ့ အကျင့်တစ်ခုရှိပါတယ်။ စာအုပ်လာငှားတဲ့သူလာပြီ ဆိုရင် စာရင်းစာအုပ်ထဲရေးမှတ် ငှားရမ်းသူရဲ့နာမည်၊ မိဘအမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် ဒီအချက် ငါးချက်ကို အမြဲတောင်းယူထားရစမြဲပါ။ အချို့သော စာအုပ်ငှားသူတွေက ဖုန်းနံပါတ်မပြောချင်ကြဘူး။ ဘာအတွက် ဖုန်းနံပါက်ယူရတာလဲဆိုတဲ့ မေးခွန်း တစ်ခုကို အမြဲဖြေပေးရပါတယ်။ အချို့ စာအုပ် ငှားသူတွေကလည်း ငှားပြီးစာအုပ်တွေ ပြန်မရောက် တာတွေရှိနေတော့ ခုနစ်ရက်တစ်ပတ်အတွင်း ပြန်လာမပို့ရင် ဖုန်းဆက်ပြီး ပြန်လာပို့ပေးဖို့အတွက် မေတ္တာရပ်ခံရပါတယ်။ ဖုန်းနံပါတ် မသိတဲ့သူတွေ ရှိပါက ကိုယ်တိုင်ဖြစ်စေ၊ လူကြုံဖြစ်စေ စာအုပ်လာပို့ ဖို့ မေတ္တာရပ်ခံရပါတယ်။

ဒီလိုနည်းစနစ်ကျကျ လုပ်ဆောင်တာက စာကြည့်တိုက် ရေရှည်တည်တံ့ဖို့အတွက်ရယ်၊ စာအုပ်စာပေတွေ မပျောက်ပျက်ဖို့သာ ဖြစ်ပါတယ်။ စာရေးသူ စာဖတ်ရတာကြာလာရင် အရေးဘက်ကို ပြောင်းပြီး ဦးစားပေးမှုတစ်ခု ပြုလုပ်ပါတယ်။ စာရေးရတာကြာလာရင် ခဏရပ်ပြီး လက်ပ်တော့နဲ့ အင်တာနက်ဖွင့်ပြီး ဟာဒယရွှင်ဆေးဖြစ်တဲ့ ဟာသ ဇာတ်လမ်းတွေကို ကြည့်တတ်ပါတယ်။ စာရေးသူ ဇာတိရွာကိုပြန်ရောက်တိုင်း တန်ခူးလသင်္ကြန်ပွဲတော် အပြီး နှစ်ရက်၊ သုံးရက်ဆို ပြန်ရောက်လေ့ရှိပါတယ်။ အစိုးရကျောင်းတွေ ပိတ်တဲ့ရာသီတစ်ခုဖြစ်တာ ကြောင့် စာအုပ်လာငှားတဲ့သူအများစုမှာ ကျောင်းသူ ကျောင်းသားလေးတွေက ပိုများပါတယ်။ အခုလို ကျောင်းသူ ကျောင်းသားလေးတွေ လာငှားတာဟာ ဇာတိရွာရဲ့ အင်မတန်ဝမ်းသာစရာ ကောင်းတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ မြို့နယ်တိုင်း မြို့နယ်တိုင်း၊ ရပ်ရွာတိုင်း ရပ်ရွာတိုင်း ဒီလိုစာပေ လေ့လာဖတ်ရှုတဲ့ လူငယ်တွေ အများအပြားရှိနေရင် အလွန်အမင်း ဝမ်းသာမိမှာ မလွဲပါ။ ကျေးရွာစာကြည့်တိုက်မှာ အများဆုံးငှားရတဲ့စာအုပ်တွေက ပုံပြင်စာအုပ်၊ ကာတွန်းဂျာနယ်တွေနှင့် ဘာသာရေးရုပ်ပြစာအုပ် တွေ အများဆုံးငှားပေးရပါတယ်။ ပုံပြင်စာအုပ်၊ ကာတွန်းဂျာနယ်နဲ့ ဘာသာရေးရုပ်ပြစာအုပ်တွေက ကလေးငယ်တွေ အနှစ်သက်ဆုံးစာပေ ဖြစ်ပါတယ်။ အချို့သော ကလေးငယ်တွေက စာအုပ် ကို မငှားဘဲ စာကြည့်တိုက်ထဲမှာသာ ထိုင်ဖတ်လေ့ ရှိပါတယ်။ အခုလိုစာကြည့်တိုက်အတွင်း စာလာဖတ်တဲ့ ကလေးငယ်တွေကို မုန့်ဝယ်ကျွေးတာ၊ အအေး တိုက်တာ စတဲ့အစားသောက်တွေနဲ့လည်း ကျွေးမွေး ဧည့်ခံပေးပါတယ်။ အချို့စေတနာရှင်တွေက စာကြည့်တိုက်စောင့်တဲ့သူအတွက် စားဖွယ် သောက်ဖွယ်တွေ လာပို့ပေးတာတွေလည်း မကြာ ခဏ ရှိတတ်ပါတယ်။ လူလတ်ပိုင်းအများစု ငှားတဲ့စာအုပ်တွေက ဝတ္ထုစာအုပ်နဲ့ ရသစာအုပ်တွေ ဖြစ်ပါတယ်။ ဘာသာရေးစာအုပ်တွေကို လူကြီးပိုင်း ကသာ အများစုငှားပြီး လူလတ်ပိုင်းက တစ်ဦး တစ်လေပဲ ကြုံရပါတယ်။ တစ်ရက်ကို စာအုပ် လာငှားသူ ပုံမှန်ဦးရေ အတိအကျမရှိပေမယ့်လည်း တစ်ရက်ကို လေးဦးငါးဦးအမြဲရှိနေတာကြောင့် စာကြည့်တိုက်စောင့်သူအတွက် ကျေနပ်အားရ ပျော်ရွှင်မိပါတယ်။ နေ့စဉ်နေ့တိုင်း စာလာဖတ်သူ ကျောင်းသူ ကျောင်းသားလေးတွေ ရှိနေသေးတော့ ပိုပြီးပီတိဖြစ်ရပါတယ်။

အစိုးရကျောင်းဖွင့်တဲ့ကာလ ရောက်ချိန်ဆိုရင် ကျောင်းသူ ကျောင်းသားတွေက အတန်းပညာ ဆည်းပူးသင်ယူနေကြတော့ ကျောင်းစာမဟုတ်တဲ့ ပြင်ပဗဟုသုတစာပေတွေကို လေ့လာဖို့အတွက် အချိန်သိပ်မရကြပေ။ အတန်းကျောင်းတက်ရ ကျူရှင်တက်ရနဲ့ ကျောင်းနဲ့ ကျူရှင်၊ ကျူရှင်နဲ့ ကျောင်း နပန်းလုံးနေရတဲ့ အချိန်ဖြစ်နေတယ်။ သို့အတွက် ကြောင့် ပြင်ပဗဟုသုစာပေတွေ အလေးပေးပြီး လေ့လာဖတ်ရှုဖို့ မလွယ်ကူကြပါဘူး။ အစိုးရကျောင်း ဖွင့်ချိန်မှာ စာကြည့်တိုက်ကို ကျောင်းသူ ကျောင်းသား လေးတွေ စာအုပ်လာငှားတာ၊ စာပေလာရောက် ဖတ်ရှုတာတွေ နည်းပါးသွားတတ်ပါတယ်။ အတန်း ပညာရေးဆိုသည်မှာလည်း ဘဝအနာဂတ်အတွက် အရေးကြီးဆုံးသော ပန်းတိုင်တစ်ခုဖြစ်ပါတယ်။ ဒါကို အပြစ်မြင်လို့တော့ မရပါ။ သို့သော်လည်း အချို့သော ကလေးငယ်တွေက စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာတော့ စာကြည့်တိုက်ကို စာအုပ် တွေ လာငှားတာနဲ့ စာပေဖတ်ရှုတာတွေရှိနေတာက စာကြည့်တိုက်စောင့်သူအတွက် ပီတိဖြစ်ရပြန်ပါ တယ်။ စနေ၊ တနင်္ဂနွေ နှစ်ရက်တာကျောင်းပိတ်ရက် လေးမှာပြင်ပဗဟုသုတစာပေတွေ လေ့လာဖို့အတွက် စာအုပ်ငှားတာ၊ လာရောက်လေ့လာဖတ်ရတဲ့ အပြုအမူတွေက လေးစားစရာကောင်းလှပါတယ်။ အတန်းသင်ခန်းစာတွေနဲ့အတူ ကျူရှင်နဲ့ ကျောင်း၊ ကျောင်းနဲ့ ကျူရှင် ရှုပ်ထွေးနေရချိန်ဖြစ်နေပေမယ့် ပြင်ပဗဟုသုတစာပေတွေ လေ့လာဖတ်ရှုဖို့အတွက် လာရောက်ငှားရမ်းဖတ်ရှုနေခြင်းသည်ကား စာကြည့် တိုက် စောင့်သူအဖို့ ကျေးဇူးတင်ဝမ်းမြောက် ပီတိ အလင်းတွေ တောက်ပနေပါတော့တယ်။ ။

## မိုးလရာသီ

နွေအပူ အေးပြီမို့
မိုးစက်လေး လေချိုမွှေ၊
တို့နိုင်ငံ နယ်တစ်ဝန်း
အေးချမ်းဖို့လေ။
စဉ်အမြဲ မေတ္တာခြွေ
သာစေမာစေကြောင်း၊
မိုးပြာပြာ အာကာအောက်မှာလ
ကပ်ရောဂါ အကုန်ပျောက်ပါလို့
တစ်ယောက်မကျန် ဘေးရန်စဲ
မြဲပါ့ ဆုတောင်း။
နယ်ရှစ်ခွင် အုပ်ကာဆိုင်း
မှိုင်းမှိုင်းရယ် မှုန်မှုန်ရီ၊
မိုးလရာသီ။
သီးနှံစုံ အထွက်တိုးစေဖို့
စိုက်ပျိုးတဲ့ အားအင်ချီ
ချိန်ခါမီ မိုးရွာဖြိုး၊
လယ်ယာမြေ စိမ်းစိုလန်း
အေးချမ်းစေရိုး။ ။

နှင်းဇာခြည်မြင့်(ရွှေကျွန်းမြေ)

## မိုးဦးကာလ တောသဘာဝ

မိုးဦးအစ မှုန်ပြာရီ
ရှုတိုင်းလှပေသည်။
ထက်ကောင်းကင်ဆီ အံ့ကာမည်း
ဂျိုးဂျိမ်းညံမစဲ။
ခမောက်ကိုဆွဲ ဟန်ရေးပြင်
လယ်တောသွားဖို့ပင်။
ထွန်တုံးကိုတင် လယ်ပြင်စောင်း
နွားတစ်ရှဉ်းကိုမောင်း။
အဖော်အပေါင်း စုံလင်စွာ
လယ်တောဆင်းလို့လာ။
နုပါးပြင်မှာ ပါးကွက်ကျား
တောသူလုံမေများ။
ဆန်၊ ရေ၊ စပါး ပေါများအောင်
ထမ်းရွက်လို့ရှေ့ဆောင်။
အချိန်မှန်အောင် ရွာပါမိုး
သီးနှံအထွက်တိုး။

ထွန်းလူ(မလှိုင်)

# လေ့လာစရာ အင်္ဂလိပ်စာ

ကြေးမုံ
အထူးကဏ္ဍ

ဇူလိုင် ၄၊ ၂၀၂၁ (တနင်္ဂနွေနေ့)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

အခုအပတ်မှာ **Unit 2 Lesson 1 : Tell me about you!** နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။ ဒီသင်ခန်းစာမှာ **ဝါသနာနဲ့ရည်မှန်းချက်**စကားလုံးဝေါဟာရတွေကို သိရှိနားလည်ဖို့နဲ့ ကိုယ်ရေးအချက်အလက်တွေကို မေးမြန်း၊ ပြောဆိုတတ်ဖို့ အဓိကရည်ရွယ်ထားပါတယ်။

